မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၁၁၀)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီ ၁၈ ရက်၊ စနေနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

ကိုရီးယားနိုင်ငံမှ အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများ လာရောက်လုပ်ကိုင်ခွင့်ရရှိရေး ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်၏ နိုင်ငံခြားရေးနှင့် ပေါင်းစည်းရေးကော်မတီဥက္ကဋ္ဌ H.E. Mr.AHN, Hong-Joon ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် ကိုရီးယားနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အတွေ့အကြုံများ မျှဝေသွားရေး၊ ကိုရီးယားကုမ္ပဏီများ ပိုမိုလာရောက်ရင်းနှီးမြှုပ်နှံမှုပြုရေး၊ ပညာရေး၊ နည်းပညာဆိုင်ရာအကူအညီများပေးရေး၊ ကိုရီးယားနိုင်ငံမှ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ လာရောက်လုပ်ကိုင်ခွင့်ရရှိရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယင်းတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်၏ နိုင်ငံခြားရေးနှင့် ပေါင်းစည်းရေးကော်မတီဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီးလည်း တက်ရောက်သည်။

ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်၏ နိုင်ငံခြားရေးနှင့် ပေါင်းစည်းရေးကော်မတီဥက္ကဋ္ဌ၏ ခရီးစဉ်တွင် Korea International Cooperation Agency (KOICA) မှ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ လိုက်ပါလာပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေးဆိုင်ရာကဏ္ဍများတွင် ကူညီဆောင်ရွက်ပေးနိုင်ရေးတို့အတွက် လေ့လာသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဘက်စုံဖွံ့ဖြိုးတိုးတက်လာတော့မည့် သံဖြူဇရပ်

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ
ခရမ်းစိုးမြင့်

သံဖြူဇရပ်မြို့နယ်သည် မြောက်လတ္တီကျူ ၁၆ ဒီဂရီ ၂၄ မိနစ် ၅၇ စက္ကန့်အကြားနှင့် အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၃၇ မိနစ်နှင့် ၅၉ မိနစ်အကြားတွင်ရှိပြီး မွန်ပြည်နယ်၏ မြို့တော် မော်လမြိုင်မြို့၏ တောင်ဘက်မိုင် ၄၀ အကွာတွင် ရှိသည်။

အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၏ ၁၉၇၂ ခုနှစ် ဇူလိုင် ၇ ရက်နေ့စွဲပါ စာအမှတ်-၂၇၂ အရ မော်လမြိုင်ခရိုင်အတွင်းရှိ သံဖြူဇရပ်ကို ကြာကံရပ်ကွက်၊ အောင်ချမ်းသာရပ်ကွက်၊ စက်သစ်ရပ်ကွက်၊ အောင်မင်္ဂလာရပ်ကွက်၊ ဟံသာဝတီရပ်ကွက်၊ အောင်ဇေယျရပ်ကွက်၊ ကျောင်းပိုင်းရပ်ကွက်၊ ကြို့ခိုင်ရေးရပ်ကွက်တို့ဖြင့် မြို့ပေါ်ရပ်ကွက် ရှစ်ခု၊ ကျေးရွာအုပ်စု ၂၆ အုပ်စု၊ ကျေးရွာပေါင်း ၉၂ ရွာဖြင့် မြို့နယ်တစ်ခုအဖြစ် ကြေညာပေးခဲ့သည်။

သံဖြူဇရပ်ပေါ်ပေါက်လာပုံသမိုင်းတွင် မြန်မာမင်းများလက်ထက်က ရွာအဖြစ်မတည်ရှိသေးဘဲ ခရီးသွားများ အနားယူအပန်းဖြေသည့် စခန်းတစ်ခုအဖြစ်သာဖြစ်သည်။ သက္ကရာဇ် ၁၈၇၄ ခုနှစ်တွင် ဒေသ၏ လမ်းဆုံလမ်းခွ၌ ဝါးခရုရွာမှ ဦးမွေး-ဒေါ်မုံ ဇနီးမောင်နှံတို့က ဇရပ်တစ်ဆောင် ဆောက်လုပ် လှူဒါန်းခဲ့ပြီးနောက် သမီးဖြစ်သူ မဂီးယုတ်(ခေါ်) အဖွားယုတ်က ၄င်းမိဘများ ဆောက်လုပ်လှူဒါန်းခဲ့သော ဖက်မိုးဇရပ်ကို သွပ်ဖြူမိုး၍ ပြန်လည်ပြုပြင်ဆောက်လုပ်ခဲ့ရာမှ ထိုဇရပ်ကိုအစွဲပြုပြီး မွန်ဘာသာဖြင့် (ဇြပ်ဗူ)၊ မြန်မာဘာသာဖြင့် (သံဖြူဇရပ်) ဟု ခေါ်ခဲ့ကြခြင်းဖြစ်သည်ဟု သိရသည်။

အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲကြီး ပြီးဆုံးသွားပြီးနောက် ၁၈၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် ချုပ်ဆိုခဲ့သော ရန္တပိုစာချုပ် အပိုဒ်(၄)အရ တနင်္သာရီနှင့် ရခိုင်ဒေသတို့ကို ဗြိတိသျှတို့အား ပေးခဲ့ရသောကြောင့် အရှေ့အိန္ဒိယကုမ္ပဏီသည် ဒေသတွင်းမှ သစ်တောများကို စည်းမဲ့ကမ်းမဲ့ ခုတ်လှဲကာ ကမ္ဘာ့ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့ရာမှ တောပြုန်းပြီး သံဖြူဇရပ် ***စာမျက်နှာ ၁၂ ကော်လံ ၁*** ◆

သံဖြူဇရပ်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်စေမည့် သံဖြူဇရပ်-ဘုရားသုံးဆူ နိုင်ငံတကာဆက်သွယ်ရေးလမ်းမကြီး ဖောက်လုပ်ထားမှုကို ဤသို့ တွေ့ရသည်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

စာတွေ့နှင့်လက်တွေ့

မိမိတို့နေ့စဉ် လုပ်ငန်းဆောင်တာ အဖြာဖြာကို လုပ်ကိုင်ဆောင်ရွက်ကြရာတွင် စာတွေ့နှင့်လက်တွေ့ ပေါင်းစပ်လုပ်ကိုင်နိုင်ရန် အရေးကြီးလှသည်။ စာတွေ့နှင့်လက်တွေ့သည် တစ်ခုနှင့်တစ်ခု အမှီသဟဲပြုနေကြသည်။ စာတွေ့ကိုလက်တွေ့နယ်ပယ်တွင် အသုံးချနိုင်ပါက ပိုမိုအောင်မြင်မှုရရှိမည်ဖြစ်ပါသည်။

စာတွေ့ဆိုသည်မှာ လက်တွေ့လုပ်ကိုင်တွေ့ရှိမှုများအပေါ် အခြေခံပြီးအကောင်းဆုံးရေးသားထားသည့် လုပ်ငန်းလမ်းညွှန်များဟု ဆိုရမည်ဖြစ်ပါသည်။ လက်တွေ့လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် အမှားအယွင်းအတိမ်းအစောင်းမရှိစေရေးအတွက် စာတွေ့က များစွာအထောက်အကူပြုပါသည်။ စာတွေ့ကျေညက်မှ လက်တွေ့ ကောင်းနိုင်ပါသည်။ 'စာတွေ့ထက် ငါတွေ့သာသည်' ဟု ဆိုကြသော်လည်း စာတွေ့သည် လက်တွေ့၏ဆရာဖြစ်သည်။ အဘယ်ကြောင့်ဟူမူ လက်တွေ့လုပ်ငန်းများလုပ်ကိုင်ရာတွင် အမှားအယွင်းမရှိစေရေးအတွက် စာတွေ့က တည့်မတ်ထိန်းကျောင်းပေးနိုင်စွမ်းရှိပါသည်။

သို့သော် လက်တွေ့သမားအချို့က "ကျုပ်တို့တော့ဗျာတစ်သက်လုံး ဒီလိုပဲလုပ်လာကြတာပါ။ ဘာစာတွေ့မှလည်းမရှိပါဘူး" ဟူ၍ ဆိုတတ်ကြသည်။ ထိုသို့လုပ်ကိုင်နိုင်ခြင်းမှာ ဆရာရှိ၍ဖြစ်ပါသည်။ အတွေ့အကြုံရှိသူတစ်ဦးဦးက လုပ်နည်းလုပ်ဟန်များသင်ပေးခြင်းကိုလည်း စာတွေ့ဟုဆိုနိုင်ပါသည်။ ကောက်စိုက်၊ ပျိုးနုတ်၊ ထင်းခွေ၊ ရေခပ်၊ ဈေးရောင်းဟူသောအလုပ်တို့တွင် ဆရာမရှိဟု မဆိုနိုင်ပါ။ မည်သည့်အလုပ်မဆို ဆရာရှိပါသည်။ ဆရာ့ထံမှ သင်ယူခြင်းအလုပ်သည်လည်း စာတွေ့ဟုဆိုနိုင်ပါသည်။ ထိုအသိကို လက်တွေ့ကျကျ ကောင်းစွာအသုံးချတတ်မှ လုပ်ငန်းခွင်တွင် ချောမွေ့အောင်မြင်နိုင်မည်ဖြစ်ပါသည်။

သို့သော် အချို့သောလုပ်ငန်းခွင်တွင် လက်တွေ့နှင့်စာတွေ့တို့ ကွဲပြားခြားနားလျက်ရှိသည်။ စာတွေ့တခြား လက်တွေ့တခြား ဖြစ်တတ်ပါသည်။ ထိုသို့ကွဲပြားခြားနားရခြင်းမှာ စာတွေ့ကိုကောင်းစွာ မသိ၍လည်းကောင်း၊ လက်တွေ့ဆောင်ရွက်ရန် နားလည်မှုအားနည်း၍လည်းကောင်း ဖြစ်နိုင်ပါသည်။ အမှန်စင်စစ် စာတွေ့သဘောကို ကောင်းစွာသိရှိနားလည်သဘောပေါက်မှသာ လက်တွေ့နယ်ပယ်တွင်လည်း ကောင်းစွာဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

စာတွေ့ကောင်းမှ လက်တွေ့ကောင်းမည်ဆိုပင်ဆိုငြားသော်လည်း အချို့စာတွေ့များသည် လက်တွေ့ကိုလွှမ်းခြုံနိုင်စွမ်းမရှိခြင်းလည်းရှိနိုင်ပါသည်။ စာတွေ့တိုင်းသည် လက်တွေ့လုပ်ငန်းခွင်နှင့် အံဝင်ခွင်ကျဖြစ်သင့်ပါသည်။ လက်တွေ့အလုပ်ကို မပံ့ပိုးနိုင်သော စာတွေ့အလုပ်သည် အချည်းနှီးသာဖြစ်ပါသည်။ မှန်ကန်သော စာတွေ့ဖြစ်မှသာ လက်တွေ့အလုပ်ကို မှန်ကန်စွာဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် မည်သည့်အလုပ်ကိုလုပ်ကိုင်ဆောင်ရွက်သည်ဖြစ်စေ စာတွေ့နှင့်လက်တွေ့ ပေါင်းစပ်လုပ်ကိုင်ကြခြင်းဖြင့် လုပ်ငန်းဆောင်တာအဖြာဖြာတို့ ပိုမိုအောင်မြင်နိုင်မည်ဖြစ်ပါသည်။ ။

ပြည်တွင်းသတင်း

ပူးပေါင်းဆွေးနွေးညှိနှိုင်းဖြေရှင်းမှသာ ပညာရေးလောက ကောင်းအောင်ပြုပြင်နိုင်မည်

ရန်ကုန် ဇန်နဝါရီ ၁၇

ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန(ရန်ကုန်တိုင်းဒေသကြီး)ပညာရေးကဏ္ဍမြှင့်တင်ရေးအတွက် မြို့နယ်ပညာရေးမှူးများနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့များအား ပေါင်းစပ်ညှိနှိုင်းတာဝန်ပေးအပ်သည့်အခမ်းအနားကို ဇန်နဝါရီ ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍမြှင့်တင်ရေးအတွက် ဆရာမများအား တိုးမြှင့်ခန့်ထားခြင်း၊ သင်နည်းများ ကောင်းမွန်အောင် ဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံမှပညာရှင်များ၊ နိုင်ငံခြားမှ အကြံပေးပညာရှင်များနှင့် ဆောင်ရွက်ခြင်းများအပြင် ဘဏ္ဍာငွေများကိုလည်း ပိုမိုခွဲဝေသုံးစွဲပြီး ဘက်စုံထောင့်စုံကြိုးစားဆောင်ရွက်နေကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း**(အပေါ်ယာပုံ)**က အမှာစကားပြောကြားရာ၌ နေပြည်တော်၌ကျင်းပခဲ့သည့် လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆွေးနွေးပွဲ၌ နိုင်ငံတော်သမ္မတကြီးက ချက်ချင်းလက်ငင်းဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ရေတိုရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းများ ခွဲခြား၍ ဆွေးနွေးစီမံဆောင်ရွက်သွားကြရန် လမ်းညွှန်မှုအပေါ် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ အထူးလုပ်ငန်းအဖွဲ့၊ ပညာရှင်အကြံပေးအဖွဲ့နဲ့ လုပ်ငန်းအဖွဲ့(၁၈)ဖွဲ့ ဖွဲ့စည်းပြီး အမျိုးသားပညာရေးမူဝါဒများနဲ့ ဥပဒေရေးဆွဲရေးဆိုင်ရာများကိုStakeholder များနှင့် ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးလျက်ရှိကြောင်း၊ မူဝါဒနှင့်ဥပဒေရေးဆွဲချမှတ်မှုများ အချိန်ယူဆွေးနွေးဆောင်ရွက်သွားရမည့် ကိစ္စများဖြစ်ပြီး ချက်ချင်းလက်ငင်း ဆောင်ရွက်သင့်သည့်ကိစ္စများမှာ ထောင်စုနှစ်ရည်မှန်းချက်များလည်းဖြစ်သော အသားတင်ကျောင်းအပ်နှုန်း၊ ကျောင်းနေမြဲနှုန်း၊ အတန်းကူးပြောင်းနှုန်းတွေ မြင့်မားလာရေး၊ ကျောင်းထွက်နှုန်းလျော့နည်းလာရေး၊ ကလေးများ၏ ဦးနှောက်ဖွံ့ဖြိုးတိုးတက်မှုနှင့် လိုက်လျောညီထွေ စဉ်းစားတွေးခေါ်တတ်အောင် ကလေးဗဟိုပြုချဉ်းကပ်သင်ကြားရေး၊ ထိုသို့ဆောင်ရွက်နိုင်ရန် မူလတန်းပြဆရာ ဆရာမများ ပြည့်ဝအောင်ခန့်ထားရေး၊ ဆရာ ဆရာမများ၏ အရည်အသွေးမြှင့်တင်ရေး၊ ကျောင်းနေနှုန်းမြင့်မားလာပြီး ကျောင်းထွက်နှုန်းကျဆင်းအောင် မူလတန်းသာမက အလယ်တန်းပညာအခမဲ့သင်ကြားနိုင်ရေး၊ နယ်မြေဒေသအလိုက် ကျောင်းအဆောက်အအုံ သင်ထောက်ကူ လိုအပ်ချက် ဦးစားပေးအလိုက် တိုးတက်ဖြည့်ဆည်းသွားရေး၊ ကျောင်းပြင်ပပညာရေးကို ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ဘုန်းတော်ကြီးသင်ကျောင်းများအား ဖြည့်ဆည်းကူညီမြှင့်တင်ရေးစသည့် ကိစ္စရပ်များစွာရှိနေသည်ကို တွေ့ရှိရပါကြောင်း။

အကြံပြု

ပညာရေးမြှင့်တင်မှု၊ ပူးပေါင်းဆောင်ရွက်မှု အားကောင်းသော မြို့နယ်များ ရွေးချယ်ဆုချီးမြှင့်ခြင်းအစီအစဉ်ကိုလည်း စဉ်းစားသင့်ကြောင်းနှင့် ကျောင်းစစ်ဆေးရေးတာဝန်ခံများ၊ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများက ခရိုင်အလိုက် အကောင်းဆုံးမြို့နယ် ရွေးချယ်ချီးမြှင့်မှု၊ အားနည်းသောမြို့နယ်များကို အားပေးကူညီမှုအစီအစဉ်များ ရေးဆွဲဆောင်ရွက်သင့်ပါကြောင်း အကြံပြုလိုပါကြောင်း။

ပညာရေးဝန်ကြီးဌာနမှ မြို့နယ်ပညာရေးမှူးအဆင့်၊ ကျောင်းအုပ်ကြီးများအဆင့်၊ ဆရာ ဆရာမများအဆင့် မွမ်းမံသင်တန်းများနှင့် ခေတ်ပြောင်းစနစ်ပြောင်းတွင် အတွေးအခေါ် အယူအဆဟောင်းများစွန့်ပယ်ပြီး အခြားနိုင်ငံနှင့်ရင်ပေါင်တန်းနိုင်အောင် Mind-set များ ပြင်နိုင်အောင် ကြိုးစားဆောင်ရွက်နေမှု အပေါ် ကျောင်းစစ်ဆေးရေးများ၊ မြို့နယ်ပညာရေးမှူးများက အားနာမှုများနှင့် ပျက်ယွင်းလာမှုများအစား အရည်အသွေး အရည်အချင်းပေါ်မူတည်သော အကဲဖြတ်ချက်များ၊ ဆုပေးဒဏ်ပေးစနစ်များထားရှိ ပြုပြင်သွားရမည်ဖြစ်သကဲ့သို့ မြို့မိမြို့ဖအထောက်အကူပြုကော်မတီများကလည်း မိဘများ၊ ကျောင်းသားများ တွေ့ကြုံခံစားနေရသောအခြေအနေများကို မြို့နယ်ပညာရေးမှူးများနှင့်ပူးပေါင်းဆွေးနွေးညှိနှိုင်းပံ့ပိုးဖြေရှင်းမှသာ ပညာရေးလောကကို ကောင်းအောင်ပြုပြင်သွားနိုင်မည်ဖြစ်ပါကြောင်း။

ယင်းတို့ကို မူဝါဒချရုံ ဥပဒေရေးဆွဲပြဋ္ဌာန်းရုံဖြင့် အသိုက်အမြုံတစ်ခုလုံး သူ့အလိုလိုကောင်းသွားမည်မဟုတ်ဘဲ တစ်နည်းအားဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများနှင့် ဖွဲ့စည်းထားသော ပညာရေး အသိုက်အဝန်းတွင် ပါဝင်သူအားလုံးအပြင် ပြည်သူအားလုံးတစ်မျိုးသားလုံး ပါဝင်ဆောင်ရွက်မှ မြင့်မားတိုးတက်ကောင်းမွန်လာမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ရှေးဦးကလေးသူငယ်ဖွံ့ဖြိုးရေးနှင့် မူကြိုပညာကဏ္ဍတွင် ဆရာ၊ မိဘ၊ ကလေးနှင့်ပြည်သူများ ပူးပေါင်းဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ အမှတ်(၃)အခြေခံပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး(ပညာ)ဒေါ်စန်းစန်းရီက ရှင်းလင်းဆွေးနွေးတင်ပြသည်။ ဆက်လက်၍ အခြေခံပညာကဏ္ဍတွင် ဆရာ၊ မိဘ၊ ကျောင်းသားနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ အမှတ်(၃)အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးညွန့်ရွှေက ရှင်းလင်းဆွေးနွေးတင်ပြသည်။ ထို့နောက် မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့များ၊ မြို့နယ်ပညာရေးမှူးများနှင့် တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။ ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

(သတင်းစဉ်)

"အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း"

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ (၄. ၁. ၂၀၁၄)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၄ ဖြင့် [illegible] ဘွဲ့တံဆိပ်အား ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အမှတ်(၁၉) [illegible] (Jewel Rock & Real Estate) လုပ်ငန်းရှင်အား ချီးမြှင့်ခံရသည့်အတွက် မိသားစုနှင့် ထပ်တူဝမ်းမြောက်ဂုဏ်ယူပါကြောင်း. . . . . .

[illegible]
မိခင်ကြီးဒေါ် တင်မြင့်
အမှတ်(၁၅)၊ [illegible]
[illegible]မြို့နယ်၊ ရန်ကုန်မြို့။

ဒေါက်တာခင်မောင်ဝင်း+ဦးမ ဒေါက်တာ[illegible]
သား -[illegible] (2nd Year Medical Science, University of Sydney)
-[illegible] (G XI A အထက(၂)ဗဟန်း)
DIAMOND LAND -စိန်တရောင်းပြခန်း
အမှတ်(၅၁)၊ [illegible]

ပြည်တွင်းသတင်း

ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်၏ နိုင်ငံခြားရေးနှင့် ပေါင်းစည်းရေး ကော်မတီဥက္ကဋ္ဌ H.E.Mr. AHN, Hong-Joon အား လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲရေး လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၇

ပြည်ထောင်စု လွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ကိုရီးယား သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်၏ နိုင်ငံခြားရေးနှင့် ပေါင်းစည်းရေးကော်မတီဥက္ကဋ္ဌ H.E.Mr. AHN, Hong-Joon ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့ လွှတ်တော် ကော်မတီ ဥက္ကဋ္ဌများဖြစ်ကြသည့် ဦးမောင်မောင်သိမ်း၊ ဦးသိန်းဆွေ၊ ဦးလှမြင့်ဦး၊ ကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးလည်း တက်ရောက်သည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲရေး၊ လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးအမြင်ချင်း ဖလှယ် ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၂၄)ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ် (၅/၂၀၁၄)
၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်
(၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်)
တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၂၄)ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီး လွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၂၄)ဦးတို့ကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော်သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃/၂၀၁၁)၊ ၁၁-၇-၂၀၁၂ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၃၅/၂၀၁၂)၊ ၅-၁၁-၂၀၁၂ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၄၄/၂၀၁၂)၊ ၁၅-၁၁-၂၀၁၂ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၄၈/၂၀၁၂)၊ ၁၁-၁-၂၀၁၃ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၄/၂၀၁၃)၊ ၁၂-၆-၂၀၁၃ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁၄/၂၀၁၃)၊ ၁-၈-၂၀၁၃ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂၀/၂၀၁၃) နှင့် ၁၁-၁၀-၂၀၁၃ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃၀/၂၀၁၃) တို့တွင် ဖော်ပြထားသည့် အောက်ပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်(၂၄)ဦးတို့အား ယှဉ်တွဲဖော်ပြပါ အတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

ကချင်ပြည်နယ်လွှတ်တော်

(၁)	ကြည်း ၂၈၇၁၄ ဗိုလ်မှူး အောင်ဇင်	(အစား)	ကြည်း ၃၂၃၄၆ ဗိုလ်မှူး မျိုးသူအောင်
(၂)	ကြည်း ၂၃၉၇၈ ဗိုလ်မှူး အောင်ခင်ဦး	(အစား)	ကြည်း ၃၂၇၈၈ ဗိုလ်မှူး သန့်ဇင်

ကယားပြည်နယ်လွှတ်တော်

(၃)	ကြည်း ၃၃၀၉၅ ဗိုလ်မှူး တိုးထက်ကျော်	(အစား)	ကြည်း ၂၂၆၀၃ ဗိုလ်မှူး နေထွန်း

ကရင်ပြည်နယ်လွှတ်တော်

(၄)	ကြည်း ၃၀၅၇၉ ဗိုလ်မှူး မြင့်ဝင်းရွှေ	(အစား)	ကြည်း ၃၆၂၁၇ ဗိုလ်ကြီး/ဗိုလ်မှူး တေဇာအောင်

တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်

(၅)	ကြည်း ၂၄၉၃၀ ဗိုလ်မှူး ကျော်မိုး	(အစား)	ကြည်း ၃၀၆၆၈ ဗိုလ်မှူးလှထွန်း

ပဲခူးတိုင်းဒေသကြီးလွှတ်တော်

(၆)	ကြည်း ၃၃၁၇၇ ဗိုလ်မှူး မျိုးသူရအောင်	(အစား)	ကြည်း ၂၉၆၉၉ ဗိုလ်မှူး တင်မျိုးနောင်
(၇)	ကြည်း ၂၈၆၈၇ ဗိုလ်မှူး မျိုးကျော်	(အစား)	ကြည်း ၃၄၉၅၆ ဗိုလ်မှူး ဇော်လင်းအောင်

မကွေးတိုင်းဒေသကြီးလွှတ်တော်

(၈)	ကြည်း ၂၂၁၁၀ ဒုတိယဗိုလ်မှူးကြီး ညီဇော်	(အစား)	ကြည်း ၃၆၅၀၂ ဗိုလ်ကြီး/ဗိုလ်မှူး ဇော်ဦးလတ်
(၉)	ကြည်း ၃၁၃၆၆ ဗိုလ်မှူး သိန်းထူး	(အစား)	ကြည်း ၃၆၀၄၈ ဗိုလ်ကြီး/ဗိုလ်မှူး သန်းစိုးဦး
(၁၀)	ကြည်း ၃၃၆၃၈ ဗိုလ်မှူး တင်မျိုးလတ်	(အစား)	ကြည်း ၃၆၁၀၆ ဗိုလ်ကြီး/ဗိုလ်မှူး မျိုးမင်းမင်း
(၁၁)	ကြည်း ၃၃၃၅၈ ဗိုလ်မှူး သန့်ဇင်ဦး	(အစား)	ကြည်း ၃၆၅၄၄ ဗိုလ်ကြီး/ ဗိုလ်မှူး မြတ်သူ
(၁၂)	လေ ၂၆၀၂ ဗိုလ်မှူး နိုင်လင်း	(အစား)	လေ ၂၆၆၇ ဗိုလ်မှူး ဟန်ဝင်းထွဋ်

မွန်ပြည်နယ်လွှတ်တော်

(၁၃)	ကြည်း ၂၇၄၅၆ ဗိုလ်မှူး သက်မင်းထွန်း	(အစား)	ကြည်း ၂၀၅၇၃ ဗိုလ်မှူး စိုးမြင့်ဦး

ရခိုင်ပြည်နယ်လွှတ်တော်

(၁၄)	ကြည်း ၂၂၅၄၄ ဗိုလ်မှူးကျော်မင်းထွန်း	(အစား)	ကြည်း ၃၂၅၇၁ ဗိုလ်မှူး မြင့်နိုင်
(၁၅)	ကြည်း ၃၃၁၂၆ ဗိုလ်မှူး ပြည့်စုံအောင်	(အစား)	ကြည်း ၃၅၃၄၆ ဗိုလ်မှူး ဟိန်းဇေမြင့်

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်

(၁၆)	ကြည်း ၂၂၅၉၅ ဗိုလ်မှူး ရဲမြင့်ထွန်း	(အစား)	ကြည်း ၂၃၃၄၉ ဗိုလ်မှူး ထင်လတ်ဦး
(၁၇)	ကြည်း ၃၁၃၅၇ ဗိုလ်မှူး မိုးဇော်လှိုင်	(အစား)	အင်န် ၅၆၄ ဗိုလ်မှူး ဒေါနှင်းယုကျော်

ရှမ်းပြည်နယ်လွှတ်တော်

(၁၈)	ကြည်း ၁၉၄၁၄ ဗိုလ်မှူး ဇော်မြင့်ဝင်း	(အစား)	ကြည်း ၂၈၂၄၂ ဗိုလ်မှူး နေမျိုးဦး
(၁၉)	ကြည်း ၃၀၆၄၄ ဗိုလ်ကြီး မိုးခိုင်	(အစား)	ကြည်း ၂၈၄၇၄ ဗိုလ်မှူး အောင်သူခိုင်
(၂၀)	ကြည်း ၃၆၄၅၇ ဗိုလ်ကြီး အောင်သူရထွန်း	(အစား)	ကြည်း ၂၄၁၆၆ ဗိုလ်မှူး သန်းထွန်းဦး
(၂၁)	ကြည်း ၅၃၆၄၀ ဗိုလ်ကြီး ကျော်ညီညီသော်	(အစား)	ကြည်း ၂၈၂၈၃ ဗိုလ်မှူး ရဲလွင်

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်

(၂၂)	ကြည်း ၂၅၀၇၂ ဗိုလ်မှူး မြင့်နိုင်	(အစား)	ကြည်း ၃၆၄၄၃ ဗိုလ်ကြီး/ဗိုလ်မှူး မျိုးသန့်
(၂၃)	ကြည်း ၂၉၈၈၀ ဗိုလ်ကြီးသောင်းစိန်	(အစား)	ကြည်း ၃၄၉၆၀ ဗိုလ်ကြီးကျော်ထွန်း
(၂၄)	ရေ ၃၈၉၃ ဗိုလ်မှူး အောင်မျိုးလှိုင်	(အစား)	ရေ ၄၁၅၉ ဗိုလ်မှူး အောင်ပြည့်စုံ

အမိန့်အရ

(မြင့်နိုင်)
အဖွဲ့ဝင်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နိုင်ငံတကာသတင်း

ဆန္ဒပြ ဖိအားပေးနေသော်လည်း နုတ်ထွက်မပေးနိုင်ဟု ထိုင်းဝန်ကြီးချုပ်ဆို

ဗန်ကောက် ဇန်နဝါရီ ၁၇

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် အစိုးရဆန့်ကျင်ရေးဆန္ဒပြသူများက ငါးရက်မြောက်နေ့အဖြစ် ဆက်လက်ဆန္ဒပြခဲ့ကြသည်။

ဝန်ကြီးချုပ်ရင်လတ်ရှင်နာဝပ်ကို ရာထူးမှဆင်းပေးရန် ဆက်လက်ဖိအားပေးသွားမည် ဖြစ်ကြောင်း သောကြာနေ့တွင် ဆန္ဒပြသူအတိုက်အခံများက ပြောသည်။

ဇန်နဝါရီ ၁၆ ရက်က ခရာမှူတ်ဆန္ဒပြသူများက အခွန်ဦးစီးနှင့် ကျန်းမာရေးဝန်ကြီးဌာနအပါအဝင် အစိုးရရုံးအချို့ဆီသို့ ချီတက်ဆန္ဒပြခဲ့ကြသည်။

ဆန္ဒပြသူများက ဖိအားပေးနေသော်လည်း ဝန်ကြီးချုပ်ရင်လတ်ကမူ ၎င်းအား နုတ်ထွက်ပေးရန် တောင်းဆိုနေမှုကို လက်မခံနိုင်ကြောင်း၊ ပါလီမန်ရွေးကောက်ပွဲကို စီစဉ်ထားသည့်အတိုင်း ဖေဖော်ဝါရီ ၂ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ရင်လပ်၏အစိုးရက အတိုက်အခံခေါင်းဆောင်များကို ဖမ်းဆီးပေးရန် ရဲအဖွဲ့သို့တောင်းဆိုလိုက်သည်။

အတိုက်အခံခေါင်းဆောင် ဆူသက်သောင်ဆုဘန်ကို ဖမ်းဆီးရေးအလုပ်သည် ရဲတပ်ဖွဲ့၏ အလုပ်ဖြစ်ကြောင်း ဒုတိယဝန်ကြီးချုပ် ဆူရာပွန်းတိုဗိချတ်ချီကူးက ကြာသပတေးနေ့တွင် ပြောကြားလိုက်သည်။

(ပရက်စ်တီဗွီ)

ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျင်မြန်စွာမြင့်တက် ကမ္ဘာ့နိုင်ငံများ မြန်မြန်ဆန်ဆန်ကိုင်တွယ်ရန် လိုအပ်

ဂျီနီဗာ ဇန်နဝါရီ ၁၇

ဖန်လုံအိမ်အာနိသင်ရှိ ဓာတ်ငွေ့များထုတ်လွှတ်မှုသည် လျင်မြန်စွာ မြင့်တက်နေလျက်ရှိရာ ကမ္ဘာတစ်ဝန်းလုံးက အစီအမံများပြုလုပ်၍ ထိန်းချုပ်သွားရန်လိုကြောင်း ကုလသမဂ္ဂက သတိပေးချက်တစ်ရပ် ထုတ်ပြန်ထားသည်။

လက်ရှိ အနေအထားအတိုင်း ဆက်လက် မြင့်တက်နေမည်ဆိုပါက ကုန်ကျစရိတ်များပြားသော နည်းပညာကို အသုံးပြုရန်လိုအပ်လိမ့်မည်ဖြစ်ကြောင်း ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစိုးရချင်းဖွဲ့စည်းထားသောအဖွဲ့က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့သည် ၁၉၇၀ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အတွင်း နှစ်ဆနီးပါး မြင့်တက်လာရာမှ ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၀ ခုနှစ်အတွင်း နှစ်စဉ်ပျမ်းမျှ ၂ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း ၎င်းအစီရင်ခံစာက ဖော်ပြသည်။

အဆိုပါစာတမ်းကို လာမည့် ဧပြီလတွင် တရားဝင်ထုတ်ပြန်လျက် ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များ ထုတ်လွှတ်မှု လျှော့ချသွားနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းအစီရင်ခံစာ၌ ဆက်လက်ဖော်ပြထားသည်။

ကမ္ဘာ့အသိုင်းအဝိုင်းအနေဖြင့် ယင်းကိစ္စကို လျင်လျင်မြန်မြန် ဆောင်ရွက်သွားရန် လိုကြောင်းဖြင့်လည်း တိုက်တွန်းထားသည်။

ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှု လက်ရှိအနေအထားအတိုင်း ဆက်လက် ထုတ်လွှတ်ခွင့်ပြုထားလျှင် နောက်ပိုင်းထိထိရောက်ရောက် ကိုင်တွယ်ဆောင်ရွက်ရန် မလွယ်ကြောင်း ၎င်းမှတ်တမ်းတွင် ဖော်ပြသည်။ အစိုးရများအနေဖြင့် သန့်ရှင်းသော စွမ်းအင်ကို သုံးခြင်းထက် ရုပ်ကြွင်း လောင်စာများကိုသာ အမြောက်အမြား သုံးစွဲနေကြကြောင်းဖြင့်လည်း ၎င်းအစီရင်ခံစာ၌ စွပ်စွဲပြောကြားလိုက်သည်။

(ဘီဘီစီ)

ဗြိတိသျှရဲအရာရှိများကိုယ်တိုင် ရာဇဝတ်မှုများ ကျူးလွန်နေ

လန်ဒန် ဇန်နဝါရီ ၁၇

ယူကေတွင် တာဝန်ထမ်းဆောင်နေသော ဗြိတိသျှရဲအရာရှိများသည် လွန်ခဲ့သည့် သုံးနှစ်ကျော်အတွင်း ရာဇဝတ်မှု ၂၀၀ ကျော် ကျူးလွန်မိခဲ့ကြောင်း ဝန်ခံခဲ့သည်ဟု သတင်းတစ်ရပ်တွင် ဖော်ပြသည်။

နိုင်ငံတစ်ဝန်း ဗြိတိသျှအရာရှိများသည် မုဒိမ်းမှု၊ မူးယစ်ဆေးဝါးများ လက်ဝယ်ပိုင်ဆိုင်ထားရှိမှု၊ ညှဉ်းပန်းနှိပ်စက်မှုစသော ပြစ်မှုများကျူးလွန်ခဲ့ကြကြောင်း အင်ဒီပင်းဒင့်သတင်းက ရေးသည်။

ဗြိတိသျှ ရဲအရာရှိများသည် လက်နက်များရောင်းစားခြင်း၊ ကလေးများအား လိင်မှုဆိုင်ရာအသုံးချခြင်း စသော အမှုအခင်းများလည်း ကျူးလွန်ခဲ့ကြကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

လွန်ခဲ့သော သုံးနှစ်ကျော်အတွင်း အနည်းဆုံးမှုခင်း ၁၇၉ ခုကို ယူကေရဲအရာရှိများက ကျူးလွန်ခဲ့သည်ဟု ဆိုသည်။

ယင်းကဲ့သို့ ရဲအရာရှိများက ရာဇဝတ်မှုကျူးလွန်နေခြင်းမှာ အလွန့်အလွန်ဆိုးရွားကြောင်း ဒုတိယရဲမှူးချုပ်ဟောင်း ဘရိုင်ယန်ပက်ဒစ်က ပြောသည်။

(ပရက်စ်တီဗွီ)

အမေရိကန်ထောက်လှမ်းရေးဌာန ဘာရိန်း၌ထူထောင်ဖွင့်လှစ်မည်

ဝါရှင်တန် ဇန်နဝါရီ ၁၇

အမေရိကန်စစ်တပ်က ပါရှန်ပင်လယ်ကွေ့ဘာရိန်းနိုင်ငံ၌ ထောက်လှမ်းရေးဗဟိုဌာနတစ်ခု ထူထောင်ဖွင့်လှစ်သွားရန် စီစဉ်နေကြောင်း ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

ပင်တဂွန်၏ ၂၀၁၄ ခုနှစ်အလွန် အာဖဂန်မဟာဗျူဟာ၏ အစိတ်အပိုင်းအဖြစ် အရေးကြီးသည့်ထောက်လှမ်းရေးဌာနတစ်ခုကို အဆိုပါ အာရပ်နိုင်ငံ၌ ဖွင့်လှစ်သွားရန်စီစဉ်ထားကြောင်း အမေရိကန်စစ်ဘက်ထိပ်တန်း တာဝန်ရှိသူတစ်ဦးက ဆီးနိတ်လွှတ်တော်၌ ပြောကြားသည်။

အမေရိကန်က ဘာရိန်းတွင် ၎င်းစစ်တပ်နှင့်ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ တိုးချဲ့သွားမည်ဟု ဆိုသည်။

(ပရက်စ်တီဗွီ)

သြစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ်၌ အပူရှိန်မြင့်တက် တောမီးများစတင်လောင်ကျွမ်း

ဗစ်တိုးရီးယား ဇန်နဝါရီ ၁၇

သြစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ်၌ တောမီးလောင်မှုကြောင့် လူတစ်ဦးသေဆုံးသွားချိန် နိုင်ငံ၏ဒေသအချို့ အပူချိန်မြင့်တက်မှုနှင့် ရင်ဆိုင်နေကြရသည်။

အပူချိန်မြင့်ပြီး တောမီးလောင်မှုကြောင့် လူတစ်ဦးဂရမ်ပီယံမြောက်ပိုင်းဒေသ၌ သေဆုံးသွားခဲ့သည်။ ယင်းဒေသရှိ တောမီးမှာ ထိန်းချုပ်နိုင်စွမ်းမရှိတော့သဖြင့် ဒေသခံများ ဘေးလွတ်ရာ အမြန်ဆုံးထွက်ခွာကြရန် အာဏာပိုင်များကပြောသည်။

သြစတြေးလျတောင်ပိုင်းပြည်နယ်များနှင့် နယူးဆောက်ဝေးတို့တွင်လည်း လေပူလေပြင်းများ တိုက်ခတ်လျက်ရှိရာ အချို့နေရာများ၌ မီးဘေးသတိပေးချက်များ ထုတ်ပြန်ထားရသည်။

သြစတြေးလျအရှေ့တောင်ပိုင်း၌ ရက်အတန်ကြာအပူလှိုင်းကျရောက်မှုနှင့် ရင်ဆိုင်နေရသည်။

ဂရမ်ပီယံမြောက်ပိုင်း၌ သေဆုံးသွားသူမှာ ကုသနေဆဲမှာပင်တောမီးအပူရှိန်ကြောင့် အပူလွန်ကဲပြီးသေဆုံးသွားခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောသည်။ ယခုသီတင်းပတ် စောစောပိုင်းက ရာသီဥတုပူပြင်းလှသဖြင့် ထောင်ပေါင်းများစွာသော နေအိမ်များ လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့ရသည်။

(ဘီဘီစီ)

ရာဟူးလ်ဂန္ဒီဝန်ကြီးချုပ်ရာထူးပြိုင်မည်မဟုတ် အာဏာရကွန်ဂရက်ပါတီပြောကြား

နယူးဒေလီ ဇန်နဝါရီ ၁၇

အိန္ဒိယနိုင်ငံ၏ နေရူး-ဂန္ဒီ၏ မျိုးဆက်ရာဟူးလ်ဂန္ဒီသည် လာမည့် ရွေးကောက်ပွဲတွင် အာဏာရပါတီက စာရင်းသွင်းထားသော်လည်း ဝန်ကြီးချုပ်ရာထူးနေရာအတွက် ပြိုင်မည်မဟုတ်ကြောင်း ၎င်းပါတီက ဇန်နဝါရီ ၁၆ ရက်တွင် ပြောသည်။

ရာဟူးလ်ဂန္ဒီသည် ပါတီ၏အကြီးအကဲလည်းဖြစ်လာဖွယ်မရှိကြောင်း ဆိုနီယာဂန္ဒီက ဆုံးဖြတ်ချက်ချမှတ်လိုက်ကြောင်း၊ သို့သော်သူသည် ရွေးကောက်ပွဲမဲပေးရာတွင် ဦးဆောင်သူဖြစ်လိမ့်မည်ဖြစ်ကြောင်း ပါတီပြောရေးဆိုခွင့်ရှိသူဂျာနာဒန်း ဒီဝီဗီဒီက မီဒီယာသို့ပြောသည်။

ဝန်ကြီးချုပ်ရာထူးယှဉ်ပြိုင်ရန်အတွက် ရာဟူးလ်ဂန္ဒီအား ကွန်ဂရက်ပါတီက ရွေးချယ်ထားကြောင်း အိန္ဒိယပို့ဆောင်ရေးဝန်ကြီး အော်စကာဖာနန်ဒက်က ပြောကြားပြီးနောက် နာရီပိုင်းအကြာ အထက်ပါကြေညာချက် ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာ

ဥပဒေကြမ်း

အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၅ ခုနှစ်၊ လ ရက်

(၂၀၁၄ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားဆေးဝါးဥပဒေပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ပါပုဂ္ဂိုလ်များပါဝင်သော မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းရမည်-

(က) ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ
ကျန်းမာရေးဝန်ကြီးဌာန

(ခ) ဒုတိယဝန်ကြီး ဒုတိယဥက္ကဋ္ဌ
ကျန်းမာရေးဝန်ကြီးဌာန

(ဂ) ဆေးဝန်ထမ်းညွှန်ကြားရေးမှူး အဖွဲ့ဝင်
ကာကွယ်ရေးဝန်ကြီးဌာန

(ဃ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(င) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(စ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
တိုင်းရင်းဆေးပညာဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ
ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ည) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(ဋ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(ဌ) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

(ဍ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ငါးလုပ်ငန်းဦးစီးဌာန
မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ
ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ဎ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဆေးသိပ္ပံပညာဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဆေးသုတေသနဦးစီးဌာန(မြန်မာပြည်အလယ်ပိုင်း)
ကျန်းမာရေးဝန်ကြီးဌာန

(တ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး
ဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

၃။ အမျိုးသားဆေးဝါးဥပဒေ ပုဒ်မ ၁၈ နှင့် ပုဒ်မ ၁၉၊ ပုဒ်မခွဲ(က)တို့တွင် ပါရှိသော "ငွေဒဏ်အနည်းဆုံးကျပ် ၅၀၀၀ မှ အများဆုံးကျပ် ၅၀၀၀၀ အထိ" ဆိုသည့် စကားရပ်ကို "ငွေဒဏ်အနည်းဆုံးကျပ်ငါးသောင်းမှ အများဆုံးကျပ်ငါးသိန်းအထိ" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၄။ အမျိုးသားဆေးဝါးဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ခ)တွင်ပါရှိသော "ငွေဒဏ်အနည်းဆုံးကျပ် ၁၀၀၀ မှ အများဆုံးကျပ် ၁၀၀၀၀ အထိ"ဆိုသည့် စကားရပ်ကို "ငွေဒဏ်အနည်းဆုံး ကျပ်တစ်သောင်းမှ အများဆုံးကျပ်တစ်သိန်းအထိ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၅။ အမျိုးသားဆေးဝါးဥပဒေပုဒ်မ ၂၀ တွင်ပါရှိသော "ငွေဒဏ်အနည်းဆုံးကျပ် ၅၀၀ မှ အများဆုံးကျပ် ၅၀၀၀ အထိ" ဆိုသည့် စကားရပ်ကို "ငွေဒဏ်အနည်းဆုံးကျပ် ငါးထောင်မှ အများဆုံးကျပ်ငါးသောင်းအထိ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ အမျိုးသားဆေးဝါးဥပဒေပုဒ်မ ၃၂ ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"၃၂။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်ပါက နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကျန်းမာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့တို့သည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။"

ပြည်သူအများ လေ့လာသိရှိအကြံပြုနိုင်ရန်အတွက် ဖော်ပြခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံရဲ့ညွှန့်တပ်ဖွဲ့ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း

မြန်မာနိုင်ငံရဲ့ညွှန့်တပ်ဖွဲ့ ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၅ ခုနှစ်၊ လ ရက်

(၂၀၁၃ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာနိုင်ငံရဲ့ညွှန့်တပ်ဖွဲ့ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ The Myanmar Auxiliary Forces Act (Vol.II) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်သူအများ လေ့လာသိရှိအကြံပြုနိုင်ရန်အတွက် ဖော်ပြခြင်းဖြစ်ပါသည်။

မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၇

နေပြည်တော်ကောင်စီ နယ်မြေ ပုဗ္ဗသီရိမြို့နယ် ပုဗ္ဗသီရိဈေးကြီးအတွင်းရှိ လျှပ်စစ်ပစ္စည်းအရောင်းဆိုင်များနှင့် စားသောက်ဆိုင်များကို မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စစ်ဆေးဆောင်ရွက်မှုကို ဇန်နဝါရီ ၁၆ ရက် မွန်းလွဲ ၁ နာရီက ဈေးတာဝန်ခံဦးစီးမှူး ဦးဇော်ဝင်းနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ယာပုံ) ကိုကိုရှူပ

သတိပေး နှိုးဆော်ချက်

နေပြည်တော်ကောင်စီနယ်မြေအတွင်း မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဦးထုပ်မဆောင်းခြင်း၊ နှစ်ဦးအထက် စီးနင်းခြင်းများကြောင့် ယာဉ်မတော်တဆမှုများ ဖြစ်ပွားရာတွင် သေဆုံးကြရသည်ကို စိစစ်တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ နေပြည်တော်ကောင်စီနယ်မြေအတွင်း မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ဆောင်းလျှင် မေးသိုင်းကြိုးခိုင်ခံ့စွာ တပ်ဆင်ရန်နှင့် နှစ်ဦးထက်ပိုမစီးကြရန် သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

မိခင်နှင့် မွေးကင်းစကလေး မေးခိုင်ရောဂါပပျောက်ရေး ဆက်လက်ထိန်းသိမ်းပေး

မိခင်နှင့်မွေးကင်းစကလေး မေးခိုင်ရောဂါပပျောက်ရေး
ဆက်လက်ထိန်းသိမ်းပေး

"အစုလိုက် အပိုဆောင်း မေးခိုင်ရောဂါကာကွယ်ဆေးထိုးနှံခြင်း ၂၀၁၄"

၂၀၁၄ ခုနှစ်၊	ဇန်နဝါရီလ	(၁၇)ရက်မှ	(၃၀)ရက်	(ပထမအကြိမ်)
၂၀၁၄ ခုနှစ်၊	ဖေဖော်ဝါရီလ	(၁၇)ရက်မှ	(၂၈)ရက်	(ဒုတိယအကြိမ်)
၂၀၁၄ ခုနှစ်၊	ဩဂုတ်လ	(၁၇)ရက်မှ	(၃၀)ရက်	(တတိယအကြိမ်)

နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်း၊ ပဲခူး၊ မန္တလေး၊ ရန်ကုန်၊
ဧရာဝတီတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်ရှိ(၂၂)မြို့နယ်

အသက်(၁၅)နှစ်မှ (၄၅)နှစ် အမျိုးသမီးများ အပိုဆောင်းမေးခိုင်ရောဂါ ကာကွယ်ဆေး သုံးကြိမ်အပြည့် မပျက်မကွက်ထိုးနှံကြပါစို့

မြန်မာနိုင်ငံသည် မိခင်နှင့်မွေးကင်းစကလေး မေးခိုင်ရောဂါပပျောက်ရေးအတွက် ၁၉၉၁ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးညီလာခံကချမှတ်ခဲ့သော မိခင်နှင့်မွေးကင်းစကလေးမေးခိုင်ရောဂါကင်းစင်ပပျောက်ရေး ရည်မှန်းချက်ကို သဘောတူလက်ခံခဲ့ပြီး တစိုက်မတ်မတ်ဆောင်ရွက်ခဲ့ရာ ၂၀၁၀ ပြည့်နှစ် မေလ ၁၈ ရက်နေ့တွင် မိခင်နှင့်မွေးကင်းစကလေးမေးခိုင်ရောဂါသည် မြန်မာနိုင်ငံတွင် ကင်းစင်ပပျောက်သွားကြောင်း အတည်ပြုနိုင်ခဲ့ပါသည်။ အဆိုပါကင်းဝေးသည့်အခြေအနေကို ဆက်လက်ထိန်းသိမ်းရန်အတွက် မြန်မာနိုင်ငံ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းသည် အသက် ၁၅ နှစ်မှ ၄၅ နှစ်အရွယ် အမျိုးသမီးများအား အစုလိုက်အပိုဆောင်းမေးခိုင်ရောဂါကာကွယ်ဆေး ထိုးနှံခြင်းကို တိုင်းဒေသကြီး/ပြည်နယ်ခုနစ်ခုရှိ မြို့နယ် ၂၂ မြို့နယ်တွင် ဇန်နဝါရီလ၊ ဖေဖော်ဝါရီလနှင့် ဩဂုတ်လများတွင် ဆောင်ရွက်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံကျန်းမာရေးဝန်ကြီးဌာနသည် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် လူတိုင်းရောဂါဘယကင်းရှင်းရေးဟူသည့် ရည်မှန်းချက်(၂)ရပ်ကို ချမှတ်ကာ ဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးဦးစီးဌာန၊ ဗဟိုတိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းသည် အဆိုပါရည်မှန်းချက်နှစ်ရပ်ကို ကာကွယ်ဆေးဖြင့်ကာကွယ်နိုင်သောရောဂါ များအန္တရာယ်မှ ကင်းဝေးအောင် ဆောင်ရွက်ခြင်းဖြင့် အကောင်အထည်ဖော်လျက်ရှိပါသည်။ ယခုလက်ရှိ တိုးချဲ့ကာကွယ်ဆေးထိုးအစီအစဉ်တွင် မွေးစမှအသက်တစ်နှစ်ခွဲ အရွယ်ကလေးငယ်များအား ဘီစီဂျီ တီဘီရောဂါကာကွယ်ဆေး၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)၊ အဆုတ်အမြှေးရောင်၊ ဦးနှောက်ရောင် ကာကွယ်ဆေးငါးမျိုးပါဝင်သော Pentavalent ကာကွယ်ဆေး၊ ပိုလီယိုအကြောသေရောဂါကာကွယ်ဆေးနှင့် ဝက်သက်ရောဂါကာကွယ်ဆေးတို့ကို အချိန်အပိုင်းအခြားအလိုက် ထိုးနှံပေးလျက်ရှိပါသည်။ ကိုယ်ဝန်ဆောင်မိခင်များကိုလည်း ကိုယ်ဝန်ဆောင်ချိန်တွင် မေးခိုင်ရောဂါကာကွယ်ဆေး နှစ်ကြိမ်ကို ထိုးနှံပေးလျက်ရှိပါသည်။

မေးခိုင်ရောဂါသည် Clostridium tetani ဗက်တီးရီးယားပိုးမှ ထွက်လာသောအဆိပ်များကြောင့် ဖြစ်ပွားပါသည်။ ယင်းရောဂါပိုးသည် ညစ်ညမ်းသောပတ်ဝန်းကျင်၊ မြေကြီး၊ ပြာ၊ တိရစ္ဆာန်အညစ်အကြေးနှင့်မသန့်ရှင်းသော ပစ္စည်းကိရိယာများတွင်တွေ့ရှိရပြီး ထိခိုက်ဒဏ်ရာရရှိ၍ စုတ်ပြဲနေသောအရေပြားမှတစ်ဆင့် မသန့်ရှင်းသော ပိုးဝင်၍ ပုပ်ပွနေသောဒဏ်ရာများတွင် ဗက်တီးရီးယားပိုးဝင်ရောက်ပြီး ရောဂါကူးစက်ပါသည်။ ကလေးငယ်မွေးဖွားပြီး ချက်ကြိုးဖြတ်သောအခါ အခန့်မသင့်ပါက ဒဏ်ရာဖြစ်စေပြီး ရောဂါပိုးဝင်ရောက်နိုင်ပါသည်။ သန့်ရှင်းမှုမရှိခြင်း၊ ကျန်းမာရေးဌာနများသို့ လက်လှမ်းမမီခြင်းသည်လည်း မွေးဖွားစဉ်ကာလတွင် ရောဂါကူးစက်ဖြစ်ပွားနိုင်သည့်အန္တရာယ်ကို ပိုမိုကြီးမားစေပါသည်။

မွေးကင်းစကလေးငယ်သည် ပထမနှစ်ရက်တွင် ကောင်းမွန်စွာနို့စို့နိုင်ပြီး ငိုနိုင်ပါသည်။ သုံးရက်မှ ၂၈ ရက်သားအထိ အချိန်အတွင်းတွင် နို့မစို့နိုင်တော့ခြင်း၊ တက်ခြင်း သို့မဟုတ် တောင့်တင်းခြင်းဖြစ်လျှင် မွေးကင်းစကလေးမေးခိုင်ရောဂါဟု သံသယရှိနိုင်ပါသည်။ ပိုးသန့်စင်မထားသော (သို့မဟုတ်)ရေနွေးဖြင့်ပြုတ်၍ သန့်စင်မထားသော ကိရိယာများဖြင့် ချက်ကြိုးဖြတ်သောအခါနှင့် ချက်ကြိုးကို သန့်စင်အောင်မထားသောအခါ မေးခိုင်ရောဂါပိုးများ ဝင်ရောက်နိုင်ပါသည်။

မြို့နယ်တိုင်း မြို့နယ်တိုင်းတွင် အရှင်မွေးကလေး ၁၀၀၀ လျှင် မွေးကင်းစမေးခိုင်ရောဂါဖြစ်ပွားမှုသည် တစ်ဦးထက်နည်း၍ဖြစ်ပွားမှသာ မိခင်နှင့်မွေးကင်းစကလေးမေးခိုင်ရောဂါသည် ပြည်သူ့ကျန်းမာရေးပြဿနာမဖြစ်တော့ပါ။ တိုင်းပြည်တစ်ခုတွင် မွေးကင်းစကလေးမေးခိုင်ရောဂါကင်းစင်ပပျောက်ခြင်းသည် မိခင်မေးခိုင်ရောဂါကင်းစင်ပပျောက်မှုရှိနေပြီဟု တစ်နည်းအားဖြင့် ညွှန်ပြပါသည်။

မေးခိုင်ရောဂါ ကာကွယ်ဆေး မထိုးထားလျှင် မိခင်နှင့်မွေးကင်းစကလေးပါ မေးခိုင်ရောဂါရနိုင်သည့်အတွက် အန္တရာယ်ကြီးမားပါသည်။

ဒေါက်တာခင်ခင်ကြီး
(တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း)

ရောဂါဖြစ်လာသည့်အခါ သေဆုံးမှုနှုန်းများပါသည်။ အထူးသဖြင့် ဆေးဝါးကုသမှု အပြည့်အဝမရနိုင်သော နေရာဒေသများတွင် ပိုဆိုးနိုင်ပါသည်။ မွေးဖွားရာတွင် ပိုးသန့်စင်စွာ မွေးဖွားပေးခြင်း၊ မိခင်များအား မေးခိုင်ရောဂါ ကာကွယ်ဆေးထိုးပေးခြင်းတို့ဖြင့် မေးခိုင်ရောဂါကြောင့် သေဆုံးမှုများကို ကာကွယ်ပေးနိုင်ပါသည်။ သားဖွားဆရာမ၊ အရန်သားဖွားဆရာမ(သို့မဟုတ်)လေ့ကျင့်ထားသောအရပ်လက်သည်များ သို့မဟုတ် အစိုးရဆေးရုံ၊ ဆေးခန်းများတွင် မွေးဖွားသောအခါ သန့်ရှင်းသော နေရာတွင် သန့်ရှင်းသော ကိရိယာဖြင့် ချက်ကြိုးဖြတ်ခြင်း၊ သန့်စင်သောလက်ဖြင့်မွေးပေးခြင်း (သို့မဟုတ်)သန့်စင်သော မွေးဖွားမှုကိရိယာပစ္စည်းများသုံး၍ မွေးဖွားပေးခြင်းဖြင့် မွေးကင်းစမေးခိုင်ရောဂါကို ကာကွယ်နိုင်ပါသည်။

မွေးကင်းစမေးခိုင်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းကို လတ်တလောပျော့ခွေအကြောသေရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းနှင့်အတူ အားဖြည့်ဆောင်ရွက်ပြီး မြို့နယ်တိုင်းရှိ သတင်းပို့ဌာနများမှ မွေးကင်းစကလေးမေးခိုင်ရောဂါသတင်းပေးပို့မှုအနည်းဆုံး ၈၀ ရာခိုင်နှုန်းပြည့်စုံ၍ အချိန်မီရရှိရန်နှင့် မေးခိုင်ရောဂါကာကွယ်ဆေးလွှမ်းခြုံမှု ၈၀ ရာခိုင်နှုန်းအထက်ရှိသော မြို့နယ်များတွင် သံသယမေးခိုင်ရောဂါလူနာများ၏ ၈၀ ရာခိုင်နှုန်းကို စောစီးစွာစုံစမ်းစစ်ဆေးရန်နှင့် မွေးကင်းစကလေးမေးခိုင်ရောဂါအတည်ပြုတွေ့ရှိသော နေရာများနှင့် ရောဂါဖြစ်ပွားသောနေရာများတွင် မေးခိုင်ရောဂါကာကွယ် ဆေးထိုးပေးရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံ၏ မိခင်နှင့်မွေးကင်းစကလေး မေးခိုင်ရောဂါဖြစ်ပွားမှု ကင်းဝေးရေးအခြေအနေကို တင်ပြရလျှင် ၁၉၉၁ ခုနှစ်မှစ၍ ကမ္ဘာ့ကျန်းမာရေးညီလာခံက ချမှတ်ခဲ့သော မိခင်နှင့်မွေးကင်းစကလေး မေးခိုင်ရောဂါကင်းစင်ပပျောက်ရေး ရည်မှန်းချက်ကို သဘောတူလက်ခံခဲ့ပြီး အောက်ပါနည်းဗျူဟာကြီးလေးခုဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ပါသည်။

(၁) ကိုယ်ဝန်ဆောင် မိခင်များအား မေးခိုင်ရောဂါ ကာကွယ်ဆေးထိုးပေးသော ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းကို အားဖြည့်ဆောင်ရွက်ခြင်း

အသက် ၁၅ နှစ်မှ ၄၅ နှစ်အရွယ် အမျိုးသမီးများအား အစုလိုက်အပိုဆောင်း မေးခိုင်ရောဂါကာကွယ်ဆေးထိုးနှံခြင်းကို တိုင်းဒေသကြီး/ပြည်နယ်ခုနစ်ခုရှိ မြို့နယ် ၂၂ မြို့နယ်တွင် ဇန်နဝါရီလ၊ ဖေဖော်ဝါရီလနှင့် ဩဂုတ်လများတွင် ဆောင်ရွက်မည်

(၂) မွေးကင်းစကလေး မေးခိုင်ရောဂါကူးစက်နိုင်မှုအန္တရာယ် မြင့်မားသော ဒေသများတွင် ကိုယ်ဝန်ဆောင်သားဖွားနိုင်သည့်အရွယ်ရှိ အမျိုးသမီးများအား အစုအလိုက် အပိုဆောင်းမေးခိုင်ရောဂါကာကွယ်ဆေးထိုးခြင်း

(၃) သန့်ရှင်းစွာ မွေးဖွားပေးခြင်းနှင့် ချက်ကြိုးပြုစုစောင့်ရှောက်ခြင်း

(၄) မွေးကင်းစကလေးမေးခိုင်ရောဂါဖြစ်ပွားမှု စောင့်ကြပ်ကြည့်ရှုခြင်းကို ထိရောက်စွာ ဆောင်ရွက်ခြင်းတို့ဖြစ်ပါသည်။

မိခင်နှင့်မွေးကင်းစကလေး မေးခိုင်ရောဂါပပျောက်ရေးစီမံချက်ကို ၁၉၉၉ ခုနှစ်တွင် စတင်ခဲ့ပြီး ထိုအချိန်မှစ၍ ၂၀၀၆ ခုနှစ်အထိ ရောဂါဖြစ်နိုင်ခြေ အများဆုံးရှိသော အန္တရာယ်ရှိမြို့နယ်များကိုရွေးချယ်ပြီး အသက် ၁၅ နှစ်မှ ၄၅ နှစ်အရွယ် အမျိုးသမီးပေါင်း ခြောက်သန်းကျော်ကို အပိုဆောင်း မေးခိုင်ကာကွယ်ဆေး နှစ်ကြိမ်ထိုးခြင်းကို ဆောင်ရွက်ခဲ့ရာ ကာကွယ်ဆေးလွှမ်းခြုံမှု ၈၀ ရာခိုင်နှုန်းအထက်ရရှိခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် မြို့နယ်ပေါင်း ၂၃၈ မြို့နယ်တွင် မိခင်နှင့်မွေးကင်းစမေးခိုင်ရောဂါကင်းဝေးကြောင်း သတ်မှတ်နိုင်ခဲ့ပါသည်။ ၂၀၀၈ ခုနှစ်တွင် အန္တရာယ်ရှိ မြို့နယ် ၈၇ မြို့နယ်ရှိ အမျိုးသမီးပေါင်း သုံးသန်းခန့်ကို မေးခိုင်ကာကွယ်ဆေးထိုးပေးခဲ့ပါသည်။ ၂၀၀၉ ခုနှစ်တွင် တိုင်းဒေသကြီး/ပြည်နယ်သုံးခုရှိ မြို့နယ်ခုနစ်မြို့နယ်တွင် မေးခိုင်ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးခြင်းကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနက ဦးဆောင်အကောင်အထည်ဖော်ခဲ့သော လုပ်ငန်းစဉ်များတွင် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့်ပြည်သူလူထု၏ အားပေးကူညီမှုကြောင့် အောင်မြင်မှုများရရှိခဲ့ခြင်းဖြစ်ပါသည်။ ၂၀၀၉ ခုနှစ်တွင် ကျန်းမာရေးဦးစီးဌာန၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပညာရှင်များပါဝင်သည့်အဖွဲ့က မြန်မာနိုင်ငံတွင် မိခင်နှင့် မွေးကင်းစကလေး မေးခိုင်ရောဂါပပျောက်နိုင်သည့် အခြေအနေရှိနေပြီဖြစ်ကြောင်း သုံးသပ်ကြပါသည်။ ၂၀၁၀ ခုနှစ် ဧပြီလတွင်

စာမျက်နှာ ၁၁သို့

ဓာတ်အားပျောက်ဆုံးမှု လျော့နည်းရေးဆောင်ရွက်လျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၇

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့သည် ဗဟန်းမြို့နယ်အတွင်း ဓာတ်အားပျောက်ဆုံးမှုလျော့နည်းစေရန်အတွက် ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည့် 33KV/ 6.6 KV ဓာတ်အားလိုင်းများနှင့် ထိဆက်လျက်ရှိသော သစ်ပင်သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်း၊ လျော့ကျနေသည့် ဓာတ်အားလိုင်းကြိုးများတင်းခြင်း လုပ်ငန်းများကို ဇန်နဝါရီ ၁၂ ရက် နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီ အထိ ဆောင်ရွက်ခဲ့ကြောင်းနှင့် ဆက်လက်၍ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းရေးအတွက် အဆိုပါ မြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ စီမံချက်ချ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်လျှပ်စစ်)**

ကလေးမြို့တွင် အထပ်မြင့် အဆောက်အအုံများ ဆောက်လုပ်ရာတွင် ခွင့်ပြုချက်နှင့် အညီဖြစ်ရေးဆွေးနွေး

ကလေး ဇန်နဝါရီ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ပုဂ္ဂလိကသုံးထပ်အဆောက်အအုံများ ဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ မြို့နယ်စည်ပင်သာယာရေးကြီးကြပ်မှုကော်မတီနှင့် ဆွေးနွေးပွဲကို ဇန်နဝါရီ ၁၄ ရက်က မြို့နယ်စည်ပင်သာယာရေး ကြီးကြပ်မှု ကော်မတီ ရုံးခန်းမ၌ ကျင်းပသည်။

"မြို့တွင်းမှာ အိမ်တစ်လုံးဆောက်တော့မယ်ဆိုရင် အနည်းဆုံးရပ်ကွက်ထောက်ခံချက်ပါရပါမယ်။ ဆောက်မယ့် အိမ်ပုံစံနဲ့ တွက်ချက်မှုတွေပါမယ်။ နောက်ပြီးတော့ အခုလိုအပ်တာက မီးသတ်ဦးစီးဌာနရဲ့ ထောက်ခံချက်ပါရမယ်။ ကျန်းမာရေးဦးစီးဌာနရဲ့ ထောက်ခံချက်ပါရမယ်။ အဲဒီအမှုတွဲတွေ ပြည့်စုံပြီးရင် တစ်လအတွင်း အိမ်ဆောက်လုပ်ခွင့် ပြန်ချပေးပါတယ်။ စည်ပင်သာယာကနေပြီးတော့ တစ်လအတွင်းခွင့်ပြုမိန့်ပြန်ထုတ်ပေးရပါတယ်။ အမှုတွဲစုံပြီး ခွင့်ပြုမိန့်မပေးလို့ တရားရင်ဆိုင်ရရင် စည်ပင်က ရှုံးမှာဖြစ်ပါတယ်"ဟု စည်ပင်ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးခိုင်က ပြောကြားသည်။

"အထပ်မြင့် အဆောက်အအုံတွေ ဆောက်တဲ့အခါမှာ မိန်းလမ်းကြီးလမ်း ဗဟိုကနေပြီးတော့ ပေ ၅၀ ခွာပြီး ဆောက်ရပါမယ်။ ကလေးမြို့ စည်ပင်အနေနဲ့ကတော့ နှစ်ထပ်အထိပဲခွင့်ပြုနိုင်ပါတယ်။ သုံးထပ်တို့၊ အထပ်မြင့်တို့ဆိုရင်တော့ တိုင်းဒေသကြီးကို တင်ရပါတယ်။ "ကျွန်တော် ကလေးမြို့မှာ အထပ်မြင့် အဆောက်အအုံဆောက်ဖို့ မြို့နယ်စည်ပင်ကို တင်တာ ၂၀၁၀ပြည့်နှစ် နိုဝင်ဘာလမှာ တင်ပါတယ်။ အခု ၂၀၁၃ ခုနှစ် နှစ်ကုန်ခါနီးမှ ခွင့်ပြုမိန့်ရပါမယ်။ သုံးနှစ်နီးပါး ကြာပါတယ်ဟု ဒေသခံပြည်သူ ဦးအောင်မင်းက ပြောသည်။

ကလေးမြို့တွင်း၌ မြို့ခံပြည်သူလူထုမှ တိုက်တာအဆောက်အအုံများ ဆောက်လုပ်ပါက မြို့နယ်စည်ပင်သာယာရေး ကော်မတီသို့ ခွင့်ပြုချက်မတောင်းခံဘဲ ဆောက်လုပ်မှုများရှိနေရာ ယင်းကဲ့သို့ ဆောက်လုပ်မှုများကို စစ်ဆေးတွေ့ရှိပါက စည်ပင်သာယာရေး ဥပဒေများအရ အရေးယူသွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးခမ်လျန်းခိုင်က ပြောကြားသည်။

သျှင်နေမင်း

လွှတ်တော်ရေးရာကဏ္ဍ

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

မြန်မာနှင့် အိန္ဒိယနိုင်ငံအစိုးရတို့အကြား နယ်စပ်ဒေသပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးရေး လွှတ်တော်ကအတည်ပြု

နေပြည်တော် ဇန်နဝါရီ ၁၇

ယနေ့ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးစတုတ္ထနေ့ကို အစီအစဉ်(၁၁)ခုဖြင့် ဆောင်ရွက်ခဲ့ပြီး အစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် လစ်လပ်တစ်နေရာတွင် ဒေါက်တာဒေါ်သီတာဦး [B.A (Law), LL.B, LL.M, Ph.D] (အငြိမ်းစား)ပါမောက္ခ (ဌာနမှူး)အား ခန့်အပ်တာဝန်ပေးရန် လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွေးလွင် ဆွေးနွေးစဉ်။ (သတင်းစဉ်)

အစည်းအဝေး၌ နိုင်ငံတော်သမ္မတထံမှ သဝဏ်လွှာဖြင့်ပေးပို့လာသော **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား နယ်စပ်ဒေသပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးရေး**နှင့်စပ်လျဉ်း၍ မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွေးလွင်က နှစ်နိုင်ငံအစိုးရများအကြား နယ်စပ်ဒေသပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးရန် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များမှာ နှစ်နိုင်ငံနယ်စပ်တစ်လျှောက် တည်ငြိမ်မှုရရှိရေးညှိနှိုင်းဆောင်ရွက်ရန်၊ အကြမ်းဖက်တိုက်ခိုက်မှု၊ တရားမဝင်လက်နက်ကိုင်ဆောင်မှု၊ မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ လူကုန်ကူးမှုနှင့် အခြားတရားမဝင်ကုန်သွယ်မှုများကို သတင်းညှိနှိုင်းတိုက်ဖျက်ရန်၊ နယ်စပ်လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကိုဖော်ဆောင်ရန်၊ နယ်စပ်ဒေသတွင် သတင်းဖလှယ်ခြင်းနှင့် ဟန်ချက်ညီကင်းလှည့်ခြင်း ဆောင်ရွက်ရန်၊ အပြည်ပြည်ဆိုင်ရာ နယ်နိမိတ်ကို နှစ်ဦးနှစ်ဖက် လေးစားလိုက်နာဆောင်ရွက်ရန်တို့ဖြစ်ကြောင်း၊ ရည်ရွယ်ချက်များမှာ နယ်စပ်ဒေသများတွင် အရေးတကြီး အလိုအပ်ဆုံးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ဖြစ်သည့်အတွက် ထောက်ခံအပ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

မိတ္ထီလာမဲဆန္ဒနယ်မှ ဦးဝင်းထိန်ကလည်း မိမိတို့နိုင်ငံသည် ပထဝီအနေအထားအရ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ လာအို၊ တရုတ်၊ ထိုင်းနိုင်ငံတို့နှင့် ဆက်သွယ်ဆက်ဆံနေရပါကြောင်း၊ အိမ်နီးနားချင်းနိုင်ငံဆိုသည်မှာ ရွေးချယ်၍မရပါကြောင်း၊ အရှိအတိုင်း လက်ခံဆက်ဆံရပါကြောင်း၊ ရွေးချယ်ခွင့်မရသောအိမ်နီးနားချင်း နိုင်ငံများကို အတတ်နိုင်ဆုံး ချစ်ကြည်ရင်းနှီးမှုရှိသင့်ပါကြောင်း၊ ချစ်ကြည်ရင်းနှီးမှုမရှိလျှင် အကျိုးရှိနိုင်မည်မဟုတ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုရရှိအောင် ရှေးရှုဆောင်ရွက်သင့်ပါကြောင်း၊ ယခုအခါ မိမိတို့နိုင်ငံနှင့် အိန္ဒိယနိုင်ငံ နယ်စပ်ဒေသပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ စာချွန်လွှာလက်မှတ်ရေးထိုးနိုင်ရေး ကိစ္စသည် နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ရေးနှင့် ချစ်ကြည်ရေး တိုးမြှင့်ရေးအတွက် ရည်ရွယ်သည်ဟုယူဆကြောင်း၊ ယခုကဲ့သို့ စာချွန်လွှာ လက်မှတ်ရေးထိုးပြီး နှစ်နိုင်ငံဆက်ဆံရေးဆောင်ရွက်မည်ဆိုသည်မှာ နှစ်နိုင်ငံနယ်စပ်ဖြတ်သန်းမှုဆိုင်ရာပြဿနာကြီးငယ်များ ရှိနေသည်ဆိုသည့် အချက်ကိုလည်း ထောက်ပြရာ ရောက်ပါကြောင်း၊ သတိပြုရမည့်အချက်မှာ နှစ်နိုင်ငံနယ်နိမိတ်ကိုဖြတ်သန်း၍ တရားမဝင်သယ်ဆောင်ရန် ကြိုးစားသည့် လက်နက်ခဲယမ်းကိစ္စနှင့် မူးယစ်ဆေးဝါးကိစ္စများဖြစ်ကြောင်း၊ နှစ်နိုင်ငံမှ ကိုယ်စားလှယ်များ ပါဝင်သည့်အဖွဲ့များကို လုပ်ပိုင်ခွင့်များ တိုးပေးခြင်းဖြင့်သော်လည်းကောင်း၊ နှစ်နိုင်ငံချစ်ကြည်ရေးအတွက်ရှေးရှု၍ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် သော်လည်းကောင်း ထိုပြဿနာများကို ထိရောက်စွာကိုင်တွယ်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ စာချွန်လွှာလက်မှတ်ရေးထိုးပြီးလျှင် နယ်နိမိတ်သတ်မှတ်ရေးကို အပြီးအပြတ်ဆောင်ရွက်သင့်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးခဲ့သည်။

မိတ္ထီလာမဲဆန္ဒနယ်မှ ဦးဝင်းထိန် ဆွေးနွေးစဉ်။ (သတင်းစဉ်)

ယင်းနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရေးကိစ္စကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

အလားတူ နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **မြန်မာအထူးစီးပွားရေးဇုန်ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်(၂)ဦးက ဆွေးနွေးခဲ့ပြီး ယင်းဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုခဲ့သည်။

ထို့အတူ နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက် (၁၆) ချက်ဖြင့် ပြန်လည်ပေးပို့လာသော **ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း**ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်း၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မိုးကျော်ဦးနှင့် ဗိုလ်မှူးဇော်မြင့်တို့က ဆွေးနွေးခဲ့ကြပြီး ယင်းဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုခဲ့သည်။

အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

သစ်တောစိုက်ခင်းစီမံကိန်းဆောင်ရွက်ခြင်းကြောင့် သစ်တောသယံဇာတများပြန်လည်ဖွံ့ဖြိုးလာမည်

နေပြည်တော် ဇန်နဝါရီ ၁၇

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းထွန်းသည် ဇန်နဝါရီ ၁၃ ရက် မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် မဲဇလီကြိုးဝိုင်းအကွက်အမှတ်(၈၄)နှင့် ဆင်မကြိုးဝိုင်းအကွက်အမှတ်(၇၆) အတွင်းရှိ သဘာဝသစ်တောများအခြေအနေနှင့် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် သစ်တောစိုက်ခင်းစီမံကိန်း လျာထားဧရိယာများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **(ယာပုံ)**

ထို့နောက် မြစ်တရာကြိုးဝိုင်းအကွက်အမှတ်(၁၁၆)ရှိ Asia World Co.,Ltd. ၏ နှစ်ရှည်စိုက်ခင်းစီမံကိန်း ရှင်းလင်းဆောင်တွင် ပုသိမ်ခရိုင်အတွင်း သစ်တောသယံဇာတ ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံမှု သစ်တောစိုက်ခင်းစီမံကိန်း ဆောင်ရွက်ရန် တွေ့ဆုံရှင်းလင်းပွဲသို့တက်ရောက်သည်။

အဆိုပါ တွေ့ဆုံရှင်းလင်းပွဲသို့ ဧရာဝတီတိုင်းဒေသကြီး သစ်တော/သတ္တုဝန်ကြီးဌာန ဝန်ကြီးနှင့်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ပုသိမ်ခရိုင်၊ ငပုတော၊ သာပေါင်း၊ ပုသိမ်နှင့် ရေကြည်မြို့နယ်များမှ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ ပုဂ္ဂလိကစိုက်ခင်းလုပ်ငန်းရှင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် သတင်းမီဒီယာများမှ ဖိတ်ကြားထားသူများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့သည်။



ပြည်ထောင်စုဝန်ကြီးက ဧရာဝတီတိုင်းဒေသကြီးအတွင်း သစ်တောကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောဧရိယာသည် စုစုပေါင်းဧရိယာ၏ ၂၀ ဒသမ ၈၇ ရာခိုင်နှုန်းရှိသော်လည်း သစ်တောဖုံးလွှမ်းမှုဧရိယာသည် ၁၂ ဒသမ ၀၆ ရာခိုင်နှုန်းသာ ကျန်ရှိတော့ပါကြောင်း၊ သစ်တောပြုန်းတီးမှုကြောင့် ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲခြင်းဖြစ်စဉ်များကြောင့် နာဂစ်မုန်တိုင်းအပါအဝင် သဘာဝဘေးအန္တရာယ်များကို ပြည်သူများခံစားနေရကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် သစ်တောကဏ္ဍမှ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရေးနှင့် သစ်တောသယံဇာတ အရင်းအမြစ်များ ရေရှည်တည်တံ့စေရေးအတွက် သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအတွင်း ပျက်စီးပြုန်းတီးသွားသော တောနိမ့်တောပျက်များတွင် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုဖြင့် စီးပွားရေးနှင့်စက်မှုကုန်ကြမ်း သစ်တောစိုက်ခင်းများကို နှစ်ရှည်မြေငှားရမ်းသည့်စနစ်ဖြင့် တည်ထောင်ခွင့်ပြုလျက်ရှိပါကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်ကုမ္ပဏီများအနေဖြင့် သစ်တောကဏ္ဍတွင် ရင်းနှီးမြှုပ်နှံပြီး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ သစ်တောစိုက်ခင်းများမှ သစ်နှင့်သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်လုပ်သုံးစွဲနိုင်ရန်၊ သစ်တောမြေများကို စနစ်တကျ အသုံးပြုရန်နှင့်ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှု သစ်တောစိုက်ခင်းကြီးများ ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရန် Corporate Social Responsibility (CSR) လုပ်ငန်းများ ထည့်သွင်းရေးဆွဲဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ထို့အပြင် ပတ်ဝန်းကျင်နှင့်လူမှုရေး ထိခိုက်မှုဆန်းစစ်ခြင်း(EIA, SIA)၊ ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုစနစ်(EMP)နှင့် ဂေဟစနစ်ဆိုင်ရာ ဝန်ဆောင်မှုအတွက် ပေးချေသည့်စနစ်(Payment for Ecosystem Services-PES) တို့ကိုပါ ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်း ဆောင်ရွက်မည့်ဒေသရှိ ပြည်သူလူထု၏ သဘောထားနှင့်ဆန္ဒများရယူကာ ဆောင်ရွက်အကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်း၊ ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များအား ယှဉ်ပြိုင်စနစ်ဖြင့် အကောင်းဆုံးအဆိုပြုသူကို ရွေးချယ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ စိုက်ခင်းစီမံကိန်းဆောင်ရွက်ခြင်းကြောင့် ဒေသအတွင်း စိမ်းလန်းစိုပြည်ရေးနှင့် သစ်တောသယံဇာတများ ပြန်လည်ဖွံ့ဖြိုးလာမည်ဖြစ်ပြီး ဒေသခံများအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဖြေကြား

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ၊ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များနှင့် သတင်းမီဒီယာများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် ပျိုရွယ်သူမျိုးဆက်ပွား ကျန်းမာရေးအသိပညာပေးဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၇

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများတွင် ပျိုရွယ်သူ မျိုးဆက်ပွားကျန်းမာရေး အသိပညာပေး ဆွေးနွေးခြင်းကို ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီခွဲတွင် တပ်ကုန်းမြို့နယ် အထက (MRTV) တွင် ကျင်းပသည်။ **(ဓာတ်ပုံ)**

အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာန (ကျောင်းကျန်းမာရေး) မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစုစုလင်းနှင့် ကျန်းမာပညာဌာန(CHEB) မှ ဒေါ်စုစုနိုင်နှင့် ဒေါ်ခင်စုလှိုင်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ လက်ထောက်ဆရာဝန်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများ၊ မိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေက အဖွင့်အမှာစကားပြောကြားပြီး ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ဒေါက်တာစုစုလင်းတို့က ကျောင်းသားမိဘများကို အပြုသဘောဆောင်သော သားသမီး၊ မိဘ၊ ဆရာ ဆက်ဆံရေးနှင့် မိဘများ၏ တာဝန်ဝတ္တရားများအကြောင်းနှင့် ဆယ်ကျော်သက်အရွယ်ကလေးများ၏ ကျန်းမာရေး၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် အာဟာရအကြောင်းကို အသိပညာပေးပြောကြားခဲ့သည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ ဆရာဝန်များက အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများကို အဖွဲ့နှစ်ဖွဲ့ခွဲ၍ ပျိုရွယ်သူမျိုးဆက်ပွားကျန်းမာရေး HIV/ AIDS ၊ အရက်၊ ဆေးလိပ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်များအကြောင်း၊ အာဟာရနှင့် မတော်တဆကြုံတွေ့ရသော အန္တရာယ်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအကြောင်းကို အုပ်စုဖွဲ့ ဆွေးနွေးခြင်းများ၊ အပြန်အလှန်ဆွေးနွေးခြင်းများ ပြုလုပ်ပြီး သိသင့်သည်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးစတင်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၇

(၂၃)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၏ရလဒ်များနှင့်စပ်လျဉ်း၍ နောက်ဆက်တွဲဆောင်ရွက်ရန်ရှိသည်များကို ဆောင်ရွက်သွားရန် ၂၀၁၄ ခုနှစ်အတွက် ဦးစားပေးညှိနှိုင်းဆောင်ရွက်သွားရမည့် အာဆီယံ၏လှုပ်ရှားဆောင်ရွက်မှုများ၊ ဒေသဆိုင်ရာနှင့် နိုင်ငံတကာကိစ္စရပ်များကို ၂၀၁၅ ခုနှစ်အလွန် အာဆီအသိုက်အဝန်း တည်ထောင်မှုမျှော်မှန်းချက်ဆိုင်ရာ ဘန်ဒါဆရီဘီဂါဝန်ကြေညာချက်နှင့် အညီ ၂၀၁၅ ခုနှစ်အလွန် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်လုပ်ငန်းဆိုင်ရာ တိုးတက်မှုစသည်တို့ကို အဓိကထားဆွေးနွေးမည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ နန်းမြင့်မျှော်စင်၌ စတင်ကျင်းပသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့က တက်ရောက်လာကြသည့် ပြည်တွင်း ပြည်ပသတင်းမီဒီယာများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားစဉ်။

(သတင်းစဉ်)

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က အစည်းအဝေး တက်ရောက်လာကြသည့် အာဆီယံ နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ အား နန်းမြင့်မျှော်စင်အဝင်မုခ်ဦး၌ ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ပြီး စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြ သည်။

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က အာဆီယံသည် ယခုအခါ လမ်းဆုံလမ်းခွပေါ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ယမန် နှစ်က အာဆီယံဥက္ကဋ္ဌဖြစ်သော ဘရူနိုင်းနိုင်ငံ၏ ဦးဆောင်မှုဖြင့် အာဆီယံအသိုက်အဝန်းကို ဦးတည် သော တိုးတက်ဖြစ်ထွန်းမှုများကို မိမိတို့ ဖော်ဆောင်ခဲ့ကြကြောင်း၊ သို့တိုင်အောင် ၂၀၁၅ ခုနှစ် အာဆီယံ အသိုက်အဝန်း တည်ထောင်ရေး အတွက် လုပ်ငန်းတာဝန်များ ပြီး မြောက်အောင် ဆောင်ရွက်ရေးနှင့် ၂၀၁၅ ခုနှစ်အလွန် အနာဂတ်အတွက် အမြင်သစ်တစ်ရပ် ချမှတ်ရန်တို့ ကျန်ရှိနေဆဲဖြစ်ပါကြောင်း၊ ကွဲပြား ခြားနားမှုသည် မိမိတို့၏ ဝိသေသ လက္ခဏာဖြစ်ပြီး စုစည်းညီညွတ်မှု က မိမိတို့အား ခိုင်မာတောင့်တင်း ၍ ယုံကြည်စိတ်ချရသော အဖွဲ့ အစည်းဖြစ်စေမည်ဖြစ်ကြောင်း၊ မိမိ တို့ စုစည်း၍သော်လည်းကောင်း၊ တသီးတခြားစီသော်လည်းကောင်း ကြိုးပမ်းအားထုတ်မှုများက ငြိမ်းချမ်း သော၊ တည်ငြိမ်သော၊ ကြွယ်ဝသော ဒေသအဖြစ်သို့ ဦးတည်သည့်လုပ်ငန်း စဉ်များကို အထောက်အပံ့ဖြစ်စေနိုင် ခဲ့ကြောင်း၊ မိမိတို့၏ဆောင်ပုဒ်က "တစ်ခုတည်းသောအမြင်၊ တစ်ခု တည်းသော ဝိသေသ၊ တစ်ခုတည်း သော အသိုက်အဝန်း"ဟု ဆိုထား သည်နှင့်အညီ နီးနီးကပ်ကပ် တွယ်ဆက်နေသည့် အသိုက်အဝန်း တစ်ခုအဖြစ် မိမိတို့၏ ပန်းတိုင်ဆီ သို့ တက်လှမ်းရာတွင် ခိုင်မာတောင့် တင်းကျစ်လျစ်စွာ တစုတစည်း တည်း ပေါင်းစည်းရန် လိုအပ် ကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံ ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ရာ တွင် "ငြိမ်းချမ်းသာယာဝပြောသော အသိုက်အဝန်းဆီသို့ စုစည်းညီညွတ် စွာ ချီတက်ကြပါစို့"ဟူ၍ဦးတည်ချက် ချမှတ်ထားပါကြောင်းဖြင့် ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြား သည်။

အဆိုပါ အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ဆောင်ရွက်ပြီး ဘရူနိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Prince Moharned Bolkiahl ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီး Mr. POU Sothiraki၊ အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီး R.M.Dr. Marty M.NA-TALEGAWA၊ လာအိုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Dr. Thongloun Sisolith၊ မလေးရှား နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Dato Seri Anifah Hj.Aman၊ ဖိလစ်ပိုင် နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Albert F. Del.Rosario၊ စင်ကာပူနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး K.Shanmu-gam၊ ထိုင်းနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးကိုယ်စား SihasakPhuan-gketkeow၊ ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Pham Vinh Minh နှင့် အာဆီယံအတွင်းရေးမှူးချုပ် Le Luong Minh တို့ တက်ရောက်ကြသည်။

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ယနေ့ပုဂံတွင် ကျင်းပသော အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်သည်။

ယခုအစည်းအဝေးသည် Moving forward in Unity to a Peaceful and Prosperous Community ဟူသော ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံအာဆီယံ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ၂၀၁၄ ခုနှစ်အတွင်း ကျင်းပမည့် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးများအနက် ပထမဆုံးအစည်းအဝေးဖြစ်သည်။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် အစည်းအဝေးတက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေ[...] တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။

အစည်းအဝေးတွင် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများသည် ၂၀၁၄ ခုနှစ်အတွင်း အာဆီယံ၏ ဦးစားပေး ဆောင်ရွက်မည့် လုပ်ငန်းများကို ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သည် (၂၃)ကြိမ်မြောက် အာဆီယံ ထိပ်သီးညီလာခံတွင် ချမှတ်ခဲ့သော ၂၀၁၅ အလွန် အာဆီယံ အသိုက် အဝန်းအတွက် ရည်မှန်းချက်ကို အကောင်အထည်ဖော်ရန် ဆွေးနွေး ခဲ့ကြသည်။

အဆိုပါ အစည်းအဝေးတွင် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ က အာဆီယံဘုံအကျိုးစီးပွားနှင့် ဆက်စပ်နေသော ကိစ္စရပ်များကို ဖြေရှင်းရာ၌ အာဆီယံ၏ ကြားနေ ရေးမူဝါဒကို ကိုင်စွဲရန် အရေးကြီး ကြောင်း ထပ်လောင်းပြောကြား ခဲ့သည်။

ထို့ပြင် တောင်တရုတ်ပင်လယ် ပြင်တွင် မကြာသေးခင်က ဖြစ်ပေါ် ခဲ့သော အခြေအနေများအပေါ် စိုးရိမ်မကင်းဖြစ်ကြောင်း ပြောကြား ခဲ့ပြီး အဆိုပါ အခြေအနေများကို သက်ဆိုင်ရာ နိုင်ငံများအနေဖြင့် နိုင်ငံတကာ၏ ဥပဒေစံနှုန်းများနှင့် အညီ ငြိမ်းချမ်းသော နည်းလမ်းများ ဖြင့် ဖြေရှင်းကြရန်၊ အပြန်အလှန် ယုံကြည်မှုရှိသော ပတ်ဝန်းကျင် တစ်ခု တည်ဆောက်နိုင်ရန် အတွက် တောင်တရုတ်ပင်လယ်ပြင် နိုင်ငံများ၏ ကျင့်ဝတ်ကြေညာ စာတမ်း (Declaration on the conduct of Parties in the South China Sea-DOC)နှင့် အညီ စာတမ်းပါနိုင်ငံများအနေဖြင့် ပြည့်ပြည့်ဝဝ ထိထိရောက်ရောက် အကောင် အထည်ဖော်ရန်လိုကြောင်း နိုင်ငံခြားရေးဝန်ကြီးများက တိုက် တွန်းခဲ့ကြသည်။

ထို့ပြင် နိုင်ငံခြားရေးဝန်ကြီး များက တောင်တရုတ်ပင်လယ်ပြင် ဆိုင်ရာ ကျင့်ဝတ်(the Code of Conduct in the South China Sea- COC) ကို အမြန်ဆုံးအပြီးသတ်

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်န[...]
အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အ[...]
တက်ရောက်လာကြသူများအား ဂုဏ်ပြုညစာဖြ[...]

နေပြည်တော် ဇန်နဝါရီ ၁၇

မန္တလေးတိုင်းဒေသကြီးညောင်ဦး ခရိုင် ပုဂံမြို့၌ကျင်းပသည့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ သီးသန့် အစည်းအဝေးသို့ တက်ရောက်လာ ကြသည့် နိုင်ငံခြားရေးဝန်ကြီးများ အား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့်ဇနီးတို့က ယနေ့ ည ၇ နာရီတွင် သီရိပစ္စယာဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ သည်။ **(ဓဲပုံ)**

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဇနီး၊ အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေး ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ အဆင့်မြင့်အရာရှိကြီးများ တက် ရောက်ကြသည်။

အလားတူ ယနေ့ နံနက်ပိုင်းတွင် အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေး ဝန်ကြီးများ၏ ဇနီးများသည် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင် လွင်၏ဇနီးလိုက်ပါလျက် ရှေးဟောင်း

ပြည်တွင်းသတင်း

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးကို မန္တလေးတိုင်းဒေသကြီး ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ နန်းမြင့်မျှော်စင်၌ ကျင်းပစဉ်။ (သတင်းစဉ်)

ဒစ်နှုန်းများနှင့်
နည်းလမ်းများ
အပြန်အလှန်
ပတ်ဝန်းကျင်
ဆောက်နိုင်ရန်
တ်ပင်လယ်ပြင်
င့်ဝတ်ကြေညာ
tion on the
rties in the
ea-DOC)နှင့်
င်များအနေဖြင့်
ရောက်ရောက်
က်ရန်လိုကြောင်း
များက တိုက်

ရေးဆွဲနိုင်ရေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်း အလေးထား ပြောကြားခဲ့သည်။

ထို့နောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးနှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့က အစည်းအဝေးရလဒ်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် ပြည်တွင်း ပြည်ပ သတင်းမီဒီယာများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

(သတင်းစဉ်)

နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ စုပေါင်း မှတ်

(သတင်းစဉ်)

ခြားရေးဝန်ကြီး
တ်ပင်လယ်ပြင်
(the Code of
South China
န်ဆုံးအပြီးသတ်

ချုပ် ဦးရဲမြင့်နှင့်ဇနီး
း သီးသန့်အစည်းအဝေးသို့
ဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ

ပြုညစာစားပွဲသို့
နပြည်ထောင်စု
င်လွင်နှင့် ဇနီး၊
နိုင်ငံခြားရေး
းတို့၏ဇနီးများ၊
ီးများ တက်
နံနက်ပိုင်းတွင်
နိုင်ငံခြားရေး
ဇနီးများသည်
ဦးဝဏ္ဏမောင်
က် ရွှေဟောင်း

ယဉ်ကျေးမှုနယ်မြေရှိ သာသနိက အဆောက်အအုံများ၊ ဘုရားပုထိုးများ၊ ရှေးဟောင်းယဉ်ကျေးမှုပြတိုက်နှင့် ဦးဘငြိမ်းယွန်းထည်လုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြပြီး မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၏ဇနီး ဒေါ်လင်းလင်းတင်က သီရိပစ္စယာဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ-မလေးရှား နှစ်နိုင်ငံအကြား သဘောတူစာချုပ် ချုပ်ဆို

နေပြည်တော် ဇန်နဝါရီ ၁၇

ပုဂံရွှေနန်းတော် ဟိုတယ်တွင် ကျင်းပခဲ့သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးနှင့်ဆက်စပ်လျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် မလေးရှားနိုင်ငံ အစိုးရတို့အကြား စီးပွားရေး၊ သိပ္ပံနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာပူးတွဲကော်မရှင်တည်ထောင်မှုသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲတစ်ရပ်ကို ဇန်နဝါရီ ၁၇ ရက်က ပုဂံမြို့ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပသည်။

အဆိုပါ သဘောတူစာချုပ်ကို နိုင်ငံခြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဒါတိုဆရီအာနီဖန် အာမန်တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။ **(ယာပုံ)** လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်နှင့် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

မြန်မာ-မလေးရှား စီးပွားရေး၊ သိပ္ပံနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်တည်ထောင်မှု သဘောတူစာချုပ်ကို နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် တိုးမြှင့်ဆောင်ရွက်နိုင်ရေးကို အခြေခံ၍ နှစ်နိုင်ငံအကြား စီးပွားရေး၊ သိပ္ပံနှင့် နည်းပညာကဏ္ဍတို့တွင် ညှိနှိုင်းဆွေးနွေးမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရာတွင် အထောက်အကူပြုစေရန် ရည်ရွယ်၍ လက်မှတ်ရေးထိုးစာချုပ်ချုပ်ဆိုခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

▲ *ကျောဖုံးမှ*

ကိစ္စရပ်မှာဆိုရင် ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ပြည်တွင်းအလုပ်အကိုင်ရရှိဖို့၊ ပြည်ပအလုပ်အကိုင်ရရှိဖို့ဆိုတဲ့ အပိုင်းနှစ်ပိုင်းချမှတ်ပြီး လုပ်ကိုင်နေတာရှိပါတယ်။

ပြည်တွင်းအလုပ်အကိုင်ရရှိရေးမှာဆိုရင် ကျွန်တော်တို့အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရဲ့ အောက်မှာရှိတဲ့ အလုပ်သမား၊ အလုပ်အကိုင်ရှာဖွေရေးရုံး Labour Exchange Office တွေရဲ့ အလုပ်သမားရုံးတွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ် ၉၁ ရုံးတွေမှာ ဆောင်ရွက်ပေးနေတဲ့ လုပ်ငန်းစဉ်တွေရှိပါတယ်။

လက်ရှိကျွန်တော်တို့ ဖွင့်လှစ်ထားတဲ့ရုံးတွေက တစ်နိုင်ငံလုံးမှာရှိတဲ့ မြို့နယ်တွေကို ခြုံငုံမိခြင်းမရှိသေးတဲ့အပေါ်မှာ ကျွန်တော်တို့ရုံးက ဝန်ထမ်းတွေကို Mobile Team ဆိုပြီး ဖွဲ့စည်းပြီး နိုင်ငံအနှံ့ကိုသွားရောက်ပြီး သက်ဆိုင်ရာမြို့နယ်တွေကို သွားရောက်အလုပ်အကိုင်ရှာပေးနေတာတွေ ရှိပါတယ်။

နောက်တစ်ခါ တစ်ဖက်ကလည်း ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီတွေဆီကို ခွင့်ပြုပေးပြီး ရှာဖွေပေးနေတာရှိပါတယ်။ ဒ့ါအပြင် အလုပ်အကိုင်အခွင့်အလမ်းပြပွဲတွေ ပြုလုပ်ပြီး အလုပ်အကိုင်အခွင့်အလမ်းတွေ ရှာဖွေပေးနေတာရှိပါတယ်။

အလုပ်အကိုင်အခွင့်အလမ်းတွေ ရှာဖွေပေးနိုင်ခဲ့မှုနဲ့ပတ်သက်ပြီး လက်ရှိနိုင်ငံတော်အစိုးရသစ်လက်ထက်မှာ အများကြီးဖွံ့ဖြိုးပြီး အလုပ်အကိုင်တွေ ရရှိလာတယ်ဆိုတာ တင်ပြချင်ပါတယ်။ ကျွန်တော်တို့မှာရှိတဲ့ အချက်အလက်တွေအရဆိုရင် ၂၀၁၀ ပြည့်နှစ်အထိရှိခဲ့တဲ့ အလုပ်အကိုင်ရရှိမှုအရေအတွက်ဟာ ကျွန်တော်တို့ဆောင်ရွက်ပေးနိုင်တာ ၀ ဒသမ ၉၅ သန်းပဲ ရှိခဲ့ပါတယ်။

၂၀၁၃ ခုနှစ်အထိ ကျွန်တော်တို့ နှစ်ချုပ်လိုက်တဲ့အခါမှာ ၁ ဒသမ ၁၃ သန်းအထိ အလုပ်အကိုင်အခွင့်အလမ်းတွေကို ပိုမိုရရှိအောင် ဆောင်ရွက်ပေးနိုင်တာ တွေ့ရှိရပါတယ်။ ထိုနည်းတူပါပဲ ပြည်ပအလုပ်အကိုင်တွေကို ကြည့်မယ်ဆိုရင်လည်း ပြည်ပကို ၂၀၁၀ ပြည့်နှစ်အထိ ၀ ဒသမ ၀၆ သန်း၊ တော်တော်ကို အရေအတွက်နည်းနည်းပဲ တရားဝင်သွားတဲ့ အရေအတွက်ရှိပါတယ်။

၂၀၁၃ ခုနှစ် နိုင်ငံတော်အစိုးရသစ်လက်ထက်မှာ ၀ ဒသမ ၁၅ သန်းအထိ အလုပ်အကိုင်တွေ ပိုမိုရရှိအောင်လုပ်ပေးတာတွေ့ရပါတယ်။ အလုပ်အကိုင်ရရှိတဲ့အပေါ်မှာ ပြည်တွင်းမှာ ကြည့်မယ်ဆိုရင် အစိုးရကဏ္ဍမှာဆိုလည်း လုပ်သားအင်အားပေါင်း သုံးသောင်းကျော် အလုပ်အကိုင်၊ အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်ခဲ့ပါတယ်။

ပုဂ္ဂလိက ကဏ္ဍမှာဆိုရင် ပေါ်ပေါက်လာတဲ့ရင်းနှီးမြှုပ်နှံမှုတွေ၊ FDI တွေ၊ နိုင်ငံရဲ့ ပွင့်လင်းထင်သာမြင်သာမှုတွေအပေါ် မူတည်ပြီး ပုဂ္ဂလိကကဏ္ဍမှာဆိုရင် အလုပ်သမားဦးရေက ၁၁ သန်းအထိ အလုပ်အကိုင်တွေ ဖွံ့ဖြိုးရရှိလာပါတယ်။

နိုင်ငံတော်အစိုးရသစ်လက်ထက် ၂၀၁၁ ခုနှစ်ကနေ ၂၀၁၃ ခုနှစ်အထိ ဖန်တီးပေးနိုင်ခဲ့တဲ့ အလုပ်ရရှိမှုဦးရေကို ကြည့်မယ်ဆိုရင် ၁၂ သိန်း ၈ သောင်း ၆ ထောင်ကျော် ရှာဖွေပေးနိုင်ခဲ့တာကို တွေ့ရှိနိုင်ပါတယ်။

မေး ။ ။ အလုပ်သမားတွေရဲ့ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်တွေရှိရင်လည်း ပြောပြပေးပါဦးခင်ဗျာ။

ဖြေ ။ ။ အလုပ်သမားတွေ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနက ဆောင်ရွက်နေတဲ့ အသက်မွေးဝမ်းကျောင်းပညာရပ်ဆိုင်ရာ သင်တန်းတွေရှိပါတယ်။ ပုဂ္ဂလိက ကဏ္ဍက ဆောင်ရွက်နေတာတွေရှိပါတယ်။

ကျွန်တော်တို့ဝန်ကြီးဌာနက အလုပ်အကိုင်နဲ့ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့ဥပဒေကိုရေးဆွဲပြီး ဥပဒေအောက်မှာ ကော်မတီ ၁၄ ရပ်ဖွဲ့စည်းပြီး ကော်မတီအလိုက် ကျွမ်းကျင်မှုအနေနဲ့ သက်ဆိုင်တဲ့ သင်ရိုးဇယားတွေ ရေးဆွဲရေးဆိုင်ရာကိစ္စတွေ၊ သင်တန်းဆရာတွေရဲ့ အရည်အသွေးကအစ သင်တန်းသားတွေကို စစ်ဆေးအကဲဖြတ်တဲ့စနစ်တွေ၊ အသိအမှတ်ပြုလက်မှတ်တွေထုတ်ပေးဖို့ ကိစ္စတွေအထိ ဆောင်ရွက်လျက်ရှိပါတယ်။

ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးကိစ္စကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနတွေအပြင် ပုဂ္ဂလိက ကဏ္ဍကပါ ပါဝင်ပြီး ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်ရဲ့ လိုအပ်နေတဲ့ အလုပ်အကိုင်၊ အခွင့်အလမ်းတွေ တစ်ဖက်တစ်လမ်းက ရှာဖွေပေးနိုင်မှုတွေ၊ ကျွမ်းကျင်မှုအပေါ်မူတည်ပြီး အလုပ်သမားတွေရဲ့ ပိုမိုမြင့်မားတဲ့လစာတွေ၊ ခံစားနိုင်မှုတွေ ရရှိရေးဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြလိုပါတယ်။

ဦးမျိုးအောင်
ညွှန်ကြားရေးမှူးချုပ်
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

ဒေါ်ခိုင်ခိုင်နွယ်
(စက်မှုကုန်ထုတ်လုပ်ငန်း
အလုပ်ရှင်ကိုယ်စားလှယ်)

ဒေါ်ခိုင်ခိုင်နွယ်
(စက်မှုကုန်ထုတ်လုပ်ငန်းအလုပ်ရှင်ကိုယ်စားလှယ်)

မေး ။ ။ ပုဂ္ဂလိက လုပ်ငန်းရှင်တွေအပိုင်းက အလုပ်အကိုင်၊ အခွင့်အလမ်းတွေ ဖော်ဆောင်ပေးနေမှုနဲ့ပတ်သက်ပြီး သိလိုပါတယ်ခင်ဗျာ။

ဖြေ ။ ။ ကျွန်မတို့ လုပ်ငန်းရှင်တွေအနေနဲ့ အလုပ်အကိုင်၊ အခွင့်အလမ်းတွေ ဖော်ဆောင်ပေးရတဲ့ တာဝန်ကိုယူရပါတယ်။ ပြီးတော့ အလုပ်သမားကို မြန်မြန်ခန့်ထားနိုင်ဖို့လည်း တာဝန်ယူရပါတယ်။ ဒ့ါအပြင် အလုပ်သမားရဲ့ ကျွမ်းကျင်မှုကို မြှင့်တင်ပေးနိုင်ရေးအတွက်လည်း တာဝန်ယူရပါတယ်။ အဓိကအရေးကြီးတာက အလုပ်သမားများရဲ့ စားဝတ်နေရေးကို အထောက်အကူပြုမယ့် အသင့်တော်ဆုံး၊ အဖြစ်နိုင်ဆုံးနဲ့ တတ်နိုင်သလောက် အထိရောက်ဆုံးဖြစ်မယ့် လစာကိုပေးဖို့လည်း တာဝန်ယူရပါတယ်။

ဒီလိုလစာပေးတဲ့အပိုင်းမှာ ကျွမ်းကျင်မှု၊ ထုတ်လုပ်မှုနဲ့အများကြီး ပတ်သက်တဲ့အတွက်ကြောင့် မြန်မာနိုင်ငံအနေအထားနဲ့ ကျွန်မတို့ရဲ့ အတွေ့အကြုံအရ ပြောရမယ်ဆိုရင် အလုပ်သမားများရဲ့ ကျွမ်းကျင်မှုကို ထပ်မံမြှင့်တင်ဖို့လိုနေသေးတာကို တွေ့ရပါတယ်။ ကိုယ့်ရဲ့လုပ်သားတွေကို သူတို့ရဲ့စားဝတ်နေရေးအထောက်အကူပြုမယ့် လစာတစ်ခုကို အထိရောက်ဆုံးပေးနိုင်ဖို့ဆိုရင် လုပ်သားများရဲ့ကျွမ်းကျင်မှုကို အများဆုံးမြှင့်တင်ပေးနိုင်ဖို့ ကျွန်မတို့ အများကြီး ကြိုးစားကြရဦးမှာပါ။

ဒါကိုလည်း ကုန်ထုတ်ကဏ္ဍမှာရှိတဲ့ အသင်းအဖွဲ့အားလုံးအသီးသီးက ဆိုင်ရာဆိုင်ရာမှာ သင်တန်းကျောင်းတွေနဲ့ပေးနေတာရှိသလို ကိုယ့်ရဲ့လုပ်ငန်းတွေမှာလည်း တစ်နိုင်တစ်ပိုင်သင်တန်းတွေ ပေးနေတာရှိပါတယ်။ ဒါက ကျွမ်းကျင်မှုကို မွေးထုတ်ပေးနေတဲ့အပိုင်းမှာ မွေးထုတ်နေသော်လည်းပဲ တကယ်တန်းလိုအပ်တဲ့ကျွမ်းကျင်မှုကို စက်ရုံ၊ အလုပ်ရုံတွေက ရရှိနေခြင်းဟာ အလွန်နည်းနေသေးပါတယ်။

အလုပ်အကိုင် ဖော်ဆောင်ပေးနိုင်မှုအပိုင်းကို ပြောရမယ်ဆိုရင် နှစ်ပိုင်းရှိပါတယ်။ ပြည်တွင်းလုပ်ငန်းတွေ ဖန်တီးဖော်ဆောင်ပေးနိုင်တာတစ်ခုနဲ့ ပြည်ပရင်းနှီးမြှုပ်နှံမှုကို ဖန်တီးဖော်ဆောင်ပေးနိုင်တာ တစ်ခုရှိပါတယ်။

မေး ။ ။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ပတ်သက်ပြီး တိုးတက်လာတဲ့အခြေအနေအပေါ်မူတည်ပြီး အလုပ်အကိုင်၊ အခွင့်အလမ်းတွေ ပိုမိုရရှိလာတာရှိရင်လည်း ဆက်စပ်ပြောပြပေးပါခင်ဗျာ။

ဖြေ ။ ။ ကျွန်မက ကုန်ထုတ်ကဏ္ဍကို ကိုယ်စားပြုတဲ့အတွက် စက်မှုကဏ္ဍကို ပြောရမယ်ဆိုရင် ကျွန်မတို့မြန်မာနိုင်ငံရဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ လာရောက်ရင်းနှီးမြှုပ်နှံတဲ့ လုပ်ငန်းရှင်များရဲ့ စာရင်းကိုကြည့်တဲ့အခါမှာ စက်မှုကဏ္ဍမှာ လာရောက်ရင်းနှီးမြှုပ်နှံတဲ့ ပမာဏဟာ ဒီနှစ် နိုဝင်ဘာလမှာ ၈ ရာခိုင်နှုန်းအထိ တက်လာတာကို တွေ့ရပါတယ်။

မနှစ်ကဆိုရင် ၃ ရာခိုင်နှုန်းလောက်ပဲရှိပါတယ်။ စျေးကွက်ရှယ်ယာတွေများလာတဲ့အတွက် ရင်းနှီးမြှုပ်နှံမှုတွေ အများကြီးဝင်လာတယ်လို့ ပြောလို့ရပါတယ်။ ရင်းနှီးမြှုပ်နှံမှုဝင်လာရင် လုပ်ငန်းပိုလျှံမှုဖြစ်လာတဲ့အတွက် အလုပ်အကိုင်ဖန်တီးမှုကလည်း သူနဲ့တစ်ပါတည်းပါလာမှာဖြစ်ပါတယ်။

ကျွန်မတို့ရရှိထားတဲ့ စာရင်းဇယားအရ ၂၀၁၃-၂၀၁၄ မှာ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုအရ ဆောင်ရွက်တဲ့လုပ်ငန်းများရဲ့ အလုပ်အကိုင်ခံစားမှုမှာ ပြည်တွင်းလုပ်သား ၇၀၀၀ ကျော် ခန့်ထားနိုင်ခဲ့တာကို တွေ့ရပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအရဆောင်ရွက်တဲ့ လုပ်ငန်းများမှာတော့ ၂၀၁၃-၂၀၁၄ ခုနှစ် ဒီဇင်ဘာလအထိ စက်မှုကဏ္ဍမှာ အလုပ်ခန့်ထားနိုင်မှုအနေအထားဟာ ပြည်တွင်းအလုပ်သမား ၄၇၀၀၀ ကျော်လောက်ကို ခန့်ထားနိုင်ခဲ့တာကို တွေ့ရပါတယ်။

နိုင်ငံတစ်ဝန်းမှာ လုပ်ငန်းကဏ္ဍတွေအများကြီးရှိပါတယ်။ စက်မှုကဏ္ဍတစ်ခုတည်းမဟုတ်ပါဘူး။ အခြားကဏ္ဍတွေလည်း အများကြီးရှိတဲ့အတွက် အလုပ်အကိုင်ဖော်ဆောင်မှုတွေအများကြီးရှိမယ်လို့ ကျွန်မယုံကြည်ပါတယ်။

သို့သော်လည်း အရေးကြီးတာက အလုပ်အကိုင်ဖော်ဆောင်မှုတွေများပြီးတော့ ဒီမှာအလုပ်လုပ်တဲ့ အလုပ်သမားတွေရဲ့ကျွမ်းကျင်မှုကို မြှင့်တင်မပေးနိုင်ဘူးဆိုရင် ကျွန်မတို့သွားချင်တဲ့ ရည်မှန်းချက်ပန်းတိုင်ဖြစ်တဲ့ အလုပ်သမားများရဲ့ဘဝကို ထိရောက်စွာ အကျိုးပြုနိုင်မယ့် လစာတစ်ခုပေးဖို့ဆိုတဲ့အပိုင်းမှာ လုပ်ငန်းရှင်တွေအတွက် နည်းနည်းအဆင်မပြေတာလေးတွေဖြစ်ရတာရှိပါလိမ့်မယ်။

ဒါကြောင့် ကျွမ်းကျင်မှုမြှင့်တင်ပေးဖို့အတွက်ကို အာရုံစိုက်ပြီးတော့ လုပ်ဆောင်သွားဖို့ လိုတယ်လို့ပြောချင်ပါတယ်။ ကျွန်မကတော့ ကုန်ထုတ်လုပ်ငန်းရဲ့ ကိုယ်စားလှယ်လည်းဖြစ်တယ်။ နောက်ပြီးတော့ ကျွန်မတို့လုပ်ငန်းကလည်း အထည်ချုပ်လုပ်ငန်းဖြစ်တဲ့အတွက် ရင်းနှီးမြှုပ်နှံမှု စက်မှုကဏ္ဍမှာ အများဆုံးဝင်လာတာလည်း အထည်ချုပ်လုပ်ငန်းပဲ ဖြစ်ပါတယ်။ ဒီလက်ခစားစနစ်ကို အခြေပြုတဲ့ လုပ်ငန်းမျိုးတွေ အများကြီး တွေ့ရပါတယ်။

၂၀၁၂ ခုနှစ်လောက်က အထည်ချုပ်လုပ်ငန်းကဏ္ဍကြီးတစ်ခုလုံးမှာ လုပ်သားခန့်ထားနိုင်မှုဟာ ၈၀၀၀၀ လောက်ပဲရှိခဲ့ပါတယ်။ စက်ရုံဆိုရင်လည်း ထိထိရောက်ရောက်လုပ်နေတဲ့စက်ရုံ ၁၀၀ သာသာလောက်ပဲရှိပါတယ်။ ၂၀၁၃ ခုနှစ် အကုန်လောက်မှာတော့ စာရင်းဇယားကိုပြန်ကြည့်တဲ့အခါ လုပ်သားအင်အားတစ်သိန်းခွဲအထိ ခန့်ထားနိုင်တာကို တွေ့ရပါတယ်။ ပြီးတော့ စက်ရုံပေါင်းကလည်း နှစ်ရာကျော်အထိ တိုးမြှင့်လာတာကို တွေ့ရပါတယ်။

စက်မှုကဏ္ဍမှာ လုပ်ငန်းများဖော်ဆောင်ပေးနိုင်မှုမှာလည်း အပေါင်းလက္ခဏာတွေ မြင်လာသလို အလုပ်သမားများ အလုပ်ရရှိမှုနဲ့ အလုပ်ခန့်ထားနိုင်မှုမှာလည်း အပေါင်းလက္ခဏာတွေ တွေ့ရပါတယ်။ အပေါင်းလက္ခဏာတွေတွေ့လို့ရပ်နေပြီလားဆိုတော့ မဟုတ်ပါဘူး။ ကျွန်မတို့နိုင်ငံမှာ ဒီထက်ကိုပိုပြီးတော့ လုပ်နိုင်တဲ့ အခြေအနေတွေလည်း အများကြီးရှိပါတယ်။ ကူညီပံ့ပိုးမှုတွေလည်း အများကြီးရှိပါတယ်။ ဒါကိုရှေ့ဆက်ပြီးတော့ တိုးတက်အောင်ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပြည်တွင်းသတင်း

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၇

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ဦးအုန်းမြင့်၊ ဒေါက်တာဖေသက်ခင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် တာဝန်ရှိသူများသည် လေရှီးမြို့သို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရန် ရောက်ရှိနေသော သီတဂူအဓိပတိဆရာတော်အား ပင့်ဆောင်လျက် ဇန်နဝါရီ ၁၂ ရက် နံနက်ပိုင်းတွင် တပ်မတော်ရဟတ်ယာဉ်ဖြင့် လေရှီးမြို့မှ ထွက်ခွာလာရာ လဟယ်မြို့သို့ ရောက်ရှိကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လဟယ်မြို့ ပြည်သူ့ဆေးရုံတွင် သီတဂူ အဓိပတိဆရာတော် ဦးဉာဏိသရ ဦးဆောင်မှုဖြင့် ဘယ်လ်ဂျီယံနိုင်ငံမှ မျက်စိနှင့် အထွေထွေခွဲစိတ်ဆရာဝန်၊ သူနာပြုအဖွဲ့ သီတဂူမျက်စိအထူးကုအဖွဲ့တို့က ဆောင်ရွက်လျက်ရှိသော ဒေသခံပြည်သူများအား မျက်စိခွဲစိတ်ကုသမှု၊ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ခွဲစိတ်ကုသမှုခံယူသော လူနာများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ယင်းနောက် အခြေခံပညာအထက်တန်းကျောင်းဝင်း အတွင်း တိုးချဲ့ကျောင်းဆောင်သစ်အဆောက်အအုံဆောက်လုပ်နေမှု၊ နယ်စပ်ရေးရာဝန်ကြီးဌာန ရန်ပုံငွေဖြင့် ဆောက်လုပ်လျက်ရှိသော အရာထမ်းနေအိမ်နှင့် ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာများ တည်ဆောက်ရေးလုပ်ငန်းခွင်နှင့် သီတဂူအဓိပတိဆရာတော် ဆောက်လုပ်လှူဒါန်းသည့် သာသနိကအဆောက်အအုံ တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းတွင် လဟယ်မြို့အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး လဟယ်မြို့ မြို့နယ်ခန်းမ၌ ဌာနဆိုင်ရာများနှင့် ဒေသခံများအား တွေ့ဆုံခဲ့ရာ လဟယ်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ဒေသဆိုင်ရာအချက်အလက်များနှင့် မြို့နယ်အတွင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ လဟယ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဆားမူက ဒေသဆိုင်ရာလိုအပ်ချက်များ၊ တာဝန်ရှိသူများက ဆင်သေ-လဟယ်လမ်း၊ လဟယ်-ဒုံဟီးလမ်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးစံကြူးက ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်ရွက်နေမှုနှင့် လိုအပ်ချက်များကို တင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်ပေးမည့် အစီအမံများကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်အဖွဲ့က ဒေသဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ငွေများ၊ ကျေးလက်ဒေသအထောက်အကူပြုပစ္စည်းများ၊ ဆေးပစ္စည်းများ၊ ဆေးကုသမှုခံယူနေသော လူနာများအတွက် ထောက်ပံ့ငွေများနှင့် Sky Net ရုပ်သံဖမ်းစက်များတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားရာတွင် နာဂရိုးရာနှစ်သစ်ကူးပွဲတော် ကျင်းပသည့်ကာလတွင် နာဂတိုင်းရင်းသားညီအစ်ကို မောင်နှမများနှင့်တွေ့ဆုံပြီး ဒေသ၏လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးရန် ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ လဟယ်မြို့သည် ယခင်ကသွားလာရေးခက်ခဲသော်လည်း ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ၏ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှုကြောင့် ယခင်ကထက် လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံများ ပိုမိုဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှ စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီး လူနေမှုအဆင့်အတန်းမြင့်မားလာမှာဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးကဏ္ဍများ အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် ဒေသခံများ၏ ပူးပေါင်းပါဝင်မှုမှာ အရေးကြီးကြောင်း၊ နိုင်ငံတော်က ခွင့်ပြုပေးသည့် ဘတ်ဂျက်ရန်ပုံငွေများအား စနစ်တကျသုံးစွဲပြီး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်း၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ ကျေးရွာများ မီးလင်းရေး၊ ကျေးလက်လမ်းများ ကောင်းမွန်ရေးအတွက် တစ်နှစ်ထက်တစ်နှစ်တိုး၍ ဆောင်ရွက်သွားရန်လိုကြောင်းဖြင့် ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တပ်မတော်ရဟတ်ယာဉ်ဖြင့် လဟယ်မြို့မှ ထွက်ခွာလာရာ ထန်ပါခွေမြို့နယ်ခွဲသို့ ရောက်ရှိပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က တက်ရောက်လာကြသော ကျေးရွာများမှ တိုင်းရင်းသားကိုယ်စားလှယ်များအား ထောက်ပံ့ငွေများ၊ ဆိုလာမီးအိမ်များ၊ စိုက်ပျိုးရေးအထောက်အကူပြုပစ္စည်းများ၊ အဝတ်အထည်များ၊ ကျောင်းသုံးဗလာစာအုပ်များ စသည်တို့ကို ထောက်ပံ့ပေးအပ်ကြသည်။ (ဝပုံ)

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ထန်ပါခွေမြို့နယ်ခွဲ အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းသားကျောင်းသူများ စာသင်ကြားနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တပ်မတော်လေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ မွန်းလွဲပိုင်းတွင် လဟယ်မြို့သို့ ရောက်ရှိသည်။

ယင်းနောက် လဟယ်-ဒုံဟီးလမ်းပိုင်းရှိ ရောင်ကွန်ချောင်းတံတားနှင့် ကျားဝမ်ချောင်းတံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး တံတားပေါ်သို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

လဟယ်-ဒုံဟီးလမ်းသည် မိုင် ၆၀ ရှည်လျားပြီး အဆိုပါလမ်းကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အထိ သုံးနှစ်ခွဲ၍ နယ်စပ်ရေးရာဝန်ကြီးဌာန၏ ငွေအပ်လမ်းအဖြစ် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးကိုယ်စားအမှတ် (၉၀၉) စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းက လုပ်ငန်းအဖွဲ့ လေးဖွဲ့ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ဖွင့်လှစ်သော ရောင်ကွန်ချောင်းတံတားနှင့် ကျားဝမ်ချောင်းတံတားတို့၏ တံတားအမျိုးအစားမှာ အုတ်မြစ် ကိုးပေ အချင်းရှိ သံကူကွန်ကရစ်ရေတွင်းခွေပိုင်တိုင်၊ အောက်ထည်သံကူကွန်ကရစ်၊ အပေါ်ထည်နှစ်လွှာ တစ်ထပ်ဘေလီနှင့် Steel Decking ဖြစ်ပါသည်။ တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၁၃ တန်ရှိပြီး တံတား အရှည် ပေ ၂၀၀၊ ခန်းဖွင့် ပေ ၁၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

နေပြည်တော် ဇန်နဝါရီ ၁၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဌာနချုပ် သင်တန်းကျောင်း ဘက်စုံစွမ်းဆောင်ရည်မြှင့်တင်ရေး စီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ်(၂)မှ နည်းပြနှင့် သင်တန်းသား သင်တန်းသူ ၁၀၅ ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီမှ ပါတီဝင် ၁၂၅ ဦး၊ မုံရွာစီးပွားရေးတက္ကသိုလ် MPA First Year(14th Batch) မှ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူ ၃၄ ဦးတို့သည် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကျင်းပနေပုံများကို လာရောက်လေ့လာကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၇)ကြိမ်မြောက် အရှေ့တောင်အာရှ မသန်စွမ်းအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားအတွက် လေ့ကျင့်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၇

ယဉ်ကျေးမှုဝန်ကြီးဌာနသည် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများ၊ (၇)ကြိမ်မြောက် အရှေ့တောင်အာရှ မသန်စွမ်းအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားများကို ခံ့ညားထည်ဝါစွာ၊ အောင်မြင်စွာ ကျင်းပပြီး မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာရသများကို တင်ပြခဲ့ပြီးဖြစ်သည်။

ပူးပေါင်းကပြသွားမည်

ယခုအခါ(၇)ကြိမ်မြောက် အရှေ့တောင်အာရှမသန်စွမ်းအားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကိုလည်း ထည်ဝါသပ်ရပ်စွာ တင်ဆက်ကပြနိုင်ရေးအတွက် နေပြည်တော်ရှိ ရွာတော်လေ့ကျင့်ရေးစခန်းတွင် စုပေါင်းလေ့ကျင့်လျက်ရှိသည်။ ပိတ်ပွဲအခမ်းအနား၏ဖျော်ဖြေတင်ဆက်မှုများသည် မြန်မာနိုင်ငံရှိ မသန်သော်လည်း စွမ်းအားရှိ မောင်မယ်၊ လူငယ်တို့၏ သီဆိုမှု၊ ကပြမှုများကို အနုပညာဦးစီးဌာန၊ ထုတ်လုပ်ဌာနခွဲမှအနုပညာရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ လူငယ်ယဉ်ကျေးမှုအဖွဲ့များနှင့် လည်းကောင်း၊ မန္တလေးမြို့ရှိ အခြေခံပညာအလယ်တန်းကျောင်းနှင့်အထက်တန်းကျောင်းများမှ ကျောင်းသူကလေးများနှင့်လည်းကောင်း ပူးပေါင်းကပြသွားမည်ဖြစ်ကြောင်း သိရသည်။

(၈)ကြိမ်မြောက် အရှေ့တောင်အာရှမသန်စွမ်းအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် စင်ကာပူနိုင်ငံ၏ Wheel Chair ဘီးတပ်ကုလားထိုင်အကနှင့်လည်း ဖျော်ဖြေရန်ရှိကြောင်း သိရသည်။

ပိတ်ပွဲအခမ်းအနားနှင့်တစ်ဆက်တည်းမှာပင် အာဆီယံမသန်စွမ်းအားကစားမောင်မယ်များ၊ ပိတ်ပွဲတွင် ပါဝင်ကပြသော ယဉ်ကျေးမှုအဖွဲ့နှင့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဖျော်ဖြေသည့်အနေဖြင့် ကချင်ပြည်နယ်မှ မနောအကအဖွဲ့ဝင် ကျောင်းသား ကျောင်းသူများနှင့် နိုင်ငံကျော်ခေတ်ပေါ်တေးသံရှင်များက တေးသီချင်းများဖြင့် သီဆိုဂုဏ်ပြုကြမည်ဖြစ်ပြီး အခမ်းအနားမှူးနှင့် အစီအစဉ်တင်ဆက်သူများအဖြစ် ကိုဇော်မျိုးဦးနှင့် မိုးစက်ဝိုင်တို့က ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၊ မြေကွက်အမှတ် ၃၉/ဏ၊ မြေကွက်တည်နေရာအမှတ် ၃၉/ဏ၊ ၅၃ ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် ဦးသော်ဇင် အမည်ပေါက် B လ/န-၃၉ မြေအားအမည်ပေါက် ဦးသော်ဇင်(ဖခင်)နှင့် မိခင်ဒေါ်သန်းတင် ကွယ်လွန်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ထောက်ခံချက်၊ တရားရုံးကတိသစ္စာပြုလွှာများတင်ပြ၍သမီးဖြစ်သူ ဒေါ်အုန်းစိန် ၁၂/မရက (နိုင်)၀၀၅၈၆၁ နှင့် သားဦးသိန်းလှိုင် ၁၂/ဥကမ(နိုင်)၁၃၆၈၃၈တို့ထံမှ GP အမှတ် ၁၃၄၉၆/ ၃-၈-၁၂ ဖြင့် GP ရသူ ဦးအောင်ကျော် ၁၂/သဃက(နိုင်)၁၄၅၆၃၃က ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်း နှင့် ပါဝါမရုပ်သိမ်းသေးသည်မှာမှန်ကန်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

လူပျောက်

ရမည်းသင်းမြို့၊ ဝါတိုးအနောက်၊ လ/၃၈နေ ဦးဆန်းလွင် ၉/ရမသ(နိုင်)၁၀၄၁၂၂၏ ဇနီး ဒေါ်မြတ်မြတ်ထွေး ၉/ရမသ(နိုင်)၀၈၆၉၂၉ သည် ၆-၉-၂၀၁၃ရက်တွင် နေအိမ်မှ ဆင်းသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်အကြောင်းကြားပေးရန်နှင့် သွေးဆောင်ဖြားယောင်းလက်ခံထားသူအား တရားဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ပါသည်။

ဆက်သွယ်ရန် ဦးဆန်းလွင် ဖုန်း-၀၉-၂၁၇၄၀၈၅

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွမ်းလုံခရိုင်အတွင်းရှိ ကွမ်းလုံမြို့နယ်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ပြည်နယ် လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ လမ်းခင်းပစ္စည်းများအား လမ်းအလိုက်၊ အပိုင်းလိုက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အိတ်ဖွင့်တင်ဒါအမှတ်		**အမှတ်(၃)(၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်)**
၁။ **လိုအပ်သောကျောက်မျိုးစုံ**	-	၁၆၅၀.၀၀ ကျင်း
၂။ ဖြုန်းကျောက်	-	၅၂၇.၅၀ ကျင်း
၃။ တင်ဒါပိတ်မည့်ရက်/အချိန်	-	၂-၂-၂၀၁၄ရက် ၀၆း၀၀ နာရီ
၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်**	-	၃-၂-၂၀၁၄ရက် ၀၉း၀၀ နာရီ
၅။ **တင်ဒါတင်သွင်း/ စိစစ်ရွေးချယ်မည့်နေရာ**	-	ခရိုင်အင်ဂျင်နီယာမှူးရုံး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ကွမ်းလုံမြို့။ ဖုန်း-၀၈၂-၇၀၀၁၀

၆။ အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

အထူးလှိုက်လှဲဂုဏ်ယူဝမ်းမြောက်ခြင်း

အစ်ကိုကြီးတစ်ယောက်လို ချစ်ခင်ရှိသေလေးစားရပါသော (ဦးငွေးမြင့် ဒု-ဥက္ကဋ္ဌ ACE Construction Group) (Chair Man Road to Ayeyarwaddy Co.,Ltd & Life Ayar Purified Drinking water) အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၄ ဖြင့် နိုင်ငံတော်မှပေးအပ်ချီးမြှင့်သော သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန်ချီးမြှင့်အပ်နှံခြင်းခံရသည့်အတွက် အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် နိုင်ငံအကျိုး၊ သာသနာတော်အကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ရိုသေလေးစားစွာဖြင့် ဆုတောင်းမေတ္တာပို့အပ်ပါသည်။

ဦးစိုးဝင်း-ဒေါ်မြသန်းနု (G-15 ACE Construction Group)
ဦးဝင်းကျော်-ဒေါ်နွဲ့နွဲ့အေး (G-22 ACE Construction Group)
ဦးမြင့်လွင်-ဒေါ်မို့မို့ငယ် (G-7 ACE Construction Group)

မန်စီမြို့နယ် ကောင်လွင်ကျေးရွာ၌ မူလွန်ကျောင်းပြုပြင်ရန် ထောက်ပံ့ငွေပေးအပ်

မန်စီ ဇန်နဝါရီ ၁၇

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး သစ်တော/လယ်ယာ၊ သားငါး/သစ်တောကဏ္ဍဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ၏ ကချင်ပြည်နယ် ဗန်းမော်ခရီးစဉ်၌ မန်စီမြို့နယ် ဒေသခံများ၏ တင်ပြချက်အရ မန်စီမြို့နယ်ကောင်လွင်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ပြင်ဆင်ရန် ခွင့်ပြုရန်ပုံငွေကျပ် ၂၁၇၂၀၀၀ ကို လွှဲပြောင်းပေးအပ်ခဲ့ရာ အဆိုပါငွေကို ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီက ဗန်းမော်ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးခန်း၌ ခရိုင်အဆင့်ဌာနဆိုင်ရာများ၏ ရှေ့မှောက်၌ ဗန်းမော်ခရိုင်မှူး ဦးဝင်းမြင့် -၅ က မန်စီမြို့နယ်ပညာရေးမှူး ဦးခယ်မန်းသို့ မန်စီမြို့နယ်အုပ်ချုပ်ရေးမှူး/မန်စီမြို့နယ် သစ်တောဦးစီးအရာရှိ ဦးသက်နိုင်တို့၏ ရှေ့မှောက်တွင် ခွင့်ပြုငွေကျပ် ၂၁၇၂၀၀၀ ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

(ခရိုင် ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ နှစ်ပတ်လည်လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို ဇန်နဝါရီ ၁၀ ရက်က မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် အမှတ်(၉) ပုညကာရီဆွမ်းစား ကျောင်းခန်းမ၌ ကျင်းပစဉ်။ (၀၁၅)

စာမျက်နှာ ၆ မှ

နိုင်ငံတကာမှ ပညာရှင်များနှင့် တွဲဖက်၍ နိုင်ငံတကာစံနှုန်းအတိုင်း ကွင်းဆင်းလေ့လာမှုပြုလုပ်ခဲ့ပြီး ဆန်းစစ်ချက်များအရ မိခင်နှင့်မွေးကင်းစကလေးမေးခိုင်ရောဂါသည် မြန်မာနိုင်ငံတွင် ကင်းစင်ပပျောက်သွားကြောင်း ၂၀၁၀ ခုနှစ် မေလ ၁၈ ရက်နေ့တွင် အတည်ပြုနိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံရှိ မြို့နယ်တိုင်း၌ အရှင်မွေး ၁၀၀၀ လျှင် မွေးကင်းစကလေးမေးခိုင်ရောဂါ ဖြစ်ပွားမှု တစ်ယောက်အောက်လျော့နည်း၍ ၎င်းရောဂါသည် ၂၀၁၀ ခုနှစ်မှစ၍ ပြည်သူ့ကျန်းမာရေးပြဿနာ မဟုတ်တော့ပါ။

မေးခိုင်ရောဂါပိုးကို ကမ္ဘာမြေပေါ်မှလုံးဝပျောက်ကွယ်သွားအောင် မလုပ်ဆောင်နိုင်ပါ။ မိခင်နှင့် မွေးကင်းစကလေးမေးခိုင်ရောဂါ ကင်းစင်ပပျောက်နေသောအခြေအနေကို ဆက်လက်ထိန်းသိမ်းနိုင်ရန် အောက်ဖော်ပြပါနည်းဗျူဟာများဖြင့် လုပ်ငန်းများအကောင်အထည်ဖော်ရန် လိုအပ်ပါသည်။

(က) ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ရောဂါကာကွယ်ဆေးထိုးပေးသော ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းကို အားဖြည့်ဆောင်ရွက်ခြင်းနှင့် မေးခိုင်ရောဂါကာကွယ်ဆေးသည် ကိုယ်ဝန်ဆောင်မိခင် (၈၀)ရာခိုင်နှုန်းအထက် လွှမ်းခြုံနိုင်အောင် အားဖြည့်ဆောင်ရွက်ခြင်း။

(ခ) ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်း လက်လှမ်းမမီသောဒေသများနှင့် မွေးကင်းစကလေးမေးခိုင်ရောဂါကူးစက်မှုအန္တရာယ် မြင့်မားသောဒေသများတွင် ကိုယ်ဝန်ဆောင်သားဖွားနိုင်သည့်အရွယ်ရှိ အမျိုးသမီးများအား အစုလိုက်အပိုဆောင်းကာကွယ်ဆေးထိုးပေးခြင်း။

(ဂ) သန့်ရှင်းစွာမွေးဖွားပေးခြင်းနှင့် ချက်ကြိုးပြုစုစောင့်ရှောက်ခြင်း။

(ဃ) မွေးကင်းစကလေးမေးခိုင်ရောဂါဖြစ်ပွားမှု စောင့်ကြပ်ကြည့်ရှုခြင်းကို အားဖြည့်ဆောင်ရွက်ခြင်း။

(င) ဆုံဆို့နှင့် မေးခိုင်ရောဂါကာကွယ်ဆေးကို ကျောင်းဝင်စကျောင်းသား ကျောင်းသူများကိုထိုးပေးရန် ကျောင်းအခြေခံကာကွယ်ဆေးထိုးလုပ်ငန်း စတင်အကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်ပါသည်။

မိခင်နှင့်မွေးကင်းစကလေး မေးခိုင်ရောဂါကင်းစင်ပပျောက်မှု အခြေအနေ ထိန်းသိမ်းခြင်းလုပ်ငန်းတစ်ခုအနေဖြင့် မွေးကင်းစကလေးမေးခိုင်ရောဂါကူးစက်ပြန့်ပွားမှု အခြေအနေရှိသော မြို့နယ် ၂၂ မြို့နယ်တွင် အစုလိုက် အပိုဆောင်းမေးခိုင်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်း (၂၀၁၄) ကို ဆောင်ရွက်မည်ဖြစ်ပါသည်။ အဆိုပါမြို့နယ်များမှာ နေပြည်တော်ကောင်စီနယ်မြေရှိ လယ်ဝေးမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးရှိ ကျုံပျော်နှင့် ငပုတောမြို့နယ်၊ ပဲခူးတိုင်းဒေသကြီးရှိ ဒိုက်ဦး၊ ကဝ၊ ရေတာရှည်၊ လက်ပံတန်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးရှိ အမရပူရ၊ ကျောက်ဆည်၊ ညောင်ဦး၊ ပျော်ဘွယ်နှင့် သာစည်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ ရွှေဘိုနှင့် ယင်းမာပင်မြို့နယ်၊ ရှမ်းပြည်နယ်ရှိ သီပေါ၊ လားရှိုး၊ ရပ်စောက်၊ တောင်ကြီးမြို့နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးရှိ လှိုင်သာယာ၊ မင်္ဂလာဒုံ၊ ဒဂုံမြို့သစ်(တောင်ပိုင်း) နှင့် ရွှေပြည်သာမြို့နယ်တို့တွင် ၂၀၁၄ ခုနှစ် ဇန်နဝါရီလ၊ ဖေဖော်ဝါရီလနှင့် ဩဂုတ်လများတွင် ၁၇ ရက်မှ ၃၀ ရက်အထိ ဆောင်ရွက်မည်ဖြစ်ပြီး အသက် ၁၅ နှစ်မှ ၄၅ နှစ်အရွယ် အမျိုးသမီး စုစုပေါင်း ၁ ဒသမ ၄ သန်းကျော်ကို မေးခိုင်ရောဂါကာကွယ်ဆေး သုံးကြိမ်ထိုးနှံပေးမည် ဖြစ်ပါသည်။

ကျန်းမာရေးဌာနဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများက အစုလိုက် အပိုဆောင်း ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို အောင်မြင်အောင်ဆောင်ရွက်နိုင်ရန်အတွက် လူမျိုးတိုင်း၊ ဘာသာတိုင်းမှ မိဘပြည်သူများ၊ ဘာသာရေးလူမှုရေးခေါင်းဆောင်များ၊ အစိုးရဌာနအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပြည်တွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လူမှုရေးအဖွဲ့အသီးသီးတို့ကို အဘက်ဘက်မှ စောင့်ရှောက်ကူညီပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၊ အခြားကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းခေါင်းဆောင်များနှင့်တကွ ပုဂ္ဂလိကကဏ္ဍအပါအဝင် ပြည်သူလူထုအားလုံးက ကူညီထောက်ပံ့ပေးသွားရန် လိုအပ်မည်ဖြစ်ပါသည်။ သို့မှသာ မြန်မာနိုင်ငံ၏ မိခင်နှင့်မွေးကင်းစကလေး မေးခိုင်ရောဂါပပျောက်သည့်အခြေအနေကို ဆက်လက်ထိန်းသိမ်းထားနိုင်မည်ဖြစ်ပါသည်။

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မာဃပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်လှူဒါန်း

စဉ့်ကိုင် ဇန်နဝါရီ ၁၇

စဉ့်ကိုင်မြို့နယ် ကျွန်းဦးကျေးရွာရှိ မိဘမဲ့နှင့် ဆင်းရဲနွမ်းပါးကလေးများစောင့်ရှောက်ရေး မာဃပရဟိတဘုန်းတော်ကြီးသင် ပညာရေးမူလတန်းကျောင်းတွင် လိုအပ်လျက်ရှိသော ကျောင်းဆောင်များအတွက် အလျား ပေ ၆၀၊ အနံ ၃၅ ပေရှိ RC နှစ်ထပ်ကျောင်းဆောင်ရေစက်ချလှူဒါန်းပွဲကို ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ အလျား ပေ ၆၀၊ အနံ ၃၅ ပေရှိ RC နှစ်ထပ်ကျောင်းဆောင်ကြီးကို မန္တလေးမြို့ ၈၄ လမ်း၊ ၃၈×၃၉ လမ်းကြားနေ ဦးညိုအေး-ဒေါ်ကြည်ရင်(မေတ္တာရွှေဆိုင်) မိသားစုက ငွေကျပ် ၅၅ သိန်းအကုန်အကျခံ ဆောက်လုပ် လှူဒါန်းခဲ့ခြင်းဖြစ်ပြီး ကျောင်းဆောင်ရေစက်ချ လှူဒါန်းပွဲကိုလည်း ဆရာတော်ကြီးများအား ပင့်ဖိတ်ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ကျောင်းစတင် ဖွင့်လှစ်သည့်အချိန်မှ စတင်ကာ ဓမ္မာစရိယသုံးပါး၊ သူနာပြုများ၊ ဘီအီးဒီဘွဲ့နှင့် ရိုးရိုးဘွဲ့ရရှိသူ ၁၂ ဦးအထိ မွေးထုတ်ပညာသင်ကြားပေးနိုင်ခဲ့ကြောင်း သိရသည်။ **ထွန်းထွန်းနိုင် (ကျောက်ဆည်)**

မြို့နယ်သတင်းထောက်များလူမှုရေးအဖွဲ့ စုံညီစည်းဝေး

ရန်ကုန် ဇန်နဝါရီ ၁၇

မြန်မာ့အလင်းသတင်းစာတိုက် မြို့နယ်သတင်းထောက်များ လူမှုရေးအဖွဲ့ (၁/၂၀၁၄) အမှုဆောင်အစည်းအဝေးကို ဇန်နဝါရီ ၁၅ ရက် မွန်းလွဲ ၂ နာရီက မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)၌ ကျင်းပသည်။

အဖွဲ့နာယက ဦးမျိုးမြင့်(စာတည်း၊ငြိမ်း)နှင့် ဒုတိယဥက္ကဋ္ဌ ဦးစိုးဝင်း (ကျောက်တန်း)တို့က အမှာစကားပြောကြားခဲ့ပြီး ငွေစာရင်းရှင်းတမ်းကို အတွင်းရေးမှူး မျိုးမင်းသိန်း(မရမ်းကုန်း)က ဖတ်ကြားတင်ပြသည်။

မြန်မာ့အလင်းသတင်းစာတိုက် မြို့နယ်သတင်းထောက်များ၏ စုံညီအစည်းအဝေးနှင့် အမှုဆောင်သစ်များ ပြန်လည်ရွေးချယ်တင်မြှောက်ပွဲကို ဖေဖော်ဝါရီ ၇ ရက် (သောကြာနေ့)မွန်းတည့် ၁၂ နာရီတွင် မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)အစည်းအဝေးခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ဝင်ကြေးပေးပြီးသောအဖွဲ့ဝင်များအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်နိုင်ကြောင်း သိရသည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**

အိတ်ဖွင့်လေလံတင်အရောင်းကြော်ငြာ

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အထူးအဖွဲ့/ခရိုင်/မြို့နယ်များရှိ အသုံးပြုပြီးသော ကတ္တရာပီပါခွံ ၃၇၈၅၄ လုံးအား ၄-၂-၂၀၁၄ရက်၊ ၁၃း၀၀နာရီတွင် ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး(စုစည်းခန်းမ)၌ အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး၊ တောင်ကြီးမြို့သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးကော်မတီ

ဖုန်း-၀၈၁-၂၁၂၀၀၁၆၊ ၀၈၁-၂၁၂၁၁၆၂

ကံကောင်း

အိမ်၊ ခြံ၊ မြေ အကျိုးဆောင်

သီလဝါ၊ ဖလမ်း၊ တပ်ရာကုန်း၊ စံချိန်မီ ၃၊ ၂၊ ၁၊ မြိုင်သာယာ၊ VIP 80'x60' လုံးချင်းတိုက်များ၊ သိန်း၄၀သွင်းရသော VIP မြေကွက်များ၊ သန်လျင်၊ ကျောက်တန်း မြေကွက်များ ရောင်းဝယ်ရန်ရှိသည်။ (သီလဝါ၊ သန်လျင်၊ ကျောက်တန်း) သီးသန့်

ဖုန်း-၀၉-၄၉၃၀၀၉၆၇၊ ၀၉-၄၂၀၁၈၅၅၉၉
၀၉-၄၂၀၁၈၅၅၇၇၊ ၀၉-၇၃၂၂၇၅၅၆၊ ၀၉-၄၄၀၀၀၅၀၁၈

လူပျောက်ကြော်ငြာ

ဦးနေဝင်း အသက်(၅၈)နှစ် အရပ်မြင့်၊ အသားလတ်၊ အသံအစ်၊ စိတ်ဝေဒနာရှင်အမျိုးသား တွေ့လျှင် အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါ။ ကျေးဇူးဆပ်ပါမည်။

ဖုန်း - ၀၉-၅၁၆၂၈၃၀၊ ၀၉-၇၃၀၂၂၇၃၅၊ ၀၉-၄၃၁၁၃၂၃၄၊ ၀၉-၄၃၁၁၉၉၆၄၊ ၀၉-၅၅၀၁၅၃၁၊ ၀၉-၂၅၀၂၇၇၅၃၃

စာအုပ်စာပေ လူ့မိတ်ဆွေ

ပြည်တွင်းသတင်း

ဒုတိယကမ္ဘာစစ်က ဖောက်လုပ်ခဲ့သော သမိုင်းဝင်ထင်ရှားခဲ့သည့် သေမင်းတမန်ရထားလမ်းကို ပုံတွင်ဖော်ပြထားသည့်နေရာမှ စတင်ဖောက်လုပ်ခဲ့သည်။ ဓာတ်ပုံ-ခရမ်းစိုးမြင့်

◆ **ရှေ့ဖုံးမှ**

ဒေသတွင် လူများနေထိုင်လာခြင်းဖြစ်သည်။

ဦးစွာ အိုးအိမ်တည်ထောင်နေခဲ့ကြသူများမှာ မွန်လူမျိုးများဖြစ်ပြီး၊ ယင်းတို့သည် မြစ်ချောင်းများအနီးနုန်းမြေများဖြစ်ထွန်းလာ၍ ဆန်စပါးစိုက်ပျိုးနိုင်ပြီး ဆားလုပ်ငန်းများလုပ်ကိုင်နိုင်သော ဝါးခရုရွာ၊ ကျုံကတက်ရွာ၊ ကွမ်သတ်ရွာ၊ နှစ်ကိုင်းရွာ၊ ခရုပ္ပိရွာ၊ ဝဲကလောင်ရွာ၊ ကော့လေးရွာ၊ အံခဲရွာ၊ ထင်းရှူးရွာ၊ အနင်းရွာနှင့် ရော်ဘာများကိုစိုက်ပျိုးနိုင်သော ဖောင်စိန်ရွာ၊ ဝယ်သွန်းချောင်းရွာ၊ ဝဲရက်ရွာ၊ ဝဲကလိရွာ စသည့်ရွာတို့တွင် အိုးအိမ်များ လာရောက်ထူထောင်နေထိုင်ကြသဖြင့် လူဦးရေများ တိုးပွားလာခြင်းဖြစ်သည်။

၁၉၄၂-၄၅ ဂျပန်ခေတ်တွင် ဂျပန်တို့ မြန်မာ-ယိုးဒယား ရထားလမ်းဖောက်လုပ်သည့်အတွက် သံဖြူဇရပ်သည် ပိုမိုစည်ကားလာခဲ့သည်။ ဂျပန်တို့သည် မြန်မာနိုင်ငံကို ၁၉၄၂ ခုနှစ် မေလမှ ၁၉၄၃ ခုနှစ် ဩဂုတ်လအထိ စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်ခဲ့ပြီး အရှေ့တောင်အာရှနိုင်ငံများကို စိုးမိုးနိုင်ရေးတွင် အထောက်အကူ ရရှိရန်အတွက် မြန်မာ-ထိုင်းရထားလမ်းကို သံဖြူဇရပ်မှ ဖောက်လုပ်ခဲ့သည်။ ထိုရထားလမ်းသည်(သေမင်းတမန်လမ်းဟု အမည်တွင်ခဲ့ပြီး သံဖြူဇရပ်သည်လည်း သာမန်ရွာကလေးမှ မြန်မာတွင်မက ကမ္ဘာသို့တိုင်ကျော်ကြားခဲ့ပေသည်။

မြန်မာ-ထိုင်း ရထားလမ်းဖောက်လုပ်ခဲ့ပုံမှာ သံဖြူဇရပ်မှ ယိုးဒယားနိုင်ငံ ဘန်ပွန်အထိ မိုင် ၂၆၀ ရှိပြီး မဟာမိတ်စစ်အကျဉ်းသားများ၊ မြန်မာနိုင်ငံအရပ်ရပ်မှ ချွေးတပ်သားများဖြင့် တောအထပ်ထပ်၊ တောင်အသွယ်သွယ်ကို ၁၅ လနှင့်အပြီး ဖောက်ထွင်းဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ တောကြီးမျက်မည်းအတွင်း ငှက်ဖျားထူပြောမှု၊ နိမ့်ကျသည့်နေထိုင်ရမှု၊ ရိက္ခာနှင့်ဆေးဝါးမလုံလောက်မှုတို့ကြောင့် ချွေးတပ်သားများမှာ ဝဲနာ၊ ယားနာ၊ ဝမ်းရောဂါများကျရောက်ပြီး အသက်ပေါင်းများစွာကို စတေး၍ ဖောက်လုပ်ခဲ့ရသဖြင့် ၎င်းမီးရထားလမ်းသည် သေမင်းတမန်လမ်းဟု အမည်တွင်ကျော်ကြားခဲ့ခြင်းဖြစ်သည်။

၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသွားသည့်အခါ စစ်အတွင်းက စီးပွားဖြစ်ထွန်းခဲ့သူတို့သည် သံဖြူဇရပ်တွင် လာရောက်စုရုံးနေထိုင်ကြရာ ပြန်လည်စည်ကားခဲ့ပြန်သည်။ သို့သော် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစကာလတွင် ပြည်တွင်းဆူပူလာသော သောင်းကျန်းသူများကြောင့် လမ်းပန်းဆက်သွယ်ရေးပြတ်တောက်ပြီး ဖွံ့ဖြိုးမှုတုံ့ဆိုင်းသွားရပြန်သည်။

သို့သော် သံဖြူဇရပ်မြို့လေးသည် မော်လမြိုင်-ရေး ကားလမ်း၊ မော်လမြိုင်-ကျိုက္ခမီ ကားလမ်း၊ မော်လမြိုင် - ရေး ရထားလမ်းပေါ်တွင် တည်ရှိပြီး၊ ရော်ဘာစိုက်ပျိုးရေးလုပ်ငန်း၊ ဆန်စပါးလုပ်ငန်း၊ ဆားလုပ်ငန်း၊ သစ်လုပ်ငန်းနှင့် ရေလုပ်ငန်းများရှိခြင်းနှင့် ယခုအခါ ဒုတိယကမ္ဘာစစ်အတွင်းက ဗုံးဒဏ်ကြောင့် ပိတ်ခဲ့ရသော သံဖြူဇရပ်-ထိုင်း ရထားလမ်းနေရာတွင် နိုင်ငံတော်အစိုးရက သံဖြူဇရပ်-ဘုရားသုံးဆူ ၆၄ မိုင် ၅ ဖာလုံကို နိုင်ငံတကာသွား ကားလမ်းမကြီးတစ်လမ်း ဖောက်လုပ်ပေးလျက်ရှိပြီး ဒေသတွင်းရှိသည့် လက်နက်ကိုင်အဖွဲ့အစည်းများနှင့် နိုင်ငံတော်အစိုးရတို့သည်လည်း ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးနေမှုများ ရှိလာသောကြောင့် လမ်းပန်းဆက်သွယ်မှုတွင် သံဖြူဇရပ်-ဘုရားသုံးဆူ လမ်းမကြီးမှ ပြည်တွင်းသာမက နိုင်ငံတကာနှင့်ပါ ဆက်သွယ် သွားလာနိုင်တော့မည်ဖြစ်၍ သံဖြူဇရပ်သည် ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ပေသည်။

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၇-၁-၂၀၁၄

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၅၇၅၀၀-၆၁၈၈၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၅၇၆၀၀-၆၁၈၉၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၇-၉၈၉	ကျပ်
ဥရောပ	တစ်ယူရို	၁၃၃၄-၁၃၄၀	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၃-၇၈၂	ကျပ်
ထိုင်း	တစ်ဘတ်	၃၀.၅-၃၇.၆	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅.၇-၁၆.၃၂	ကျပ်
တရုတ်	တစ်ယွမ်	၁၅၇-၁၆၅	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၇၂-၂၈၂	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၄၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၂၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၇၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၅၀၀-၃၉၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၇၀၀-၃၂၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၄၈၀၀-၆၅၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၅၅၀၀-၇၅၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၂၀၀၀-၂၁၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၆၀၀၀-၁၄၅၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၀၀၀-၈၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ မိုးဆန်(ဇီယာအသစ်)	တစ်အိတ်	၁၆၂၀၀
၂။ ပေါ်ကျွဲ(အသစ်)	တစ်အိတ်	၁၆၅၀၀
၃။ ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၃၀၀၀-၂၇၀၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၁၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၄၈၅
၆။ မြင်းခြံကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၃၀၀-၆၇၅
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၀၀-၁၉၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၀၃၀-၁၀၅၀
၉။ အာလူး(ဟဲဟိုး)	တစ်ပိဿာ	၇၀၀-၈၀၀
၁၀။ ငရုတ်ရှည် (ပျော်ဘွယ်မိုး)	တစ်ပိဿာ	၂၆၅၀-၂၇၅၀
၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၅၀၀၀
၁၂။ သကြား	တစ်ပိဿာ	၉၀၀-၉၂၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

(၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်ပြိုင်ပွဲ ကျင်းပမည်

မုံရွာ ဇန်နဝါရီ ၁၇

စစ်ကိုင်းတိုင်း ဒေသကြီး၏ ၂၀၁၄ ခုနှစ် (၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်ပြိုင်ပွဲကျင်းပပြီး ဆုများထိုက်တန်စွာ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ပါဝင်ယှဉ်ပြိုင်ရမည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်များအနေဖြင့် ဘူး၊ ဖရုံ၊ သခွားဖရဲသီးတွင် တစ်လုံး၊ မုန်လာပွင့်၊ ဂေါ်ဖီထုပ်တွင် တစ်ထုပ်၊ မုန်လာဥဖြူ၊ မုန်လာဥနီ၊ နိုကိုဥ၊ ခရမ်းသီးတွင် ငါးလုံး၊ နဂါးမောက်၊ သင်္ဘောသီးတွင် ငါးလုံး၊ ငရုတ်သီး၊ ခရမ်းချဉ်သီးတွင် ၁၀ တောင့်/လုံး၊ ဆီးသီးအနေဖြင့် ၁၀ လုံး၊ ပန်းမန်(ပန်းအလှ၊အရွက်အလှ) တစ်အိုးတို့ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူ (ဒေသ/နိုင်ငံခြား ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့်ပန်းမန်များကို မည်သူမဆို တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးရုံး မုံရွာမြို့သို့ ဖေဖော်ဝါရီ ၁၀ ရက် မွန်းလွဲ ၁ နာရီ နောက်ဆုံးထား၍ ပေးပို့ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်ဥပဒေချုပ်ရုံး၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေမှ ခွင့်ပြုချက် ရရှိခဲ့သော ရှမ်းပြည်နယ်ဥပဒေချုပ်ရုံး တိုးချဲ့အဆောက်အအုံဆောက်လုပ်ရေးအတွက် စိတ်ပါဝင်စားသော လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါခေါ်ယူပါသည်။

၂။ အဆောက်အအုံပုံစံနှင့် တင်ဒါစည်းကမ်းများအား ရှမ်းပြည်နယ်ဥပဒေချုပ်ရုံးတွင် ၁၆-၁-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပြီး ၁၅-၂-၂၀၁၄ ရက် ၁၆း၀၀နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးနှင့် ကြမ်းခင်းဈေးသတ်မှတ်ရေးကော်မတီ
ရှမ်းပြည်နယ်ဥပဒေချုပ်ရုံး
ရှမ်းပြည်နယ်၊ တောင်ကြီးမြို့

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

ကျွန်မ မသော်သော်လင်း ၁၂/မဂဒ(နိုင်)၁၃၄၅၃၉၊တိုက်အမှတ် ၂၊ အခန်း ၁၄၊ ပျဉ်းမပင်ဝန်ထမ်းအိမ်ရာနေသူနှင့် ကိုဇော်မင်းသိမ်း ၁၂/ရတန(နိုင်)၀၀၁၂၆၅ ကိုင်ဆောင်သူ၊ အမှတ် ၃၃/၇(ခ)၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေကြီး(ခ)ရပ်ကွက်တို့သည် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် ဒုတိယမြို့နယ်တရားသူကြီး(၁) ဦးစိုင်းမျိုးညွန့်ဦး(တ/၂၇၈၃) ရှေ့မှောက်၌ ၁၅-၁-၂၀၁၄ ရက်တွင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်းနှင့် လုံးဝ(လုံးဝ)မသက်ဆိုင်တော့ပါကြောင်း ကြေညာအပ်ပါသည်။

မသော်သော်လင်း
၁၂/မဂဒ(နိုင်)၁၃၄၅၃၉

အသိပေးကြေညာ

၂၀၁၄ ခုနှစ် ရိုးမရန်ကုန်အပြည်ပြည်ဆိုင်ရာ မာရသွန်ပြိုင်ပွဲကို ၁၉-၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၅ နာရီမှစ၍ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏအမျိုးသားအားကစားရုံ(၁)မှ စတင်တာလွှတ်မည်ဖြစ်ပါ၍ ပြိုင်ပွဲအမျိုးအစားအလိုက် အောက်ပါလမ်းကြောင်းများအား ပြေးလမ်းကြောင်းများအဖြစ် အသုံးပြုဆောင်ရွက်မည်ဖြစ်ပါသဖြင့် ပြိုင်ပွဲကျင်းပသည့်နေ့၊ အချိန်များတွင် လမ်းများအား ခေတ္တလမ်းလွှဲ /လမ်းပိတ်ထားမည်ဖြစ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်-

လမ်းကြောင်းများ-

၁။ ဝေဇယန္တာလမ်း(မေတ္တာလမ်းနှင့်သံသုမာလမ်းကြား)
၂။ သံသုမာလမ်း(ဝေဇယန္တာလမ်းနှင့်ကြက်ဘဲဈေးကြား)
၃။ အထက်ပုဇွန်တောင်လမ်း/အောက်ပုဇွန်တောင်လမ်း (ကြက်ဘဲဈေးနှင့်ရာဇဓိရာဇ်လမ်းကြား)
၄။ ရာဇဓိရာဇ်လမ်း (ဗန္ဓုလတံတားအောက်နှင့် ကမ်းနားလမ်း လင်းစဒေါင်းကြား)
၅။ ကမ်းနားကွန်ကရစ်လမ်းသစ် (လင်းစဒေါင်းနှင့်ကြည့်မြင်တိုင်ဟုမ်းလမ်းကြား)
၆။ ကမ်းနားလမ်းဟောင်း(ဟုမ်းလမ်းထိပ်နှင့်ကျောင်းကြီးလမ်းကြား)
၇။ ကျောင်းကြီးလမ်း(အထက်ကြည့်မြင်တိုင်နှင့် ကမ်းနားလမ်းကြား)
၈။ အထက်ကြည့်မြင်တိုင်လမ်း (ကျောင်းကြီးလမ်းနှင့်ဟံသာဝတီ-ဗဟိုလမ်းဆုံကြား)
၉။ ဗဟိုလမ်း(ဟံသာဝတီလမ်းနှင့်ရွာမကွေ့ကြား)
၁၀။ ဗဟိုလမ်း(ရွာမကွေ့နှင့်စက်မှုဆေးဝါးလမ်းကြား)
၁၁။ စက်မှုဆေးဝါးလမ်း(ဗဟိုလမ်းနှင့်အင်းစိန်လမ်းကြား)
၁၂။ အင်းစိန်လမ်း(စက်မှုဆေးဝါးလမ်းနှင့်အောင်သိဒ္ဓိလမ်းကြား)
၁၃။ အောင်သိဒ္ဓိလမ်း(အင်းစိန်လမ်းနှင့်မင်းဓမ္မလမ်းကြား)
၁၄။ မင်းဓမ္မလမ်း(အောင်သိဒ္ဓိလမ်းနှင့်ပါရမီလမ်းကြား)
၁၅။ လှိုင်တက္ကသိုလ်ကျောင်းဝင်းအတွင်းလမ်း (ပါရမီလမ်းနှင့်ပြည်လမ်းကြား)
၁၆။ ပြည်လမ်း(လှိုင်တက္ကသိုလ်ဝင်ပေါက်နှင့် IBC ရှေ့ကြား)
၁၇။ အင်းလျားလမ်း(ပြည်လမ်းနှင့်တက္ကသိုလ်ရိပ်သာလမ်းကြား)
၁၈။ တက္ကသိုလ်ရိပ်သာလမ်း(အင်းလျားလမ်းနှင့်ကမ္ဘာအေးဘုရားလမ်း ကြား)
၁၉။ ကမ္ဘာအေးဘုရားလမ်း (တက္ကသိုလ်ရိပ်သာလမ်းနှင့်ကန်ဘဲ့/ သစ္စာလမ်း)
၂၀။ ကန်ဘဲ့/သစ္စာလမ်း (ကမ္ဘာအေးဘုရားလမ်းနှင့်မိုးကောင်းလမ်းကြား)
၂၁။ မိုးကောင်းလမ်း (ကန်ဘဲ့/သစ္စာလမ်းနှင့်မြောက်မြင်းပြိုင်ပွဲကွင်းလမ်း)
၂၂။ အရှေ့မြင်းပြိုင်ကွင်းလမ်း (မြောက်မြင်းပြိုင်ကွင်းလမ်းနှင့် လေးထောင့်ကန်လမ်းကြား)
၂၃။ လေးထောင့်ကန်လမ်း(အရှေ့မြင်းပြိုင်ကွင်းလမ်းနှင့် ဝေဇယန္တာလမ်းကြား)
၂၄။ ကမ်းနားလမ်းဟောင်း(ပန်းဆိုးတန်းလမ်းနှင့်ရွှေတိဂုံဘုရားလမ်းကြား)
၂၅။ ရွှေတိဂုံဘုရားလမ်း(ကမ်းနားလမ်းနှင့်ဦးထောင်ဘိုလမ်းကြား)
၂၆။ ဦးထောင်ဘိုလမ်း(ရွှေတိဂုံဘုရားလမ်းနှင့်ကန်ပတ်လမ်းကြား)
၂၇။ ကန်ပတ်လမ်း(ဦးထောင်ဘိုအဝိုင်းနှင့်စက်ရုံလမ်းကြား)
၂၈။ စက်ရုံလမ်း(ကန်ပတ်လမ်းနှင့် ၁၅ ပေခုံးကျော်တံတားကြား)

ပြည်တွင်း/ပြည်ပပြိုင်ပွဲဝင်အားကစားသမားများ အန္တရာယ်ကင်းရှင်းစွာ ပြိုင်ပွဲဝင်နိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်

အေပီနှင့် ရောဝတီသတင်းဌာနတို့က ရခိုင်ပြည်နယ်၌ အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့ကြောင်း သတင်းမှားများ ထုတ်လွှင့်ဖော်ပြ

နေပြည်တော် ဇန်နဝါရီ ၁၇

ဇန်နဝါရီ ၁၃ ရက်တွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ ရဲတပ်ကြပ်ကြီးတစ်ဦး ပျောက်ဆုံးမှုသတင်းနှင့် ပတ်သက်၍ သတင်းဆက်အဖြစ် အေပီသတင်းဌာနက "မောင်တောဒေသတွင် ရိုဟင်ဂျာမိန်းမနှင့် ကလေးများမှာ ဓားဖြင့်အခုတ်ခံရကြောင်း၊ သို့သော် အရေအတွက်များစွာ ကွဲလွဲလျက်ရှိကြောင်း၊ အချို့သတင်းရပ်ကွက်များက သေဆုံးသူ ငါးဦးမှ ၁၀ ဦးအတွင်းသာ သတ်မှတ်ကြသော်လည်း မောင်တောမြို့နယ် ဒေသခံတစ်ဦး၏ အဆိုအရ သေဆုံးသူ ၄၀ ခန့်ရှိကြောင်း၊ သေဆုံးသူအချို့၏ ဒဏ်ရာများမှာ ဓားဒဏ်ရာများသာဖြစ်ကြောင်း၊ သေနတ်ဖြင့် ပစ်သတ်ခံရခြင်း၊ ရိုက်သတ်ခံရခြင်း မတွေ့ရကြောင်း၊ သို့ဖြစ်ရာ ရခိုင်ဗုဒ္ဓဘာသာတို့၏ လက်ချက်သာဖြစ်နိုင်ပြီး တပ် သို့မဟုတ် ရဲတို့၏ လက်ချက်မဖြစ်နိုင်ကြောင်း"စသည်ဖြင့် သတင်းရရှိကြောင်း ဖော်ပြထားသည်။

အလားတူ ဧရာဝတီသတင်းဌာနက ဖော်ပြရာတွင် "ပူးပေါင်းတပ်ဖွဲ့ဝင်များနှင့် ရခိုင်ရွာသားများက အဆိုပါရွာအတွင်း အိမ်များစွာကို လုယက်ခဲ့ကြောင်း၊ ယောကျ်ားများမှာ ထွက်ပြေးကြသဖြင့် မိန်းမနှင့် ကလေးများ အသတ်ခံခဲ့ရကြောင်း၊ အချို့အမျိုးသမီးများ မတရားပြုကျင့်ခံခဲ့ရကြောင်း၊ သေဆုံးသူ တိတိကျကျ မသိနိုင်သော်လည်း ရရှိသောသတင်းများအရ သေဆုံးသူ ၁၀ ဦးမှ ၆၀ အတွင်းဖြစ်ကြောင်း၊ သေနတ်ဒဏ်ရာဖြင့် သေဆုံးခြင်းမျိုးမဟုတ်ဘဲ ဓားဒဏ်ရာဖြင့် သေဆုံးခြင်းဖြစ်ကြောင်း" ဖော်ပြခဲ့သည်။

ဒချီးရာတန်းကျေးရွာနှင့် ဘဂုံးနားကျေးရွာအကြား ရွာသူရွာသားများ ပုံမှန်လှုပ်ရှား သွားလာနေမှုကို တွေ့ရစဉ်။

ပြန်လည်ဖြေကြား

အဆိုပါသတင်းနှင့် ပတ်သက်၍ မောင်တောဒေသတွင် လုံခြုံရေးတာဝန်ထမ်းဆောင်နေသော ရဲမှူးချုပ်တင်ကိုကိုအား ဆက်သွယ်မေးမြန်းရာ ၎င်းက **"ယင်းသတင်းဌာနများ၏ ဖော်ပြချက်သည် လုံးဝမှန်ကန်မှုမရှိကြောင်း၊ ဤဒေသတစ်ဝိုက်တွင် တည်ငြိမ်မှုရှိနေကြောင်း၊ ယင်းသို့ ဖော်ပြချက်များမှာ ဆူပူမှုဖြစ်ပွားရန်အတွက် သွေးထိုးလှုံ့ဆော်သော သတင်းအမှားများသာ ဖြစ်ကြောင်း"** ပြန်လည်ဖြေကြားခဲ့သည်။

အေပီသတင်းဌာနနှင့် ဧရာဝတီသတင်းဌာနတို့၏ ဖော်ပြချက်တွင် ပါရှိသည့် လူမျိုးရေး၊ ဘာသာရေးပဋိပက္ခကြောင့် သတ်ဖြတ်ခြင်းခံရသည်ဟု ဆိုလိုရာရောက်သော ရေးသားချက်များမှာ သွေးထိုးလှုံ့ဆော်မှုပြုသော သတင်းအရေးအသားများဖြစ်ကြောင်း တွေ့ရှိရသည်။

(သတင်းစဉ်)

● *ကျောဖုံးမှ*

သန့်ရှင်းရေးနှင့် မီးဖိုချောင်သုံးအထွေထွေပစ္စည်းများ၊ မော်တော်ယာဉ်နှင့် ဆက်စပ်ပစ္စည်းများ၊ အသေးစားပစ္စည်းနှင့် တပ်ဆင်ပစ္စည်းများ၊ ကြမ်းခင်းပစ္စည်းများ၊ ခေတ်မီပရိဘောဂ၊ စားသောက်ကုန်၊ ဆေးဝါးများနှင့် စာအုပ်စာပေများ အမျိုးအမည်စုံလင်စွာတို့ကို နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသရောင်းချမည်ဖြစ်ကြောင်း သိရသည်။

"ပထမအကြိမ်ကို ၂၀၁၃ခုနှစ် မတ်လက ဒီမှာပဲကျင်းပခဲ့တယ်။ ပြပွဲကျင်းပတဲ့ ရည်ရွယ်ချက်ကတော့ ခေတ်စနစ်နဲ့အညီ ပြောင်းလဲလာမှုနဲ့အတူ ဆန်းသစ်တဲ့ကုန်ပစ္စည်းတွေကို ပြည်သူတွေ သိရှိစေဖို့ဖြစ်ပါတယ်"ဟု ပြပွဲတာဝန်ခံ ဦးအောင်အောင်က ပြောကြားသည်။

ပြပွဲကြီးကို မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက ကူညီပံ့ပိုးကာ Dagon Exhibitions Limited က စီစဉ်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးသန်းမြင့်၊ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း အတွင်းရေးမှူး ဦးမြင့်ထွန်း၊ Tan Chong Motor မှ Director Mr.Dato Cheah Sam Kip ၊ Jobox Construction Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးမောင်မောင်လွင်နှင့် Dagon Exhibitions Limited မှ ဒါရိုက်တာ ဦးအောင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်းသိရသည်။

(မြန်မာ့အလင်း)

အခွန်သယ်ပိုး တိုင်းပြည်ကျိုး ဖွံ့ဖြိုးခေတ်မီ တိုင်းပြည်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများတွင် အလုပ်ခန့်ထားနိုင်ရန်အတွက် အလုပ်လျှောက်ထားသူ Master, B.E(Q), M.Com, B.Com ဘွဲ့ရများအလုပ်ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကျင်းပမည့်ရက်
ကြေညာခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများတွင်အလုပ်ခန့်ထားနိုင်ရန်အတွက် သက်ဆိုင်ရာကျောင်းများတွင် အလုပ်လျှောက်ထားလာသူ Master, B.E(Q), M.Com, B.Com ဘွဲ့ရများအားလုံးသည် အောက်ဖော်ပြပါစာမေးပွဲအစီအစဉ်အတိုင်း အလုပ်ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

စဉ်	ဖြေဆိုမည့်ဘာသာရပ်	နေ့ရက်	အချိန်	နေရာ
(က)	English	၁၅-၂-၂၀၁၄ရက် (စနေနေ့)	နံနက် ၉း၀၀နာရီမှ ၁၂း၀၀နာရီအထိ	အထက်မြန်မာပြည်ကျောင်းများအတွက် ဖြေဆိုရမည့်စာစစ်ဌာန (မန္တလေးနည်းပညာတက္ကသိုလ်)၊ အောက်မြန်မာပြည်ကျောင်းများအတွက် ဖြေဆိုရမည့်စာစစ်ဌာန
(ခ)	သက်ဆိုင်ရာဘာသာရပ်	၁၆-၂-၂၀၁၄ရက် (တနင်္ဂနွေနေ့)	နံနက် ၉း၀၀နာရီမှ ၁၂း၀၀နာရီအထိ	(ရန်ကုန်နည်းပညာတက္ကသိုလ်)၊ (ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်)
(ဂ)	လူတွေ့စစ်ဆေးခြင်း			ရေးဖြေစာမေးပွဲဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခံရမည့်သူများစာရင်းအား သက်ဆိုင်ရာစာစစ်ဌာနများတွင် ထပ်မံကြေညာပါမည်။

၂။ ဖြေဆိုမည့်သူများသည် ၁၂-၂-၂၀၁၄ ရက်ထက်နောက်မကျစေဘဲ သက်ဆိုင်ရာစာစစ်ဌာနများသို့ သတင်းပို့ရမည်ဖြစ်ပြီး အသေးစိတ်သိလိုပါက မန္တလေးနည်းပညာတက္ကသိုလ် ဖုန်း-၀၂-၅၇၃၆၃ နှင့် ရန်ကုန်နည်းပညာတက္ကသိုလ် ဖုန်း-၀၁-၅၂၂၆၆၁၊ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် ဖုန်း-၀၁-၇၁၀၇၀၅၊ ပြည်ထောင်စုဝန်ကြီးရုံး ဖုန်း-၀၆၇-၄၀၄၀၁၇ နှင့် ၀၆၇-၄၀၄၀၁၈တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သုဝဏ္ဏ-ကမာလမ်း၊ ၂၄ ရပ်ကွက်၊ အမှတ် ၈၉၊ အခန်းအမှတ် ၁၊ အိမ်မြေအကျယ် ပေ(၄၀×၆၀) ၄င်းမြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်မ ဒေါ်ဝင်းသိင်္ဂီ ၁၂/ဗဟန(နိုင်)၀၄၇၂၄၄က ပိုင်ရှင်ဖြစ်သူ ဦးမောင်မောင်ညွန့် ၁၂/သဃက(နိုင်)၀၆၄၃၂၁ထံမှ အပြီးအပိုင်ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၀ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။

ဒေါ်ဝင်းသိင်္ဂီ
၁၂/ဗဟန(နိုင်)၀၄၇၂၄၄

တရားလွှတ်တော်ရှေ့နေ ဒေါ်ဇေရီကျော် (LL.B)၊ အထက်တန်းရှေ့နေ ဒေါ်သန္တာ (LL.B)၊ အထက်တန်းရှေ့နေ ဒေါ်သန္တာအေး (LL.B) တို့၏ ကန့်ကွက်နိုင်ကြောင်းကြေညာချက်အပေါ် ကန့်ကွက်ကြောင်း ပြန်လည်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တညင်းကုန်းရပ်ကွက်ရှိ ကွင်းအမှတ် ၄၀၄/A၊ ဦးပိုင်အမှတ် ၃၉၊ ၄၀၊ ဧရိယာ ၃ဒသမ၄ဧက၊ ဦးမြကြိုင် ၁၂/အစန(နိုင်)၀၇၁၄၀၅၊ ကွင်းအမှတ် ၄၀၄/A ၊ ဦးပိုင်အမှတ် (၄၈၊ ၅၀၊ ၅၁၊ ၅၂၊ ၅၉) ဧရိယာ ၂၁ဒသမ၂၉ဧက၊ ဦးကျော်မြင့် ၁၂/ရပသ(နိုင်)၀၁၅၆၁၆၊ ကွင်းအမှတ် ၄၀၄/A၊ ဦးပိုင်အမှတ်(၅၃၊ ၅၄) ဧရိယာ ၁၃ဒသမ၄ဧက၊ ဦးမြခိုင် ၁၂/အစန(နိုင်)၀၇၂၄၇၄၊ ကွင်းအမှတ် ၄၀၄/A၊ ဦးပိုင်အမှတ် (၅၅၊ ၅၇)၊ ဧရိယာ ၇ဧက၊ ဦးကျော်ဝင်း ၁၂/အစန(နိုင်)၁၁၂၁၂၆နှင့် ကွင်းအမှတ် ၄၀၄/A၊ ဦးပိုင်အမှတ်(၆၀) ဧရိယာ ၅ဒသမ၂၄ဧက၊ ဒေါ်အုံးပိုင် ၁၂/အစန(နိုင်)၁၁၅၉၉၇တို့ ယင်းမြေကွက်များ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ကြသည်ဟု အဆိုပြုကြသည်မှာ မှန်ကန်မှုမရှိပါ။ ယင်းမြေများမှာ စက်မှုဝန်ကြီးဌာနပိုင်မြေများဖြစ်ပြီး ၎င်းတို့အား ငှားရမ်းခဖြင့် မွေးမြူရေးနှင့် လယ်ယာလုပ်ငန်းများ လုပ်ကိုင်ခွင့်ပေးထားသော မြေများသာဖြစ်၍ ၎င်းတို့မှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်းပြုလုပ်ရန် အခွင့်အရေးမရှိသောကြောင့် ၁၂-၁-၂၀၁၄ ရက်စွဲပါ ကန့်ကွက်နိုင်ကြောင်းကြေညာချက်ကို ဤကြေညာချက်ဖြင့် ပြန်လည်ကန့်ကွက်အပ်ပါသည်။ အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်ပါက ပြုလုပ်သူများ၏ တာဝန်သာဖြစ်ပြီး ဆက်လက်ပြုလုပ်ပါက စက်မှုဝန်ကြီးဌာနမှ ဥပဒေနှင့်အညီ ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကန့်ကွက်ကြေညာအပ်ပါသည်။

အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ အုတ်ထုတ်လုပ်ရေးဌာန၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထင်လင်းနိုင် LL.B, DBL
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၁၁၂)
ဖုန်း-၀၉-၅၀၃၉၃၀၆၊ ၀၉-၇၃၁၄၈၃၂၃
တိုက်-၉/၁၁၊ အခန်း ၀၀၅၊ B မြေညီထပ်၊ အမှတ် ၃၆ လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကျေးဇူးဆပ်ပါမည်

ကျွန်တော် စောမြင့်သိန်း ၃/ဘအန(နိုင်)၂၆၂၃၅၈၏ နိုင်ငံကူးလက်မှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၃၁၀၇၃၃၈၁

ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် ၁ဃ/၉၉၂၉၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

သားအဖြစ်မှ စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ဇေယျဝတီမြို့နေ ကျွန်တော် ကျွန်မတို့၏ သားဖြစ်သူ မောင်ကျော်လင်းထွန်း(ခ) စော်တူးကော် ၇/ဖမန(နိုင်)၁၃၇၀၉၃ သည် မိဘများအား စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ပြီး ထင်ရာလုပ်နေသည့်အတွက် ၆-၁-၂၀၁၄ရက်မှစ၍ အမွေခံသားအဖြစ်မှ အပြီးတိုင် စွန့်လွှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စမဆို တာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးသက်နိုင်ထွန်း
၇/ဖမန(နိုင်)၀၂၈၁၅၃
ဒေါ်နွေးနွေး
၇/ဖမန(နိုင်)၀၂၅၃၆၀

ကြော်ငြာ

Hansaplast
ဟန်ဆာပလပ်(စ်) မှ
မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်နှင့်ထပ်တူအထူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း
1
မြန်မာနိုင်ငံတွင်ကျင်းပသော(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွက်
နှစ်ယောက်တွဲအသင်းလိုက်(ကျား)၊ နှစ်ယောက်တွဲအမွဲ့လိုက်(ကျားနှင့်မ)၊ HOOP ကွင်းသွင်းခြင်းခတ်(မ) ပြိုင်ပွဲများအတွက် ရွှေတံဆိပ်စုစုပေါင်း(၄)ခု
HOOP ကွင်းသွင်းခြင်းခတ်(ကျား)၊ သုံးယောက်တွဲအသင်းလိုက်(မ)၊ သုံးယောက်တွဲအမွဲ့လိုက်(မ)၊ နှစ်ယောက်တွဲအသင်းလိုက်(မ)ပြိုင်ပွဲများအတွက် ငွေတံဆိပ်စုစုပေါင်း(၄)ခု
သုံးယောက်တွဲအသင်းလိုက်(ကျား)၊ သုံးယောက်တွဲအမွဲ့လိုက်(ကျား)ပြိုင်ပွဲများအတွက် ကြေးတံဆိပ်စုစုပေါင်း(၂)ခု တို့ကို ဆောင်မြင်စွာဆွတ်ခူးပေးနိုင်ခဲ့သော မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်အား အထူးဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း နှင့် နှစ်သစ်ကူးအခါသမယအတွက် ဟန်ဆာပလပ်(စ်) မှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။
Hansaplast
ပြိုင်ဆိုင်မှုပြင်းပြင်း၊ ရှနာခြင်းပျောက်ကင်းစေဖို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
နေပြည်တော်

မြန်မာကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာ ဓာတုဗေဒဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲ
သိမှတ်ဖွယ်ရာ ဓာတုဗေဒ

မင်္ဂလာပါတပည့်တို့။

ဒီကနေ့ဆွေးနွေးမှာကတော့ ၂၀၁၄ ခုနှစ် မတ်လမှာ ကျင်းပမယ့် တက္ကသိုလ်ဝင်စာမေးပွဲမှာ ဓာတုဗေဒဘာသာရပ်ကို ဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူဖြစ်စေဖို့ ပြဋ္ဌာန်းစာအုပ်ပါအကြောင်းအရာနဲ့ သတိပြုရမယ့် အချက်အလက်တွေပဲ ဖြစ်ပါတယ်။

ပထမဦးစွာ ဓာတုဗေဒမေးခွန်းပုံစံနဲ့ အမှတ်ခွဲဝေပေးထားမှုကို ရှင်းပြပါမယ်။ မေးခွန်းဟောင်းပုံစံအရ မေးခွန်းမှာ Section-A နဲ့ Section-B ဆိုပြီး အပိုင်း (၂) ပိုင်းပါဝင်ပါတယ်။ Section-A မှာ Objective type တွေဖြစ်တဲ့ TRUE/FALSE, Fill in the blanks, Multiple choice နဲ့ Matching တွေကို နံပါတ် (၁) မှ နံပါတ် (၄) အထိ (၇) ပုဒ်စီ မေးထားပါတယ်။ အခန်းတိုင်းရဲ့ definition တွေကိုတော့ နံပါတ် (၅) မှာ (၈) ပုဒ်မေးထား ပါတယ်။ ဒါကြောင့် စုစုပေါင်း (၃၆) မှတ်ဖိုး ဖြေဆိုရပါမယ်။

Section-B မှာတော့ short question ဆိုတဲ့ (၂) မှတ်တန် မေးခွန်း (၆) ပုဒ်ကို နံပါတ်(၆)မှာ မေးထားပါတယ်။ အားလုံးဖြေဆိုရမှာဖြစ်ပြီး ရွေးချယ်ခွင့်မရှိပါဘူး။ နံပါတ်(၇)မှာတော့ Medium question ဖြစ်တဲ့ (၄)မှတ်တန် မေးခွန်း (၈)ပုဒ်မေးပြီး (၅)ပုဒ်၊ နံပါတ် (၈)မှာတော့ (၈)မှတ်တန် (၈)ပုဒ်မေးပြီး (၄)ပုဒ်ဖြေဆိုရပါမယ်။ ဒါကြောင့် Section-B မှာ စုစုပေါင်း (၁၀၈)မှတ်ထဲက (၆၄) မှတ်ဖိုး ဖြေဆိုရပါမယ်။ စုစုပေါင်း အမှတ်(၁၀၀)ဖိုး ဖြေဆိုရပါမယ်။

မေးခွန်း (၁) မှ (၅) အထိဟာ အခန်းတိုင်းနဲ့သက်ဆိုင်တဲ့အတွက် ဒီမေးခွန်းတွေ ဖြေဆိုတဲ့အခါမှာ သတိပြုရမယ့် အချက်တွေကို ဦးစွာရှင်းပြပါမယ်။

မေးခွန်း (၁) အမှား အမှန်ရွေးချယ်စေတဲ့မေးခွန်းမှာ အဖြေကို T (သို့) F လို့မရေးဘဲ TRUE (သို့) FALSE လို့ အပြည့်အစုံရေးမှသာ အမှတ်ပြည့်ရနိုင်မှာဖြစ်ပါတယ်။

မေးခွန်း (၂) ကွက်လပ်ဖြည့်တဲ့မေးခွန်းဖြေရာမှာ စာလုံးပေါင်းမှန်ရမယ့်အပြင် ပြည့်စုံရပါမယ်။ ဥပမာ(၁) ……. is the term for deposition of thin layer of zinc on iron. ဆိုတဲ့ မေးခွန်းရဲ့ အဖြေဟာ Galvanization ဖြစ်ရမယ့်အစား Glavanizing (သို့) Galvanized လို့ဖြေရင် မှားပါတယ်။ စာကြောင်းရဲ့အစဖြစ်လို့ capital letter နဲ့လည်း ဖြေရပါမယ်။

မေးခွန်း (၃) ရွေးချယ်တဲ့မေးခွန်းကို ဖြေဆိုတဲ့အခါ တိကျဖို့လိုပါတယ်။ အဖြေမှန်တစ်ခုထက် ပိုဖြေမိရင်လည်းကောင်း၊ အဖြေမှန် (၂)ခုကိုတစ်ခုတည်းဖြေရင်လည်းကောင်း အမှတ်မရနိုင်ပါဘူး။ ဥပမာ (၂) - (Alkanes, Alkenes, Alkynes) are unsaturated hydrocarbons. ဆိုတဲ့မေးခွန်းအတွက် Alkenes နဲ့ Alkynes လို့ဖြေမှ အမှတ်ပြည့်ရနိုင်ပါမယ်။

မေးခွန်း (၄) List A နဲ့ List B ပါအကြောင်းအရာကို ယှဉ်တွဲခြင်းမေးခွန်းအတွက် ပုဒ်ခွဲနံပါတ်အပြင် စာသားများအားလုံး အပြည့်အစုံဖော်ပြဖြေဆိုရပါမယ်။ ပုဒ်ခွဲနံပါတ်အက္ခရာ (a), (b), (c)... နဲ့ ပုဒ်ခွဲ နံပါတ် (i), (ii), (iii) ...တို့ဖြင့်သာ ယှဉ်တွဲဖော်ပြမယ်ဆိုရင် အမှတ်မရနိုင်ပါဘူး။ တစ်စုံမှားတွဲရင် နောက်တစ်စုံဟာ အလိုလို အတွဲမှားသွားနိုင်တဲ့အတွက်ကြောင့် ဖြေဆိုရာမှာ သေသေချာချာစဉ်းစားပြီးမှ ယှဉ်တွဲပေးဖို့လိုပါတယ်။

မေးခွန်း (၅) မှာ (၁) မှတ်တန် Definition တွေ (၈) ပုဒ် ပါပါတယ်။ Definition ကို စာသားနဲ့ပဲ ဖြေဆိုရပါမယ်။ Chapter တိုင်းအတွက် Chapter ထဲမှ Definition တွေသာမက Glossary ထဲမှ terms တွေ အားလုံးကို လေ့လာကျက်မှတ်ထားရပါမယ်။ အကြောင်းအရာချင်းတူနေလျှင်ဖြစ်စေ၊ အဓိပ္ပာယ်ပြောင်းလဲမှုမရှိလျှင်ဖြစ်စေ ဖြေဆိုလို့ရပါတယ်။

ဥပမာ (၄) Molar solution ကို အဓိပ္ပာယ်ဖွင့်ဆိုရာမှာ "A molar solution of a compound is a solution which contains one mole of the compound in one cubic decimetre (1 dm^3) of the solution". (OR) "A molar solution is a solution which contains one millimole of a solute dissolved in one cubic cetimetre (1 cm^3) of the solution" လို့ ဖြေဆိုနိုင်ပါတယ်။ သတိပြုရမယ့် အချက်ကတော့- ဒီ definition ရဲ့ အဆုံးမှာ "solution" လို့ရေးရမယ့်အစား "solvent" သို့ "water" လို့ရေးလိုက်ရင် အမှတ်လုံးဝမရနိုင်ပါဘူး။

အခုဆက်လက်ပြီး Section-B မေးခွန်း (၆) မှ (၈) အထိ ဖြေဆိုတဲ့အခါမှာ Chapter အလိုက် သတိပြုရမယ့် အချက်တွေကို ပြောပြပါမယ်။ ဒီ Section-B မှာ definition မေးရင် (၂)မှတ်ပေးတာကြောင့် example တွေ၊ Mathematical expression တွေပါမေးလေ့ရှိပါတယ်။ ဥပမာ (၅) Define the terms: "conductor" and "insulator" with a suitable example for each. အတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်အပြင် ဥပမာတစ်ခုစီ ပေးရပါမယ်။

Chapter (1) The Electronic Structures of Atoms, Periodic Table and Chemical Bonds အခန်းမှာ ဒြပ်စင်တစ်ခုရဲ့ အက်တမ်တစ်ခုမှာပါတဲ့ p, e, n အရေအတွက်ကို တွက်တတ်ရမယ်။ ပါဝင်တဲ့ e တွေရဲ့ တည်ဆောက်ပုံ Electronic structures, Complete electronic structures နဲ့ Essential electronic structures၊ ဒြပ်စင်ရဲ့တည်နေရာ၊ ဒြပ်စင်ရဲ့ valency, type of element တွေကိုရှာတတ်ရမယ်။ ဒြပ်စင်အချင်းချင်း ပေါင်းစပ်တဲ့အခါ ဖြစ်လာမယ့် ဓာတ်စည်းအမျိုးအစား၊ ဒြပ်ဖြစ်လာမယ့် ဒြပ်ပေါင်းရဲ့ electron dot – cross structure တွေကိုရေးတတ်ရမယ်။ octet rule ကိုလိုက်နာတဲ့ ဒြပ်ပေါင်းရှိသလို သွေဖည်တဲ့ဒြပ်ပေါင်းတွေလည်းရှိတယ်ဆိုတာ သိထားရမယ်။

ဥပမာ (၆) carbon atom အတွက်ဆိုရင် Electronic Structure ဟာ 2.4 ဖြစ်ပြီး Complete electronic structure ဆိုရင် $1s^2\ 2s^2\ 2p^2$ လို့ sub-shel တွေနဲ့ အပြည့်အစုံရေးရမယ်။ Essential electronic structure ဆိုရင် outermost shell $2s^2\ 2p^2$ ကိုရေးရမယ်။ position ဆိုရင် group no.IVB ရော period 3 ကိုပါ ဖြေပေးရတယ်။ type of element ဆိုရင် broke line ရဲ့ အထက် p-block element ဖြစ်လို့ non-metal ဖြစ်တယ်။ ဒီဒြပ်စင် C ကို Cl နဲ့ ပေါင်းခိုင်းရင် Cl ကလည်း non-metal ဖြစ်လို့ non-metal အချင်းချင်းပေါင်းစပ်တဲ့အခါ covalent bond ပဲ ဖြစ်မှာပါ။ ၎င်း dot-cross structure ကိုလည်း ရေးတတ်ရမယ်။

တစ်ခုမှတ်ထားဖို့ကတော့ Al ဟာ p-block element ဖြစ်ပေမယ့် metal ဖြစ်တယ်ဆိုတာပါပဲ။ metal နဲ့ non-metal ပေါင်းရင် ionic bond ဖြစ်တယ်ဆိုပေမယ့် Be (alkaline earth metal) နဲ့ Cl (non-metal) ပေါင်းရင်တော့ covalent bond ပဲဖြစ်တာကို သတိထားရလိမ့်မယ်။

နောက်တစ်ခုကတော့ element ပေါ်မှာ lone pair e ရှိပြီး ဒီဗစ္စည်းက e deficient molecule နဲ့ ပေါင်းစပ်ရင် co-ordinate bond ဖြစ်ကြောင်းသိထားရမယ်။ ဥပမာ (၇) $H3O^+$ ion ဖြစ်ပေါ်ခြင်းမှာ ရေမော်လီကျူးရှိ oxygen atom မှာ lone pair e ရှိပြီး H^+ ion မှာ e လုံးဝမရှိလို့ oxygen က lone pair e ကိုပေးပြီး co-ordinate bond ဖြစ်တာပါ။

Periodic properties တွေဖြစ်တဲ့ atomic size, ionization energy, electron affinity, electronegativity နဲ့ electronpositivity တွေဟာ periodic table ရဲ့ group နဲ့ period မှာပြောင်းလဲခြင်းတွေကို လေ့လာကျက်မှတ်ထားရပါမယ်။ Atom တွေရဲ့ size ဟာ အုပ်စုတစ်ခုထဲမှာ အပေါ်မှအောက်သို့သွားရင် အရွယ်ကြီးလာပြီးတော့ အပိုင်းတစ်ခုထဲမှာ ဘယ်ဘက်မှ ညာဘက်သို့သွားရင် အရွယ်ငယ်သွားတာကို တွေ့ရပါမယ်။ Ionization energy နဲ့ electron affinity ကတော့ atomic size နဲ့ ပြောင်းပြန်ပြောင်းလဲခြင်းဖြစ်တာကို တွေ့ရပါမယ်။ period တစ်ခုတည်းမှာ ဘယ်ဘက်မှ ညာဘက်သို့ သွားရင်လည်း electropositivity နည်းသွားပြီး electronegativity တိုးလာတာကို တွေ့နိုင်ပါတယ်။ အထက်ပါအကြောင်းအရာတွေကို အခြေခံထားပြီး atom အချင်းချင်းနှိုင်းယှဉ်တဲ့ မေးခွန်းတွေကို ဖြေဆိုနိုင်ရပါမယ်။

ဒါပေမယ့် ချွင်းချက်အနေနဲ့ period number 2 ထဲမှာ $_4Be$ ရဲ့ ionization energy က $_5B$ ထက် များနေတာတွေ၊ $_7N$ ရဲ့ ionization energy ဟာ $_8O$ ထက်များနေတဲ့အကြောင်းတွေက Be မှာ fully filled 2s sub-shell ရှိပြီး N မှာတော့ half filled 2p sub-shell ရှိနေလို့ပါပဲ။ Group VII B, halogens တွေထဲမှာ $_9F$ ရဲ့ electron affinity က $_{17}Cl$ ထက်ငယ်နေကြောင်းကိုလည်း သိရှိထားဖို့လိုပါတယ်။ ဒါကလည်း F atom ဟာ အလွန်သေးငယ် တဲ့အတွက် ဝင်လာတဲ့ e ကို F atom မှာ ရှိပြီးသား e (9) လုံးက ပြင်းထန်စွာ တွန်းကန်ကြတယ်။ ဒါဟာ F atom ရဲ့ anomalous behaviour ဖြစ်လို့ပါပဲ။

Periodic table ထဲမှာ ionization energy အနည်းဆုံးအုပ်စုနဲ့ အများဆုံးအုပ်စုရှိသလို electron affinity အနည်းဆုံးအုပ်စုနဲ့ အများဆုံးအုပ်စုလည်းရှိပါတယ်။ group IA (alkali metals) ဟာ ionization energy ရော electron affinity ပါ အနည်းဆုံးရှိပါတယ်။ Group IA metals တွေရဲ့ အပြင်ဘက်ဆုံးအခွံမှာ electron တစ်လုံးတည်းရှိနေတာကြောင့် စွမ်းအင်အနည်းဆုံးသုံးပြီး electron ကို လွယ်ကူစွာဖယ်ထုတ်နိုင်တဲ့အတွက် ionization energy နည်းပါတယ်။ electron affinity အတွက်ဆိုရင်လည်း အဲဒီ electron တစ်လုံးကို ကောင်းစွာထိန်းချုပ်မထားနိုင်တဲ့အတွက် နောက်ထပ် electron တစ်လုံးထပ်ထည့်ဖို့ ခက်ခဲတဲ့အတွက် ထွက်ပေါ်လာတဲ့ energy ကနည်းသွားရခြင်းဖြစ်ပါတယ်။ Group 0 (noble gases) က element တွေဟာ တည်မြဲတဲ့ electron တည်ဆောက်ပုံပိုင်ဆိုင်ထားတဲ့အတွက် အပြင်ဆုံးအခွံမှ e တစ်လုံးဖယ်ဖို့ခက်ပြီး စွမ်းအင်များများသုံးရလို့ ionization energy များရခြင်းဖြစ်တယ်။ group VII B (halogens) မှ element များမှာတော့ အပြင်ဘက်ဆုံးအခွံမှာ e (၇) လုံးရှိကြပါတယ်။ နောက်ထပ် e တစ်လုံးထပ်ထည့်လိုက်ရင် noble gases တွေရဲ့ e တည်ဆောက်ပုံဖြစ်သွားကြလို့ e ထည့်ဖို့လွယ်ကူပြီး electron affinity များရခြင်းဖြစ်တယ်ဆိုတာ နားလည်ဖို့လိုအပ်ပါတယ်။

Chapter (2) The gaseous state and gas laws မှာတော့ ဓာတ်ငွေ့နဲ့သက်ဆိုင်တဲ့ နိယာမများကို အဓိပ္ပာယ်ဖွင့်ဆိုချက်များအပြင် mathematical expression, mathematical formula/equation, constant terms, measurable quantities နဲ့ units တွေပါသိထားဖို့လိုအပ်ပါတယ်။ Law နဲ့ပတ်သက်တဲ့ပုစ္ဆာတွေ တွက်တဲ့အခါမှာလည်း အသုံးပြုရမယ့် gas law equation တွေကို ဖော်ပြပေးပြီး ပေးထားသော တန်ဖိုးများကို အစားသွင်းတွက်ချက်ခြင်း၊ unit များကိုလည်း မှန်ကန်စွာရေးပြရမှာဖြစ်ပါတယ်။ unit များမလိုပါက မထည့်မိဖို့ သတိထားရပါမယ်။ law တွေရဲ့အဓိပ္ပာယ်ဖွင့်ဆိုချက် (သို့) mathematical expression/ formula ပေးပြီး law အမည်ကို ပြန်ရေးတဲ့အခါ အပြည့်အစုံဖော်ပြရပါမယ်။

ဒီအခန်းမှာပါတဲ့ gas laws တွေကို စုစည်းပြီး Table 1 မှာ ဖော်ပြထားပါတယ်။

Table 1 Summary of Gas Laws

Law	Constant factors	Variable factors	Mathematical expression	Mathematical equation
1. Boyle's law	mass & T	P, V	$V \propto 1/P$ (or) $P \propto 1/V$	$P_1V_1 = P_2V_2$
2. Charles' law	mass & P	V & T	$V \propto T$	$V_1/T_1 = V_2/T_2$
3. P-T relationship	mass & V	P & T	$P \propto T$	$P_1/T_1 = P_2/T_2$
4. Combined gas law	mass	P, V, T	$V \propto T/P$	$P_1V_1/T_1 = P_2V_2/T_2$
5. Gay-Lussac's law of combining volumes of gases	T & P	Volume	-	-
6. Avogadro's theory	T & P	V & no. of molecules	$V \propto n$	-
7. Dalton's law of partial pressures	T	P	-	$P_{total} = P_1+P_2+P_3+...$
8. Graham's law of gaseous diffusion	T & P	Rate of diffusion & density of gas	$r \propto 1/(d)1/2$	$\frac{r_1}{r_2} = \frac{(d_2)^{1/2}}{(d_1)^{1/2}}$ (or) $\frac{r_1}{r_2} = \frac{(M_2)^{1/2}}{(M_1)^{1/2}}$

စာမျက်နှာ (၁၆) သို့

ကျောင်းသင်ခန်းစာ

စာမျက်နှာ (၁၅) မှ

Chapter (3) Stoichiometry ကတော့ ဓာတ်ပြုခြင်းတစ်ခုမှာပါတဲ့ ဓာတ်ပြုပစ္စည်း/ဓာတ်ဖြစ်ပစ္စည်းတို့ရဲ့ ပမာဏတွေကို law of conservation of mass, relative masses of atoms, the concept of the mole အစရှိတဲ့ ဓာတုနိယာမ၊ စည်းမျဉ်းတွေအပေါ် အခြေခံပြီး တွက်ချက်ရတဲ့အခန်း ဖြစ်ပါတယ်။ ဓာတ်ပြုပစ္စည်း (သို့) ဓာတ်ဖြစ်ပစ္စည်းတွေရဲ့ formula mass/formula weight, % composition တွေကို တွက်တတ်ရန် လေ့ကျင့်ထားရပါမယ်။ ဓာတ်ပစ္စည်းများရဲ့ molecular mass (formula mass), relative molecular mass နဲ့ molar mass တွေကို တွက်ချက်ခြင်း၊ ဓာတ်ပစ္စည်းတွေရဲ့ ပမာဏကို mole (သို့) millimoleနဲ့ တွက်ချက်ခြင်းတို့ကို သိရှိနားလည်ရပါမယ်။ ဓာတ်ပြုခြင်းတစ်ခုမှာ ပါဝင်တဲ့ ဓာတ်ပြုပစ္စည်းများအနက် ဓာတ်ပြုညီမျှခြင်းအရ လိုအပ်တာထက် နည်းပါးစွာ ပါဝင်နေတဲ့ပစ္စည်းကို limiting substance လို့ခေါ်ပါတယ်။ အဲဒီဓာတ်ပြုခြင်းက ဖြစ်ပေါ်လာတဲ့ ဓာတ်ပစ္စည်းပမာဏဟာ limiting substance ပေါ်မူတည်နေကြောင်း နားလည်ဖို့လိုပါတယ်။

Volumetric analysis (ထုထည်တိုင်းဓာတ်ခွဲခြင်း)မှာ Burette, Pipette, Conical flask တွေသုံးပြီး ပျော်ရည်အချင်းချင်းဓာတ်ပြုခြင်းကို လေ့လာတာဖြစ်ပါတယ်။ Titration, standardization, molarity, molar solution တို့ကိုနားလည်ရမယ့်အပြင် equivalence point နဲ့ end point ခြားနားချက်တို့ကိုလည်း သိရှိရမှာဖြစ်ပါတယ်။ ပျော်ရည်များဖြစ်တဲ့အတွက် ယင်းပျော်ရည်များရဲ့ပြင်းအား (molarity) တွက်ချက်ခြင်း၊ စံပျော်ရည် (ပြင်းအားသိပျော်ရည်) ဖျော်ယူခြင်း၊ စံပျော်ရည်များအသုံးပြုပြီး acid-base titration နဲ့ redox titration များလုပ်ဆောင်နိုင်ခြင်း တို့ကိုသိရှိနားလည်ဖို့လိုပါတယ်။ Molarity (concentration) ရဲ့ unit တွေကို လည်း သတိထားရမယ်။ amount of solute ရဲ့ ပမာဏကို mole နဲ့ ပြရင် ထုထည်ကို dm^3 နဲ့ ထားရပြီး millimole နဲ့ပြရင်တော့ Volume ကို cm^3 နဲ့ ရေးမှာဖြစ်တယ်။

Dilution of solution (ပျော်ရည်ရေရောခြင်း) ပုစ္ဆာမျိုးကို တွက်မယ်ဆိုရင် ယင်းပျော်ရည်ထဲမှာရှိတဲ့ total amount of substance (mole or millimole) မပြောင်းမှု $M_1V_1 = M_2V_2$ နဲ့ တွက်လို့ရတယ် ဆိုတာ သတိပြုရပါမယ်။ Titration ပုစ္ဆာတွေတွက်ရင် balanced equation ကို မှန်ကန်အောင် ရေးနိုင်ဖို့အရေးကြီးပါတယ်။ Chemical formula မှားရင် equation မှားမယ် (သို့) formula မှန်နေပေမယ့် equation ညီတာ မညီခဲ့ရင် mole ratio မှားနိုင်တာကြောင့် ပုစ္ဆာတစ်ပုဒ်လုံး မှားနိုင်တယ်ဆိုတာ အထူးဂရုစိုက်ရပါမယ်။

Chapter (4) Electrolysis အခန်းကတော့ ပျော်ရည်အခြေအနေအမျိုးမျိုးတို့ကို လျှပ်ခေါင်းတိုင် အမျိုးမျိုး ပြောင်းပြီး လျှပ်စစ်ဓာတ်ဖြိုခွဲခြင်းတွေကို လေ့လာတဲ့အကြောင်းအရာဖြစ်ပါတယ်။ ဒီအခန်းမှာ conductor နဲ့ Insulator ခြားနားခြင်း၊ electrolytes နဲ့ non-electrolytes ခြားနားခြင်းတွေကို နားလည်သဘောပေါက်ရန် လိုအပ်ပါတယ်။ Conductor ဟာ အခဲအခြေအနေဖြစ်စေ အရည်အခြေအနေဖြစ်စေ လျှပ်ကူးနိုင်တယ်။ metallic lattice ထဲမှာ valence ē တွေရှိလို့ဖြစ်တယ်။ Cu, Ag တို့ဟာ solid conductor ဖြစ်ပြီး mercury ကတော့ liquid conductor ဖြစ်တယ်။ Insulator ကတော့ metallic lattice မရှိတဲ့အတွက် လျှပ်မကူးနိုင်ပါဘူး။ ဥပမာ-သစ်သား၊ ရော်ဘာ၊ ပလတ်စတစ်တွေပေါ့။ electrolyte တွေကတော့ electrovalent compound ဖြစ်ပြီး အရည်ပျော်နဲ့ ဆားပျော်ရည်မှာ ion တွေ ရွေ့လျားလို့လျှပ်ကူးနိုင်တယ်။ non-elelctrolyte တွေက covalent compound ဖြစ်ပြီး molecule တွေဖြစ်တယ်။ ion တွေ မပါလို့ လျှပ်မကူးနိုင်ပါဘူး။

Electrolysis လုပ်ရာမှာ molten salt (အရည်ပျော်) နဲ့ aqueous salt (ဆားပျော်ရည်) ဘယ်လို ကွာခြားသလဲ၊ ဘယ်လိုရလာသလဲဆိုတာ သိထားရပါမယ်။ molten salt မှာ salt မှ ထွက်လာတဲ့ Cation တစ်မျိုးနဲ့ anion တစ်မျိုးစီသာပါပြီး aqueous salt မှာတော့ အဲဒီ ion များ အပြင် ရေမှထွက်လာတဲ့ H^+ နဲ့ OH^- ions တွေ ပါလာမယ်ဆိုတာသိရှိထားရပါမယ်။ electrode reaction ရေးရင် ထည့်သွင်းစဉ်းစားရပါမယ်။ ပျော်ရည်အမျိုးမျိုးကို လျှပ်စစ်ဓာတ်ဖြိုခွဲခြင်းမှ ရလာတဲ့ ဓာတ်ဖြစ်ပစ္စည်းများဟာ electrochemical series မှာရှိတဲ့ သတ္တုများနဲ့ အုပ်စုများရဲ့ တည်နေရာ၊ လျှပ်လိုက်ပစ္စည်းများရဲ့ပါဝင်ကိန်း၊ လျှပ်ခေါင်းတိုင်များရဲ့ သဘာဝစတဲ့အချက်များက လွှမ်းမိုးနေကြောင်း ရှင်းရှင်းလင်းလင်းသိထားရမယ်။

ဒါမှ Cathode နဲ့ anode reactions များရေးနိုင်ပြီး ဘယ်ဓာတ်ဖြစ်ပစ္စည်းက Cathode မှ ထွက်ပြီး ဘယ်ဓာတ်ဖြစ်ပစ္စည်းက anode မှာထွက်မယ်ဆိုတာ မှန်ကန်စွာ ဆုံးဖြတ်နိုင်ပါမယ်။ ဥပမာ- fused (သို့) molten NaCl ဆိုရင် ရေမပါဘူး။ Na^+ နဲ့ Cl^- ion တွေပဲရှိတယ်။ ဒါကြောင့် cathode မှာ Na^+ ကပ်တင်ပြီး anode မှ Cl_2 gas ထွက်မယ်။ NaCl ဆားပျော်ရည်ဖြစ်ရင်တော့ Na^+, Cl^- အပြင် H^+, OH^- တို့ကိုပါစဉ်းစားရမယ်။ electrochemical series ရဲ့ position အောက်ဘက်ရောက်ရင် discharge ဖြစ်လွယ်လို့ H_2 နဲ့ O_2 gas တွေထွက်မယ်။ Brine ဆိုရင် NaCl ရဲ့ပြင်းအားများတာ ကြောင့် concentration effect ရှိတယ်။ နောက်ဆုံး ဥပမာကတော့ nature of electrode နဲ့ concentration effect တွေပေါ်မှာ မူတည်ပြီး product တွေထွက်မယ်။ Electrolysis products အပေါ်မှာ သက်ရောက်တဲ့အချက်တွေကို Table (2) မှာ ဖော်ပြထားပါတယ်။

Table 2 Factors Influencing Electrolysis Products

Electrolytes & their ions	Electrodes	Reactions at		Anode product	Cathode product	Deciding factor
		Anode	Cathode			
(1) Fused NaCl (Na^+, Cl^-)	Pt (or) graphite	$2Cl^- \to Cl_2 + 2\bar{e}$	$Na^+ + 1\bar{e} \to Na$	$Cl_2\uparrow$	Na deposited	-
(2) NaCl solution (Na^+, Cl^-, H^+, OH^-)	Pt (or) graphite	$4OH^- \to 2H_2O + O_2 + 4\bar{e}$	$2H^+ + 2\bar{e} \to H_2$	$O_2\uparrow$	$H_2\uparrow$	E.C.S. effect
(3) Saturated NaCl solution (brine) (Na^+, Cl^-, H^+, OH^-)	Pt	$2Cl^- \to Cl_2 + 2\bar{e}$	$2H^+ + 2\bar{e} \to H_2$	$Cl_2\uparrow$	$H_2\uparrow$	Concentration effect
	graphite anode & mercury cathode	$2Cl^- \to Cl_2 + 2\bar{e}$	$Na^+ + 1\bar{e} \to Na$ $Na + Hg \to Na/Hg$	$Cl_2\uparrow$	sodium amalgam	Nature of electrode & concentration effects

Faraday's laws တွေကို အသုံးပြုပြီး သတ္တုဒြပ်စင်တွေရဲ့ relative molecular mass၊ cathode ပေါ်မှာ ကပ်တင်တဲ့ သတ္တုပမာဏ၊ electrolysis လုပ်နေစဉ် ဖြတ်သန်းတဲ့လျှပ်စစ်ပမာဏနဲ့ anode မှာ ထွက်လာတဲ့ ဓာတ်ငွေ့ ထုထည်တွေကို တွက်ယူနိုင်ပါတယ်။ Electroplating လုပ်ငန်းများဖြစ်တဲ့ ကြေးရည်စိမ်ခြင်း၊ ငွေရည်စိမ်ခြင်းနှင့် ခရိုမီယမ်စိမ်ခြင်းတွေမှာလည်း Faraday's first law သုံးပြီး သတ္တုရည်စိမ်မယ့်ပစ္စည်းပေါ်မှာ ကပ်တင်စေမယ့် သတ္တုပမာဏ၊ လျှပ်စစ်ဖြတ်သန်းစေရမယ့်အချိန်၊ ဖြတ်သန်းရမယ့် လျှပ်စစ်ပမာဏတို့ကို ကြိုတင်တွက်ယူနိုင်ပါတယ်။ ဒါ့အပြင် electroplating (၃)မျိုးမှာ အသုံးပြုထားတဲ့ electrolytes တွေ၊ anode မှာ သုံးတဲ့ metal တွေ၊ electrode reactions တွေကို Table (3)မှာလေ့လာနိုင်ပါတယ်။ object ကိုတော့ cathode မှာပဲ ထားရမယ်ဆိုတာ သေချာစွာ မှတ်သားထားစေလိုပါတယ်။

Table (3) Electroplating (for appearance and resistance to corrosion)

Name of Electroplating	Electrolytes used	Electrodes used		Reactions	
		Cathode	Anode	Cathode	Anode
(i) Cu plating	$CuSO_4$ soln	Object (article)	Cu	$Cu^{2+} + 2\bar{e} \to Cu$	$Cu \to Cu^{2+} + 2\bar{e}$
(ii) Ag plating	$KAg(CN)_2$	Object	Ag	$Ag^+ + \bar{e} \to Ag$	$Ag \to Ag^+ + \bar{e}$
(iii) Cr plating	$Cr_2(SO_4)_3$ & H_2SO_4 in water	Steel object	Pb	$Cr^{3+} + 3\bar{e} \to Cr$	$4OH^- \to 2H_2O + O_2 + 4\bar{e}$

Chapter (5) Oxidation and Reduction အခန်းမှာတော့ oxidation နဲ့ reduction တွေရဲ့ အဓိပ္ပာယ်ကို ရှုထောင့်အမျိုးမျိုးမှ ဖွင့်ဆိုသတ်မှတ်နိုင်ပါတယ်။ ဒြပ်စင်တွေ၊ ဒြပ်ပေါင်းတွေနဲ့ ions တွေမှာရှိတဲ့ element တွေရဲ့Oxidation no.တွက်ပုံတွက်နည်းကို လေ့ကျင့်ထားရပါမယ်။ Oxidation no. ရေးရင် သင်္ချာဂဏန်းရဲ့ရှေ့မှာ (+) (-)လက္ခဏာထည့်ပြီးဖော်ပြရပါမယ်။ Ion တွေရဲ့charge ကိုရေးရင် သင်္ချာဂဏန်းရဲ့နောက်မှာ လက္ခဏာထည့်ရမယ်။

Oxidizing agent (ဓာတ်တိုးစေသောပစ္စည်း)နဲ့ reducing agent (ဓာတ်လျှော့စေသောပစ္စည်း) ခြားနားချက်တွေကတော့ ē တွေကိုလက်ခံတဲ့ပစ္စည်းဟာ Oxidizing agent ဖြစ်ပြီး ē ထုတ်ပေးတဲ့ပစ္စည်းက reducing agent ဖြစ်တယ်။ တခြားပစ္စည်းများကို ဓာတ်တိုးစေပြီး ကိုယ်တိုင်ဓာတ်လျှော့ရင် Oxidizing agent ဖြစ်တယ် (ဥပမာ-၁၄)။ တခြားပစ္စည်းများကို ဓာတ်လျှော့စေပြီး ကိုယ်တိုင်ဓာတ်တိုးရင် reducing agent ဖြစ်တယ်ဆိုတာ သိထားသင့်တယ်။

Redox reaction တွေမှာ reducing agent ရှိ ē တွေက oxidizing agent ဆီ ကူးပြောင်းသွားတာကို သဘောပေါက်နားလည်ရမယ်။

Chapter (4) Electrolysis အခန်းမှာ တွေ့ခဲ့ရတဲ့ Electrolytic process တွေမှာ Redox reaction တွေ ပါဝင်နေတယ်။ ဓာတ်ဖို ion (cation) တွေက cathode (ဓာတ်မတိုင်)မှာ ဓာတ်လျှော့ခြင်း ဖြစ်ပေါ်ကြပြီးတော့ ဓာတ်မ ion (anion) တွေက anode (ဓာတ်ဖိုတိုင်)မှာ ဓာတ်တိုးခြင်းဖြစ်တယ်ဆိုတာ ရှင်းရှင်းလင်းလင်းသိထားမှ electrode တွေပေါ်မှာဖြစ်ပေါ်တဲ့ half-reaction တွေကို မှန်မှန်ကန်ကန်ရေးနိုင်ပါမယ်။

ဓာတ်တိုးဓာတ်လျှော့ညီမျှခြင်းညှိရာမှာ ညှိပုံ (၂)မျိုး ရှိတဲ့ oxidation number method နဲ့ half-reaction method ရှိပါတယ်။ မေးခွန်းမှာ ဘယ်နည်းနဲ့မေးမေး အဆင့်ဆင့်ဖြေဆိုနိုင်အောင် လေ့ကျင့်ထားဖို့လိုပါတယ်။ oxidation no. နဲ့ ဖြေမယ်ဆိုရင် ပေးထားတဲ့ ညီမျှခြင်းမှာပါတဲ့ ဓာတ်တိုးဓာတ်လျှော့ ဖြစ်တဲ့ element (သို့) ion များအပေါ်မှာ element/atom တစ်လုံးရဲ့ oxidation no. ကို ဖော်ပြခြင်း၊ oxidize (- ē)/ reduce (+ ē) ရေးပေးခြင်း၊ ē transfer အရေအတွက် (oxidation ဖြစ်တဲ့ atom အတွက် ē ဆုံးရှုံးမှုနဲ့ reduction ဖြစ်တဲ့ atom က ē ရရှိမှု) တွေကို မှန်မှန်ကန်ကန်ရေးပေးရပါမယ်။ ခဲတံနဲ့ မရေးမိဖို့လည်း သတိပြုရပါမယ်။

Half-reaction method ဆိုရင်တော့ oxidation နဲ့ reduction ဖြစ်တဲ့ half-reaction နှစ်ကြောင်းခွဲရေးပြီး အဆင့်ဆင့်မှန်ကန်စွာ ဖြေဆိုပေးရပါမယ်။

Chapter (6) Rates of Reactions and Equilibria အခန်းမှာတော့ ဓာတ်ပြုနှုန်းနဲ့ ဓာတ်ပြုမျှခြေဆိုင်ရာ အကြောင်းအရာတွေ ပါပါတယ်။ ဓာတ်ပြုနှုန်းဆိုတာ အချိန်တစ်ယူနစ်အတွင်း ဓာတ်ပြုပစ္စည်း (သို့) ဓာတ်ဖြစ်ပစ္စည်း များရဲ့ပြောင်းလဲခြင်းဖြစ်တယ်။ ဓာတ်ပြုနှုန်းနှေးရင် အချိန်ကြာပြီး ဓာတ်ပြုနှုန်းမြန်ရင် အချိန်တိုပါတယ်။ ဒါကြောင့် ဓာတ်ပြုနှုန်းဟာ အချိန်နဲ့ပြောင်းပြန် အချိုးကျတယ်။ လုံလောက်တဲ့စွမ်းအင်နဲ့ ဓာတ်ပြုခြင်းဖြစ်စေမယ့် သင့်လျော်တဲ့ အနေအထားမှာ ဓာတ်ပြုပစ္စည်းများ အချင်းချင်း ထိတိုက်မှုအကြိမ်များလေလေ ဓာတ်ပြုနှုန်းမြန်လေလေဖြစ်တယ်။

ဓာတ်ပြုခြင်းတစ်ခုရဲ့မြန်ခြင်း၊ နှေးခြင်းအပေါ် သက်ရောက်တဲ့အချက်(၆)ချက်ရှိတယ်။ ဓာတ်ပြုပစ္စည်းများရဲ့ ပါဝင်ကိန်း၊ ဖိအား၊ အပူချိန်၊ ဓာတ်ကူပစ္စည်းများ၊ ရောင်ခြည်နဲ့ ဓာတ်ပြုပစ္စည်းများရဲ့ မျက်နှာပြင်ဧရိယာတို့ ဖြစ်တယ်။

1g of Mg ribbon နဲ့ 0.5 M HCl တို့ရဲ့ ဓာတ်ပြုနှုန်းဟာ 1 g of Mg ribbon နဲ့ 1 M HCl တို့ ဓာတ်ပြုနှုန်းထက် နှေးတာကိုတွေ့ရတယ်။ အဲဒါဟာ effect of concentration of reactants ဖြစ်တယ်။ HCl ရဲ့ ပါဝင်ကိန်းကိုတူအောင်ထားပြီး Mg ကို ribbon အစား powder သုံးရင် ဓာတ်ပြုနှုန်းမြန်တာ တွေ့ရပါမယ်။ ဒါက effect of surface area of reactants ဖြစ်ပါတယ်။

Effect of pressure ကတော့ ဓာတ်ပြုခြင်းတစ်ခုထဲမှာ ဓာတ်ငွေ့များနဲ့သာ သက်ဆိုင်တယ်။ Solids, liquids နဲ့aqueous solutions များပါဝင်ခဲ့ရင်ဖိအားသက်ရောက်မှုမရှိနိုင်ပါ။ သံစလေးတွေဟာ oxygen ၂၀% သာပါတဲ့ လေထဲမှာ ဖြေးညင်းစွာလောင်ကျွမ်းပြီး pure oxygen မှာတော့ မီးပွားများထွက်ပြီး ပြင်းထန်စွာလောင်ကျွမ်းတာကို တွေ့ရပါတယ်။ oxygen ပါဝင်မှုများလေလေ ယင်းဓာတ်ငွေ့ရဲ့ ဖိအားလည်းများလေလေဖြစ်ပြီး ဓာတ်ပြုနှုန်းလည်း မြန်လာတယ်။

Effect of temperature မှာတော့ ဓာတ်ပြုခြင်းများဟာ နိမ့်တဲ့အပူချိန်ထက် မြင့်တဲ့အပူချိန်မှာ လျင်မြန်စွာ ဓာတ်ပြုနိုင်ကြတယ်။ ဒါကြောင့် ရေခဲသေတ္တာထဲမှာ သိမ်းဆည်းထားတဲ့ အစားအစာတွေဟာ အခန်းအပူချိန်မှာ ထားတဲ့ အစားအစာတွေထက် ပုပ်သိုးပျက်စီးမှုနှေးတာကိုတွေ့နိုင်ပါတယ်။ အပူချိန် 10°C မြင့်လာရင် ဓာတ်ပြုနှုန်းဟာ ၂ဆ ပိုမြန်လာတယ်လို့ဆိုပါတယ်။

Effect of catalysts မှာ positive catalysts နဲ့ negative catalysts (၂)မျိုးရှိတယ်။ H_2O_2 ကို MnO_2 အပေါ်တစ်စက်ချင်းချလိုက်ရုံနဲ့ ရေနဲ့ အောက်ဆီဂျင်အဖြစ်အမြန်ဆုံးပြိုကွဲသွားနိုင်လို့ MnO_2 ဟာ positive catalyst ဖြစ်တယ်။ ဒါပေမယ့် glycerine ကတော့ H_2O_2 ပြိုကွဲနှုန်းကို နှေးစေလို့ negative catalyst ဖြစ်တယ်။

Enzyme (biocatalyst) ကို သက်ရှိများရဲ့တစ်သျှူးများမှာတွေ့ရတယ်။ အစာခြေအင်ဇိုင်းများဖြစ်တဲ့ တံတွေးထဲမှ ptylalin နဲ့ အစာအိမ်အရည်ထဲမှ pepsin enzymes တွေဟာ starch နဲ့ proteins တို့လို မော်လီကျူးကြီးတွေကို ခန္ဓာကိုယ်ဆဲလ်များမှအသုံးပြုနိုင်တဲ့ sugar လို သေးငယ်တဲ့ မော်လီကျူးများ အဖြစ်ခြေဖျက်ရာမှာ လျင်မြန်စေတဲ့အတွက် ယင်းအင်ဇိုင်းများဟာ positive catalysts များဖြစ်ကြတယ်။ Effect of radiation ကို ဓာတ်ပြုခြင်းတချို့မှာ တွေ့နိုင်ပါတယ်။ H_2 နဲ့ Cl_2 gas တို့ဟာ တောက်ပတဲ့ နေရောင်အောက်မှာ ပြင်းထန်စွာပေါက်ကွဲပြီး ဓာတ်ပြုနိုင်တယ်။ အလင်းရောင် စုပ်ယူပြီးမှဖြစ်တဲ့ ဓာတ်ပြုခြင်းကို photochemical reaction လို့ခေါ်ပါတယ်။

Chapter (6) ရဲ့ နောက်ပိုင်းက မျှခြေ (equilibrium) အပိုင်းဖြစ်တယ်။ ဓာတ်ပြုခြင်းတစ်ခုမျှခြေရောက်ဖို့ ဒီဓာတ်ပြုခြင်းဟာ အပြန်အလှန်ဓာတ်ပြုခြင်းအမျိုးအစားဖြစ်ရပါမယ်။ Reversible reaction မှာ ရှေ့သို့ ဓာတ်ပြုခြင်း (forward reaction) ဆိုတာ product ဖြစ်တဲ့ဘက်၊ ညာဘက်သို့ သွားခြင်းဖြစ်တယ်။ ရှေ့သွားဓာတ်ပြုခြင်းနဲ့ ဆန့်ကျင်ဘက်သွားတဲ့ ဓာတ်ပြုခြင်းကို reverse reaction လို့ ခေါ်တယ်။ product တွေပြန်ပြိုကွဲပြီး reactant ပြန်ဖြစ်သွားတာပါ။ မျှခြေရောက်ပြီဆိုရင်တော့ ဓာတ်ပြုခြင်း (၂) ခုလုံးရဲ့ ဓာတ်ပြုနှုန်းကတူသွားပြီး ပါဝင်ပစ္စည်းများရဲ့ ပါဝင်ကိန်းတွေ မပြောင်းတော့ပါဘူး။ ဒါပေမယ့် reaction က ရပ်သွားတာမဟုတ်ဘဲ ရှေ့သို့နဲ့ နောက်ပြန်ဓာတ်ပြုနှုန်း အတူတူ ဖြစ်နေလို့ပါ။ ဒါကို dynamic equilibrium လို့ခေါ်တယ်။

ဒီမျှခြေကိုပျက်စီးစေတဲ့ သက်ရောက်မှု (၃)ခုရှိပါတယ်။ temp., pressure နဲ့ concentration တို့ပဲ ဖြစ်ပါတယ်။ မျှခြေကို ရောက်နေတဲ့ ဓာတ်ပြုခြင်းတစ်ခုကို အပူချိန်မြင့်လိုက်ရင် အပူစုပ်တဲ့ ဓာတ်ပြုခြင်းကို ဦးစားပေးဖြစ်ပြီး မျှခြေယာယီပျက်သွားပါတယ်။

ထို့နည်းတူပဲ ဖိအားမြင့်ပေးခဲ့ရင် ဓာတ်ငွေ့ပါတဲ့ ဓာတ်ပြုခြင်းတွေမှာ Boyle's law အရ ထုထည် ကျုံ့တဲ့ဘက်ကို ဦးတည်ပြီး ဓာတ်ပြုခြင်းဖြစ်က မျှခြေယာယီပျက်သွားပါတယ်။ ဓာတ်ငွေ့ reactant နဲ့ product တွေရဲ့ mole (volume) တူရင် ဖိအားသက်ရောက်မှုမရှိပါဘူး။

ပါဝင်ပစ္စည်းများဖြစ်တဲ့ reactant နဲ့ product တွေရဲ့ပါဝင်ကိန်းတွေကို ပြောင်းပေးရင် ပါဝင်ကိန်းများတဲ့ဘက်မှ နည်းတဲ့ဘက်ကို ဦးတည်ပြီးမျှခြေယာယီပျက်သွားပါတယ်။ ဒါပေမယ့် တစ်ချိန်ချိန်မှာ မျှခြေကို ပြန်ပြီးရောက်သွားပါတယ်။ ဒါကြောင့် reversible reaction တွေဟာ အချိန်ဘယ်လောက်ကြာကြာ ဓာတ်ပြုပစ္စည်းကုန်ဆုံးသွားတာမျိုးမရှိပါဘူး။

Chapter (7) မှာတော့ Enthalpy changes in chemical reactions (ဓာတ်ပြုခြင်းများနဲ့ သက်ဆိုင်တဲ့ အပူပြောင်းလဲခြင်း) တွေကို ဖော်ပြထားပါတယ်။ Energy အမျိုးအစားများနဲ့ ဓာတ်ပြုခြင်း တစ်ခုဖြစ်ပေါ်ရင် အပူထွက်ခြင်း (သို့) အပူစုပ်ခြင်းအကြောင်းတွေကို တွေ့ရပါမယ်။ ဓာတ်ပြုခြင်း တစ်ခုဖြစ်လို့ ပတ်ဝန်းကျင်ကိုအပူတွေထွက်လာရင် exothermic reactions လို့ ခေါ်ပြီး အပူပြောင်းလဲခြင်း (ΔH^0)တန်ဖိုးကို အနုတ်လက္ခဏာနဲ့ ဖော်ပြရတယ်။

စာမျက်နှာ (၁၇) သို့

ကျောင်းသင်ခန်းစာ

စာမျက်နှာ (၁၆) မှ

အကယ်၍ ဓာတ်ပြုခြင်းတစ်ခုဖြစ်ဖို့ ပတ်ဝန်းကျင်မှ အပူကိုစုပ်ယူရရင် Endothermic reaction လို့ခေါ်ပြီး $\Delta H\theta$ တန်ဖိုးကို အပေါင်းလက္ခဏာနဲ့ပြရပါမယ်။

ဓာတ်ပြုခြင်းတစ်ခုဖြစ်ပေါ်တဲ့အခါ heat absorbed (သို့) heat released ဖြစ်ခြင်းကို constant temperature မှာလေ့လာခဲ့ရင် Enthalpy change (ΔH) လို့ သတ်မှတ်တယ်။ အကယ်၍ ambient room temperature/standard temperature (25 ˚C / 298K) နဲ့ atmospheric pressure/standard pressure (1 atm/ 760 mmHg) မှာ လေ့လာမယ်ဆိုရင် Standard enthalpy change ($\Delta H\theta$) ဖြစ်တယ်ဆိုတာ သတိပြုရပါမယ်။ ဒီအခန်းမှာ အများဆုံး တွေ့ရတဲ့ Thermochemical equations တွေကို ရေးသားတဲ့အခါမှာ ဓာတ်ပစ္စည်းတွေရဲ့ အပူပြောင်းလဲခြင်း (အပေါင်း (သို့) အနုတ်လက္ခဏာ) များ၊ physical states တွေကို ထည့်ပေးဖို့လိုအပ်ပါတယ်။

ဓာတ်ပြုခြင်းအမျိုးမျိုးမှရလာတဲ့ heat change တွေမှာ heat of combustion, heat of formation of a compound နဲ့ heat of neutralization ဆိုပြီး (၃) မျိုးရှိပါတယ်။ ယင်းတို့ရဲ့ symbol တွေ၊ ΔH^{θ} တန်ဖိုးကို (+) (သို့) (-) လက္ခဏာဖော်ပြခြင်းတွေ၊ unit တွေကို ခွဲခြားပြီးမှတ်သားထားရပါမယ်။

Hess's law ပုစ္ဆာတွေနဲ့ ပတ်သက်ပြီး သတိထားရမယ့်အချက်တွေကတော့ ပေးထားချက်နဲ့နောက်ဆုံး အဖြေဟာ heat of formation (သို့) heat of combustion လားဆိုတာကို မေးခွန်းမှာ သေသေချာချာဖတ်ပြီးမှ ဓာတ်ပြုညီမျှခြင်းရေးခြင်း၊ ညှိခြင်း၊ ΔH^{θ} တန်ဖိုးများရေးခြင်းတို့ လုပ်ရပါမယ်။ physical state, heat change (ΔH^{θ}) ရဲ့ လက္ခဏာတွေနဲ့ unit များကို ပြည့်ပြည့်စုံစုံထည့်သွင်းဖော်ပြရပါမယ်။ heat of combustion ဖြစ်တဲ့ compound က 1 mole သာဖြစ်ရမယ်။ heat of formation ဖြစ်တဲ့ compound က 1 mole ဖြစ်တဲ့အပြင် ယင်း compound မှာပါတဲ့ elements တွေသာ ပေါင်းရမယ်ဆိုတာတွေကို သတိပြုရပါမယ်။

Heat of combustion နဲ့ heat of formation တွေအတွက် unit က kJmol^{-1} ဖြစ်ပြီး heat of formation ကို သင်္ကေတΔH^{θ}_f နဲ့ ဖော်ပြရမယ်။ ဓာတ်ပြုညီမျှခြင်းများကို မြှောက်ဖော်ကိန်းတစ်ခုခုနဲ့ မြှောက်လိုက်ရင် unit ဟာ kJ ဖြစ်သွားပြီး မူလအပူတန်ဖိုးပြောင်းလဲသွားပါမယ်။ ဓာတ်ပြုညီမျှခြင်းများကို ပြောင်းပြန်ရေးလိုက်ရင်လည်း heat change ရဲ့ unit မှာ kJ ဖြစ်ပြီး လက္ခဏာပါ ပြောင်းပေးရပါမယ်။ နောက်ဆုံးအဖြေမှာ heat of combustion ဆိုရင် သင်္ကေတက ΔH^{θ} နဲ့ heat of formation ဆိုရင် သင်္ကေတဟာ ΔH^{θ}_f ဖြစ်ပါတယ်။ unit တွေမှာ kJmol^{-1} ဖြစ်ရမယ်ဆိုတာ သေသေချာချာသိထားဖို့လိုပါတယ်။ heat change ပါတဲ့ thermochemical equation ပေးပြီး ၎င်း equation ရှိ substance တွေရဲ့ mass ကို မေးတဲ့ပုစ္ဆာတွေကိုလည်း လေ့လာထားရပါမယ်။

Chapter (8) some important metals and their compunds နဲ့ Chapter (9) Metal reactivity ကတော့ metallurgy (သတ္တုဗေဒ) နဲ့ ပတ်သက်တဲ့အခန်းတွေဖြစ်တယ်။ Metal တွေကို သူတို့ရဲ့ သတ္တုရိုင်း (Ores) တွေမှ ထုတ်ပုံ၊ metal တွေရဲ့ reactivity ပေါ်မူတည်ပြီး ဘယ်သတ္တုတွေကို electrolysis နည်းနဲ့ ထုတ်မယ်၊ ဘယ်သတ္တုတွေကို reduction နည်းနဲ့ထုတ်မယ်၊ ဘယ်သတ္တုတွေကို သဘာဝအတိုင်း ထုတ်နိုင်တယ်ဆိုတာကို လေ့လာထားရပါမယ်။

သတ္တုတွေနဲ့ အက်စစ်၊ လေ (အောက်ဆီဂျင်)၊ ရေ၊ ရေငွေ့တို့နဲ့ ဓာတ်ပြုနိုင်စွမ်းသတ္တုတွေကို ဖော်ပြထားတဲ့ reactivity series ကိုလည်း သေသေချာချာသိထားရပါမယ်။ ores တွေနဲ့ ores ထဲမှာ အများဆုံးပါတဲ့ ဒြပ်ပေါင်းတွေရဲ့ အမည်တွေ၊ Chemical formula ၊ သတ္တုရိုင်းမှ သတ္တုထုတ်ဖော်ပုံတွေ၊ ယင်းသတ္တုများပါတဲ့ ဒြပ်ပေါင်းထုတ်ဖော်ပုံတွေ၊ ယင်းတို့ရဲ့အသုံးပြုပုံတွေကိုလည်း လေ့လာထားရပါမယ်။

Steel အမျိုးအစား (၅) မျိုး၊ alloys (သတ္တုစပ်များ) နဲ့ ယင်းတို့ရဲ့ composition တွေ၊ properties တွေနဲ့ အသုံးဝင်ပုံတွေကိုလည်း သေသေချာချာသိဖို့လိုပါတယ်။ ပြီးတော့ သံချေးတက်ခြင်းအကြောင်းနဲ့ သံချေးတက်ခြင်းကို ကာကွယ်ခြင်း၊ recycling metals (Al & Fe) အကြောင်းတွေကို လေ့လာထားဖို့လိုပါတယ်။

Chapter (10) Nitrogen and its compounds, Chapter (11) Sulphur and its compounds နဲ့ Chapter (12) The halogens အခန်းများကတော့ nitrogen ဆိုင်ရာ ဓာတ်ခွဲခန်း ဓာတ်ငွေ့ထုတ်ဖော်ပုံ (N_2, NH_3, N_2O, NO, NO_2) နဲ့ ammonium hydroxide (ammonia solution) ဓာတ်ခွဲခန်းမှာပြုလုပ်ပုံ၊ sulphur နဲ့ သက်ဆိုင်တဲ့ ဓာတ်ငွေ့ထုတ်ဖော်ပုံ (H_2S, SO_2, SO_3, H_2SO_4 acid)၊ halogen များဖြစ်တဲ့ Cl_2, Br_2, I_2 ထုတ်ဖော်ပုံတွေအပြင် ammonia, nitric acid, sulphuric acid, mining sulphur, chlorine အမြောက်အမြားထုတ်ဖော်ပုံတွေကို သိရှိထားရမယ်။ ဓာတ်ခွဲခန်းမှာ ဓာတ်ငွေ့ထုတ်ဖော်ပုံတွေမှာ သက်ဆိုင်ရာ မှန်ကန်ပြည့်စုံတဲ့ပုံ၊ မှန်ကန်တဲ့စာသားညီမျှခြင်းနဲ့ သင်္ကေတညီမျှခြင်း၊ မှန်ကန်တဲ့ ဓာတ်ပြုပစ္စည်းများနဲ့ ဓာတ်ပြုအခြေအနေ၊ ဓာတ်ငွေ့စုဆောင်းပုံ၊ ဓာတ်ငွေ့ပြည့်မပြည့် စမ်းသပ်နည်းတို့နဲ့တကွ လေ့လာကျက်မှတ်ထားရမှာ ဖြစ်ပါတယ်။

ဓာတ်ငွေ့စုဆောင်းတဲ့နည်းတွေကိုလည်း သက်ဆိုင်ရာဓာတ်ငွေ့တွေရဲ့ ရုပ်ဂုဏ်သတ္တိတွေနဲ့ ယှဉ်တွဲပြီး မှတ်ထားရပါမယ်။ ထုတ်ယူမယ့်ဓာတ်ငွေ့ဟာ အက်စစ်ဂုဏ်သတ္တိရှိလား၊ ဗေ့စ်ဂုဏ်သတ္တိရှိလား၊ ဂုဏ်မဲ့လား၊ ပျော်ဝင်သတ္တိ ဘယ်လိုရှိသလဲ၊ လေထက်လေးသလား၊ ပေါ့သလားစတဲ့ ဂုဏ်သတ္တိတွေနဲ့ စဉ်းစားဆုံးဖြတ်ပြီးမှ ဓာတ်ငွေ့စုဆောင်းနည်းကို မှန်ကန်စွာရေးရပါမယ်။

ဓာတ်ခွဲခန်းထဲမှာ HNO_3 acid ထုတ်ဖော်ခြင်းနဲ့ bromine ထုတ်ဖော်ခြင်းတွေမှာတော့ ယင်းတို့ကို အရည်အဖြစ် စုဆောင်းလိုတာကြောင့် ရီတော့ပေါင်းအိုးကို သုံးရခြင်းဖြစ်ပါတယ်။ nitrogen, sulphur, halogen တွေနဲ့ဆိုင်တဲ့ ဒြပ်ပေါင်းတို့ရဲ့ ရုပ်ဂုဏ်သတ္တိ၊ ဓာတ်ဂုဏ်သတ္တိနဲ့ အသုံးဝင်ပုံတွေကိုလည်း သိမှတ်ထားဖို့လိုပါတယ်။

Chapter (13) Acids, Bases and their Neutralization မှာတော့ အဓိပ္ပာယ်ဖွင့်ချက်အမျိုးမျိုး၊ proton ပါဝင်မှုအပေါ် အခြေခံတဲ့ strong acid နဲ့ weak acid ၊ solvent ပါဝင်မှုပေါ်အခြေခံသော concentrated acidနဲ့ dilute acid တို့ရဲ့ ခြားနားမှု၊ conjugate acids နဲ့ conjugate bases တို့ကို Bronsted & Lowry theory အရ ခွဲခြားသတ်မှတ်ခြင်းတို့ပါဝင်ပါတယ်။ Ionic product of water (K_w) ရဲ့ mathematical expression, numerical value တို့ကို သိထားရပါမယ်။ အပူချိန်တစ်ခုမှာ K_w တန်ဖိုးကိန်းသေဖြစ်တယ်။ အပူချိန်ပြောင်းရင် K_w တန်ဖိုးပြောင်းတယ်ဆိုတာလည်းသိရမယ်။

ပျော်ရည်တစ်ခုရဲ့acidity (အက်စစ်သတ္တိ) နဲ့ alkalinity (အယ်လ်ကာလီ/ဗေ့စ်သတ္တိ)ကို ဖော်ပြဖို့ pH နဲ့ pOH ကို အသုံးပြုနိုင်ပါတယ်။ pH တန်ဖိုး 7 ထက်ငယ်ရင်တော့ acid ပျော်ရည်၊ pH တန်ဖိုး 7 ထက်ကြီးရင်တော့ alkali/base ပျော်ရည်များ ဖြစ်တယ်။ pH 7 မှာဆိုရင်တော့ ရေသန့် (သို့) ဓာတ်ပြယ်တဲ့ပျော်ရည်ဖြစ်ပါတယ်။ acid တွေရဲ့ ပြင်းအားကို K_a/pK_a နဲ့ ပြနိုင်သလို Base / alkali ပျော်ရည်တွေရဲ့ပြင်းအားကို K_b/pK_b နဲ့ ဖော်ပြနိုင်ပါတယ်။ ပျော်ရည်တစ်ခုထဲမှာ [H$^+$] များမယ်၊ K_a တန်ဖိုးကြီးပြီး၊ pK_a တန်ဖိုးငယ်ခဲ့ရင် strong acid ဖြစ်ပြီးတော့ [H$^+$] နည်းမယ်၊ K_a တန်ဖိုးငယ်ပြီး၊ pK_a တန်ဖိုးကြီးခဲ့ရင် weak acid ဖြစ်မယ်ဆိုတာ နားလည်သဘောပေါက်ဖို့ လိုပါတယ်။

ဆားအမျိုးအစား (၄) မျိုးဖြစ်တဲ့ အားပြင်းအက်စစ်နဲ့ အားပြင်းဗေ့စ်၊ အားပြင်းအက်စစ်နဲ့ အားပျော့ဗေ့စ်၊ အားပျော့အက်စစ်နဲ့ အားပြင်းဗေ့စ်၊ အားပျော့အက်စစ်နဲ့အားပျော့ဗေ့စ်တို့ရဲ့ဆားတွေ ရေသွင်းဖြိုခွဲခြင်းဖြစ်တဲ့အခါ pH တန်ဖိုး မတူညီရတဲ့အကြောင်းရင်းတွေကို ဆားနမူနာတွေရေးပေးပြီး အကျိုးအကြောင်းဆက်စပ်ဖြေရှင်းတတ်ဖို့လိုပါတယ်။

Buffer solution နဲ့ ပတ်သက်တဲ့ အဓိပ္ပာယ်သတ်မှတ်ချက်၊ examples နဲ့ ပုစ္ဆာတွေကို မှန်ကန်စွာရေးနိုင်၊ တွက်နိုင်ဖို့လိုပါတယ်။ Buffer solution ပုစ္ဆာတွက်တဲ့အခါ အက်စစ်ပျော့တွေရဲ့ ပြိုကွဲမှုကို အပြန်အလှန်ညီမျှခြင်း၊ ဆားတွေရဲ့ပြိုကွဲမှုကို တစ်ဖက်သွားညီမျှခြင်း၊ concentration ကို square bracket, [ ] နဲ့ ဖော်ပြရပြီး unit ကို M (သို့) mol dm^{-3} နဲ့ဖော်ပြခြင်း၊ pH, pOH နဲ့ pK_a တို့မှာ unit ဖော်ပြရန် မလိုအပ်ခြင်းစတဲ့ သတိထားရမယ့်အချက်တွေကို နားလည်ဖို့လိုအပ်ပါတယ်။ ဒါ့အပြင် indicator အမျိုးမျိုးနဲ့ ယင်းတို့ကို acid-base titration တွေမှာ equivalence point ရှာရင် အသုံးပြုနိုင်တာတွေကို သိရှိထားရပါမယ်။ acid, base တွေရဲ့ pH, pOH, [H$^+$], [OH$^-$] ရှာတဲ့ပုစ္ဆာတွက်တွေကိုလည်း mathematical formula တွေမှန်ကန်စွာရေးပြီး တွက်နိုင်ရပါမယ်။

Chapter (14) Organic Chemistry အခန်းမှာတော့ alkane, alkene, alkyne နဲ့ alcohol တွေကို ပါဝင်တဲ့ carbon လုံးရေအလိုက် graphic structure, molecular structure နဲ့ molecular formula ရေးပုံတွေ၊ ယင်းတို့ကို trivial နဲ့ IUPAC system တွေနဲ့ အမည်ပေးပုံ၊ ယင်း H/C ဒြပ်ပေါင်းတွေကို ဓာတ်ခွဲခန်းမှာ ထုတ်ယူနည်းများနဲ့ ယင်းတို့ရဲ့ ဂုဏ်သတ္တိတွေလေ့လာထားရပါမယ်။ ၎င်းထုတ်ယူနည်းနဲ့ ဂုဏ်သတ္တိတွေထဲပါတဲ့ အမည်ရှိဓာတ်ပြုခြင်းတွေ၊ ဒြပ်ပေါင်းတစ်ခုမှတစ်ခု ပြောင်းလဲခြင်းတွေ၊ ဉာဏ်စမ်းပုစ္ဆာတွေ၊ ခွဲခြားခြင်းတွေကို သေသေချာချာ လေ့ကျင့်ထားရမယ်။ ခွဲခြားခြင်းတွေမှာတော့ alkane & alkene, alkane & alkyne, alkene & alkyne, alkynes အချင်းချင်း ခွဲခြားတတ်အောင်၊ ခွဲခြားရာမှာ မျက်စိဖြင့်မြင်ရပြီး သိသာထင်ရှားတဲ့အရောင် ပြောင်းလဲမှု၊ အနည်ကျမှုတို့ပါတဲ့ ဓာတ်ပြုခြင်းတွေကိုသာ အသုံးပြုရပါမယ်။

နောက်ထပ်သတိပြုရမယ့် အချက်ကတော့ ဓာတ်ပြုညီမျှခြင်းများကို ရေးရင် အော်ဂဲနစ်ဒြပ်ပေါင်းများရဲ့ အမည်၊ ဓာတ်ပြုအခြေအနေအပြည့်အစုံထည့်ရေးပေးဖို့လိုအပ်ပါတယ်။

Petroleum industry and petrochemicals အကြောင်းနဲ့ ပတ်သက်ပြီး non-renewable energy များ ဖြစ်ပေါ်စေတဲ့ fossil fuels (crude oil, natural gas, coal) နဲ့ renewable energy များရစေနိုင်တဲ့ biodiesel & biogas, crude oil ကို fractional distillation နည်းစဉ်ဖြင့် သန့်စင်ခြင်း၊ ယင်းနည်းစဉ်ဖြင့် ရလာတဲ့ H/Cs တွေထဲမှ kerosene, diesel တို့ကို catalytic cracking နည်းစဉ်သုံးပြီး gasoline ပြောင်းလဲနိုင်ပုံ၊ gasoline (liquid fuel) ရဲ့ flash point နဲ့ ignition temperature ခြားနားချက်တွေကို သိထားဖို့လိုပါတယ်။

အစားထိုးလောင်စာဆီများဖြစ်တဲ့ methanol မှ ထုတ်ယူရရှိတဲ့ gasoline, diesel, LPG, CNG, biodiesel, biogas တွေရဲ့ အကြောင်းအရာများကို လေ့လာမှတ်သားထားဖို့ လိုပါတယ်။ ဒါ့အပြင် transesterification နည်းစဉ်ဖြင့် biodiesel ထုတ်ယူခြင်း၊ anaerobic fermentation နည်းဖြင့် biogas ထုတ်ယူခြင်း၊ ကျောက်မီးသွေးဖြစ်စဉ်အမျိုးမျိုးနဲ့ ကျောက်မီးသွေးမှရနိုင်တဲ့ chemicals တွေအကြောင်း၊ crude oil, diesel, LPG, CNG, biodiesel, biogas, zeolite, coal နဲ့ coal gas တွေမှာ အဓိကပါတဲ့ elements တွေနဲ့ compounds တွေကို သိရှိထားရပါမယ်။

နောက်ဆုံး Chapter (15) Chemistry in Society ဆိုတဲ့လူနေမှုဘဝနဲ့ ဓာတုဗေဒဘာသာရပ်တို့ ဆက်သွယ်နေပုံကို လေ့လာတဲ့အခန်းမှာတော့ အပင်တွေကြီးထွားဖို့လိုအပ်နေတဲ့ elements အကြောင်းတွေ၊ အပင်တွေအသက်ရှင်နေနိုင်ဖို့လိုအပ်တဲ့ သကြားဓာတ်ကို photosynthesis မှရရှိပုံ၊ သဘာဝမြေဩဇာနဲ့ ဓာတ်မြေဩဇာတို့ဟာ အပင်တွေရဲ့ အသီး၊ အပွင့်၊ အရွက်ကြီးထွားမှုကို အားပေးပုံ၊ insecticides အမျိုးအစားတွေနဲ့ အပင်ကြီးထွားမှုကိုအားပေးတဲ့ growth substances တွေအပြင် cement ထုတ်ဖော်ပုံအဆင့်ဆင့်၊ cement ထုတ်ဖော်ရာမှာ သုံးတဲ့ကုန်ကြမ်းပစ္စည်းတွေ၊ Plaster of Paris မှာ ပါတဲ့ composition ၊ ထုတ်ဖော်ပုံနဲ့ ဂုဏ်သတ္တိတွေ၊ ပင်လယ်ရေထဲမှာ ပါဝင်တဲ့ ဆားများနဲ့ ပင်လယ်ရေမှ ဆားထုတ်ဖော်နည်းများအကြောင်းတွေ ပါဝင်ပါတယ်။

ဒါ့အပြင် plastics and polymers အပိုင်းမှာတော့ natural polymers နဲ့ synthetic polymers တွေ၊ မျိုးတူတဲ့ monomer အချင်းချင်းပေါင်းပြီး homopolymer (addition polymer) ဖြစ်ပေါ်လာပုံ၊ မျိုးမတူတဲ့ monomers အချင်းချင်းပေါင်းပြီး copolymer (condensation polymer) ဖြစ်ပေါ်လာပုံတွေ၊ မျိုးတူ monomer တွေကို addition polymerization reaction သုံးပြီး PE, PP, PVC, PTFE, PS အစရှိတဲ့ addition polymer ပြုလုပ်ပုံ၊ မျိုးမတူတဲ့ monomer နှစ်ခုပေါင်းပြီး ရေမော်လီကျူးဖယ်တဲ့ condensation polymerization နည်းဖြင့် Nylon, polyester စတဲ့ condensation polymer ပြုလုပ်ပုံနဲ့ ပါဝင်တဲ့ ဓာတ်စည်းအမျိုးအစား၊ addition နဲ့ condensation polymer တွေရဲ့ ဂုဏ်သတ္တိနဲ့ အသုံးပြုပုံတွေကို လေ့လာကျက်မှတ်ထားရပါမယ်။ Thermoplastic နဲ့ Thermosetting polymer တွေကို ပြန်လည်အသုံးချတဲ့ နည်းတွေကိုလည်း လေ့လာမှတ်သားထားဖို့လိုပါတယ်။ နောက်ဆုံးအနေနဲ့ ဆပ်ပြာချက်ခြင်းအကြောင်း၊ soapless detergent အကြောင်းနဲ့ ယင်းတို့ရဲ့ ချေးချွတ်နိုင်စွမ်းသတ္တိ အကြောင်းတွေကို တည်ဆောက်ပုံများနဲ့တကွ ရှင်းလင်းထားတာတွေကို သိရှိထားသင့်ပါတယ်။ Addition polymers၊ Condensation polymers တို့နဲ့ ပတ်သက်ပြီး သိသင့်သိထိုက်တာတွေကို Table (4) မှာ ဖော်ပြပေးထားပါတယ်။

Table (4) Summary of Polymers

Type of Polymers (based on structures)	Name of polymers	Monomers present	Properties of polymers	Uses
Addition polymers	Polyethene/ Polyethylene (PE)	ethene $CH_2=CH_2$	tough, durable	plastic bags, bowls, bottles, packaging
	Polypropene/ Polypropylene (PP)	propene $CH_2=CH-CH_3$	tough, durable	crates and boxes, plastic rope
	Polychloroethene/ Polyvinylchloride (PVC)	chloroethene $CH_2=CHCl$	strong, hard	insulation, pipes & guttering
	Polytetrafluoroethene/ Teflon (PTFE)	tetrafluoroethene $CF_2=CF_2$	non-stick surface, withstands high temperature	non-stick frying pans, non-stick taps & joints
	Polyphenylethene/ Polystyrene (PS)	Styrene $C_6H_5CH=CH_2$	light, poor conductor of heat	insulation, packaging (foam)
Condensation polymers	Nylon Polyamide	a diamine & a dicarboxylic acid	–	making cloths, ties, sheets & racquet strings
	Terylene Polyester	diol & dicarboxylic acid	–	fibre, clothing

အခု chapter တစ်ခုချင်းအလိုက် လေ့လာကျက်မှတ်ရမယ့်အကြောင်းအရာနဲ့ သတိပြုရမယ့် အချက်တွေကို အသေးစိတ်ဆွေးနွေးပေးပြီးဖြစ်တဲ့အတွက် တပည့်တို့အနေနဲ့ ဘယ်လိုလေ့လာကျက်မှတ်သင့်တယ်ဆိုတာ သဘောပေါက်ပြီ ထင်ပါတယ်။ ဒါကြောင့် chapter တစ်ခုချင်း အသေးစိတ် နှံ့နှံ့စပ်စပ်ကျက်မှတ်ဖို့၊ ကျိုးကြောင်းဆက်စပ်တွေးခေါ်တတ်ဖို့လိုအပ်တဲ့အပြင် ဖတ်စာအုပ်မှာပါတဲ့ ပုစ္ဆာတွေ၊ မေးခွန်းဟောင်းတွေကိုပါ လေ့ကျင့်ထားဖို့လိုပါတယ်။ ထပ်မံသတိပေးလိုတာကတော့ ပုစ္ဆာတွက်တဲ့အခါ လိုအပ်တဲ့နေရာတွေမှာ unit များထည့်ဖို့၊ အပုဒ်တိုင်းနဲ့ သက်ဆိုင်ရာ မေးခွန်းပုစ္ဆာနံပါတ်ကို ဖော်ပြရေးသားပေးဖို့ သတိပြုရပါမယ်။ အထူးသတိပြုရမယ့်အချက်ကတော့ မေးခွန်းနံပါတ် (၁) မှ (၆) အထိဟာ လုံးဝရွေးချယ်ခွင့်မရှိတဲ့အတွက် အမှတ်များများလိုချင်ရင် အခန်း (၁၅)ခန်းလုံးကို နှံ့နှံ့စပ်စပ် သိထားဖို့လိုပါတယ်။

နောက်ဆုံးအနေနဲ့ ဆရာ၊ ဆရာမများရဲ့ သင်ကြားပြသမှုနဲ့ မိမိတို့ရဲ့ ကြိုးစားအားထုတ်မှုတွေကို ပေါင်းစပ်ပြီး အခုဆွေးနွေးပေးလိုက်တဲ့ ဆွေးနွေးချက်အတိုင်း လေ့ကျင့်သွားကြပါလို့ တိုက်တွန်းလိုပါတယ်။ ဒီ ၂၀၁၄ ခုနှစ် မတ်လမှာကျင်းပမယ့် တက္ကသိုလ်ဝင်စာမေးပွဲမှာ ဓာတုဗေဒဘာသာရပ်ကို အခက်အခဲမရှိ ကောင်းမွန်မှန်ကန်စွာ ဖြေဆိုနိုင်ပြီး အမှတ်များများနဲ့ အောင်မြင်မှုရရှိနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဒီမှာပဲရပ်နားလိုက်ပါမယ်။ ။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

တန့်ကြည်တောင်ခြေမှ ရှေးဟောင်းသာသနိက အဆောက်အအုံများပြုပြင်ရန် အလှူရှင်များလိုအပ်နေ

ပန်းတောင်း ဇန်နဝါရီ ၁၇

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် တန့်ကြည်တောင်ခြေအနီး ဆင်တဲကျေးရွာ စက်တော်ရာကျောင်းဝန်းအတွင်း ဘုရားရုပ်ပွားတော်များနှင့် ဗုဒ္ဓသာသနိက အဆောက်အအုံများယိုယွင်းပျက်စီးနေသည်မှာ နှစ်နှင့်ချီ၍ ကြာမြင့်နေပြီဖြစ်သော်လည်း ယနေ့အထိပြုပြင်မည့် အလှူရှင်မရှိသေးကြောင်း သိရသည်။

အဆိုပါ စက်တော်ရာကျောင်းတိုက်အတွင်း၌ ရှေးဟောင်းခြေတော်ရာ တစ်ဆူရှိပြီး ဆရာတော်များ အစဉ်အဆက်ပူဇော်ထားရှိခဲ့ကြောင်း သိရသည်။ ခြေတော်ရာနှင့်အတူ ရှေးဟောင်းစေတီတော်များ၊ ရုပ်လုံးကြွသူတော်စင်ရုပ်တုများနှင့် အခြားသာသနိကအဆောက်အအုံများအပြင် ဉာဏ်တော်အမြင့်ပေ ၂၀ နီးပါးရှိသော မတ်ရပ်တော်ဘုရားကြီးလေးဆူတို့မှာ ပြုပြင်လှူဒါန်းမည့်သူမရှိဘဲ ယိုယွင်းပျက်စီးလျက်ရှိနေသည်ကို တွေ့ရသည်။

စက်တော်ရာကျောင်းတိုက်သည် နဝဒေးမြစ်ကူးတံတားကြီး အနောက်ဘက်ကမ်းတံတားထိပ်မှ တောင်ဘက်ဆင်တဲသို့သွားရာ တောင်ခြေကားလမ်းပေါ်၌တည်ရှိပြီး တံတားမှ နှစ်မိုင်ခန့်သာ ကွာဝေးပြီး အလွယ်တကူသွားရောက် ဖူးမြော်နိုင်ကြောင်း သိရသည်။

ကျော်သက်ထွန်း(ဇီးကုန်း)

ရေစကြိုပြည်သူ့ဆေးရုံ၌ နှစ်ထပ်တိုးချဲ့ လူနာဆောင်ဆောက်

ရေစကြို ဇန်နဝါရီ ၁၇

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံဝင်းအတွင်းတွင် အလျား ၁၈၂ ပေ၊ အနံ ၇၄ ပေ ၊ အမြင့် ၂၆ ပေရှိ သံကူကွန်ကရစ်နှစ်ထပ် တိုးချဲ့လူနာဆောင်တစ်ဆောင်ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ်သိန်း ၂၀၀၀ ဖြင့် ရွှေသုန္ဒရီဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူ၍ဆောက်လုပ်ခဲ့ရာ ယခုအခါ အဆောက်အအုံတစ်ခုလုံး၏ ၄၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ကြောင်းနှင့် ၂၀၁၄ ခုနှစ် ဧပြီတွင် ရာနှုန်းပြည့် ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ယခု တိုးချဲ့နှစ်ထပ်လူနာဆောင်ကို တာဝန်ယူဆောက်လုပ်နေသည့် အင်ဂျင်နီယာ ဦးဇော်လွင်ဦးက ပြောပြသည်။

ယခုအခါ ဒေသခံပြည်သူများမှာ ကိုယ့်ဒေသ ကိုယ့်မြို့မှာပင် မိမိတို့၏အထွေထွေကျန်းမာရေးအတွက် ဆေးဝါးကုသမှုခံယူရရှိနိုင်တော့မည်ဖြစ်၍ ဝမ်းသာကျေးဇူးတင်လျက်ရှိကြောင်း ကြားသိရသည်။ **ဖေထွဏ်းဇော်(ရေစကြို)**

ကျိုက္ကလီမြို့နယ်ခွဲလူငယ်ရှေ့ဆောင် စာကြည့်တိုက်ဖွင့်ပွဲကျင်းပ

ကျိုက္ကလီ ဇန်နဝါရီ ၁၇

သံတွဲခရိုင် ကျိုက္ကလီမြို့နယ်ခွဲ ကိုင်းခုံကျေးရွာတွင် နိုင်ငံတော်မတည်ငွေဖြင့် ဆောက်လုပ်လှူဒါန်းသည့် လူငယ်ရှေ့ဆောင်စာကြည့် တိုက်ဖွင့်ပွဲကို ဇန်နဝါရီ ၁၂ ရက် နံနက် ၉ နာရီက ရခိုင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးထိန်လင်း၊ မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးဆန်းလင်းအောင်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးမှူး ဒေါ်တင်တင်စိန်တို့ကဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် သဒ္ဓမ္မရက္ခိတာရာမကျောင်းဆရာတော်ကဩဝါဒစကားပြောကြားပြီး ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထိန်လင်းက စာကြည့်တိုက်နှင့်ပတ်သက်၍ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားကာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးဒေါ်တင်တင်စိန်က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။ အဆိုပါ စာကြည့်တိုက်မှာ အလျား ၃၂ ပေ၊ အနံ ၁၆ ပေရှိပြီး သွပ်မိုး၊ အုပ်ကာ၊ ကွန်ကရစ်ခင်း အဆောက်အအုံဖြစ်ကာ ငွေကျပ် ၃၅ သိန်း အကုန်အကျခံဆောက်လုပ်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပန်းမော်ခရိုင်လုံးဆိုင်ရာ ရှမ်းမျိုးနွယ်ဝင်များ ကောက်ဦးဆွမ်း စုပေါင်းကပ်လှူ

ဗန်းမော် ဇန်နဝါရီ ၁၇

ကချင်ပြည်နယ် ဗန်းမော်ခရိုင်လုံးဆိုင်ရာ(၁၇)ကြိမ်မြောက် ရှမ်းမျိုးနွယ်ဝင် ကောက်ဦးဆွမ်းစုပေါင်းကပ်လှူပူဇော်ပွဲကို ဇန်နဝါရီ ၁၅ ရက် (ပြာသိုလပြည့်) နံနက်ပိုင်းက ရွှေကျေးနားကျေးရွာ အိုက်ခေါ်တော်စေတီရင်ပြင်၌ ကျင်းပသည်။

နံနက် ၄ နာရီခွဲတွင် အိုက်ခေါ်တော်စေတီတွင် ဆွမ်း၊ ပန်း၊ သစ်သီးဝလံများ၊ ဆီမီး၊ အမွှေးတိုင်များကပ်လှူပူဇော်ကြပြီးဘာသာရေးအသင်းဝင်အမျိုးသမီးများက ဝတ်ရွတ်ပူဇော်ကြသည်။

နံနက် ၇ နာရီတွင် စေတီပရဝဏ်အတွင်း၌ ပင့်သံဃာအပါး ၂၀၀၊ သီလရှင်အပါး ၁၅၀ တို့ကို ငွေ၊ လှူဖွယ်ဝတ္ထုပစ္စည်း၊ ဆွမ်းဆန်စိမ်းလောင်းလှူကြသည်။ နံနက် ၉ နာရီတွင် အပြေးပြိုင်ပွဲ၊ လူငယ်ဘောလုံးပြိုင်ပွဲ၊ ဘော်လီဘောနှင့်ပိုက်ကျော်ခြင်းခတ်ပြိုင်ပွဲများ ကျင်းပသည်။

ကပြဖျော်ဖြေ

ထို့နောက် သီချင်းများသီဆိုကပြဖျော်ဖြေပြီး ရှမ်းမျိုးနွယ်ဝင်ဇာတ်ခုံမှ ရှမ်းရိုးရာယဉ်ကျေးမှုအကမျိုးစုံဖြင့် ကပြဖျော်ဖြေကြသည်။

နံနက် ၁၁ နာရီတွင် သံဃာတော်၊ သီလရှင်များအား နေ့ဆွမ်းဆက်ကပ်၍ ကုသိုလ်ကောင်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

အဆိုပါ ကောက်ဦးဆွမ်းကပ်လှူပူဇော်ပွဲသို့ခရိုင်အတွင်းရှိ ဗန်းမော်၊ ရွှေကူ၊ မိုးမောက်၊ မန်စီမြို့နယ်များအတွင်းရှိ ကျေးရွာပေါင်း ၈၀ ကျော်၊ ရှမ်းမျိုးနွယ်ဝင် ဦးရေ ၃၀၀၀၀ ကျော်တို့မှ ကောက်ဦးဆွမ်းစုပေါင်းကပ်လှူပူဇော်ကြကြောင်း သိရသည်။

ဆီမီးခုံ-နန်းရီ

တက္ကစီယာဉ်မောင်းအားဓားဖြင့်ထိုး၊ တုတ်ဖြင့်ရိုက်မှုဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၁၇

ဇန်နဝါရီ ၁၃ ရက် ညက ယာဉ်မောင်း မောင်တေဇာအောင် မောင်းနှင်လာသည့် တက္ကစီယာဉ်ကို ဗဟန်းမြို့နယ် ခြောက်ထပ်ကြီးဘုရားရှေ့မှ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် စစ်ပင်တောင်ရပ်ကွက်သို့ ပို့ပေးရန် အမျိုးသားသုံးဦး (စုံစမ်းဆဲ)မှ ငှားသဖြင့် လိုက်ပို့ပေးခဲ့ရာ ည ၁၀ နာရီခန့်တွင် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် စစ်ပင်တောင်ဘုရားလမ်းအလွန် မင်းရဲကျော်စွာလမ်းသို့ရောက်ရှိစဉ် အဆိုပါအမျိုးသားသုံးဦးထံမှ ယာဉ်စီးခတောင်းသည့်အခါ မပေးသဖြင့် စကားများခဲ့ကြကြောင်း၊ ထိုသို့ စကားများကြစဉ် ယာဉ်ပေါ်ပါအမျိုးသားနှစ်ဦးက ဓားဖြင့်ထိုးကာ ကျန်တစ်ဦးက တုတ်ဖြင့်ရိုက်သဖြင့် မောင်တေဇာအောင်မှာ ဝဲပုခုံး၊ ယာလက်မောင်းတို့၌ ထိုးသွင်းဒဏ်ရာတစ်ချက်စီ၊ မေးစေ့ဝဲဘက်၌ ပြတ်ရှဒဏ်ရာ တစ်ချက်ရရှိသဖြင့် ဒဂုံအရှေ့မြို့မရဲစခန်းက အမှုဖွင့်ပြီး ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်သူရ

လူကုန်ကူးမှုအန္တရာယ် တစ်မျိုးသားလုံး ဝိုင်းဝန်းကာကွယ်

သိုးမွေးမြူရေးစခန်း(ပွင့်ဖြူ)အား ငှားရမ်းရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ မြင်းနှင့် သိုးမွေးမြူရေးစခန်း(ရန်ပယ်)၏ သိုးမွေးမြူရေးဌာန(ပွင့်ဖြူ)သည် မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်မှ (၂)မိုင်အကွာ လယ်ကိုင်းမြို့ဟောင်းနှင့် ပွင့်ဖြူမြို့ကြား မော်တော်ကားလမ်း၏ ဝဲဘက်မိုင်တိုင်(၂၀/၆)တွင် တည်ရှိပါသည်။

၂။ ယင်းစက်ရုံခွဲအား လက်ရှိလုပ်ငန်းအပြင် အခြားစက်မှုလုပ်ငန်းများကိုပါ ဆောင်ရွက်နိုင်ရေးအတွက် နှစ်ရှည်ငှားရမ်းရန် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်နှင့်အချိန်** - ၂၀-၁-၂၀၁၄ ရက်၊ နံနက် ၉ နာရီ

(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၄-၂-၂၀၁၄ ရက်၊ ညနေ ၄ နာရီ

(ဂ) **တင်ဒါပေးသွင်းရမည့်နေရာ** - ရုံးအမှတ် ၃၇၊ ဒုတိယဝန်ကြီး(၁)ရုံးခန်း၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်

၃။ စည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ဖော်ပြပါလိပ်စာ၌ ရုံးချိန်အတွင်းရယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိလိုပါက စုံစမ်းနိုင်ပါသည်။

ပစ္စည်းစီမံရေးဌာန

ဖုန်း-၀၆၇-၄၀၈၂၇၅၊ ၄၀၈၂၇၆၊ ၄၀၈၁၉၅

စက်မှုဝန်ကြီးဌာန
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ခြင်း

အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁၁) အကြီးစားစက်ရုံ(ရန်ကုန်)၏ မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံခွဲ (ထောက်ကြန့်)ရှိ မြေဧရိယာ ၂၁ဧကနှင့် အဆောက်အအုံတစ်လုံး (၉၈၄၁)စတုရန်းမီတာအား မော်တော်ယာဉ်တပ်ဆင်ထုတ်လုပ်မည့် ကုမ္ပဏီများ/လုပ်ငန်းရှင်များအား ငှားရမ်းလိုပါသည်။ ပူးပေါင်းဆောင်ရွက်လိုသော ကုမ္ပဏီများ/လုပ်ငန်းရှင်များသည် ၃၀-၁-၂၀၁၄ရက်မတိုင်မီ အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်ဆက်သွယ်ညှိနှိုင်းဆောင်ရွက်နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

ပစ္စည်းစီမံရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း

စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်

ဖုန်း-၀၆၇-၄၀၅၀၅၃၊ ၀၆၇-၄၀၅၀၅၄

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ Tender 2013-C-OVS အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရုံးချုပ်အခြေစိုက် ပြည်ပဆက်သွယ်ရေးစခန်းမှ အောက်ဖော်ပြပါလုပ်ငန်းများအတွက် မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါ၍ ဈေးပြိုင်အိတ်ဖွင့်တင်ဒါတင်သွင်းမည့် လုပ်ငန်းရှင်များကို ဖိတ်ခေါ်အပ်ပါသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	ပုသိမ်-ငွေဆောင် UG Fiber ဆက်ကြောင်း ဆောင်ရွက်ခြင်းလုပ်ငန်း (Turn Key)	1 Lot
၂။	ကိုဒေါင်ဆောက်လုပ်ခြင်း	၂ လုံး
၃။	စက်ခန်းပြင်ဆင်ခြင်း	1 Lot

၂။ တင်ဒါပုံစံများအား ပြည်ပဆက်သွယ်ရေးရုံးချုပ်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ၈ မိုင်လမ်းဆုံအနီး၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့တွင် ရုံးချိန်အတွင်းထုတ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများ (Technical and requirement Proposal)ကို ၃၁-၁-၂၀၁၄ရက် ၀၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြည်ပဆက်သွယ်ရေးရုံးချုပ်တွင် ပေးသွင်းပါရန်နှင့် သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၄၅၀၀၀၀၁၄၂၊ ၀၁-၆၅၀၁၁၈တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၃။ ဈေးနှုန်းတင်ပြလွှာများအား ဈေးနှုန်းစိစစ်ရန်ခေါ်ယူသောရက်မှသာ တစ်ပါတည်းယူဆောင်လာ၍ တင်သွင်းရပါမည်။ **တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး
မြောက်ဥက္ကလာပ
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီး၊ သွေးရောဂါကုပညာဌာနတွင် သွေးနှင့် ခြင်ဆီအစားထိုးကုသရန်အတွက် FDA အသိအမှတ်ပြုဆေးနှင့်ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် လိုင်စင်ရဆေးကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချသည့်ရက်** - ၁၄-၁-၂၀၁၄ ရက် (အင်္ဂါနေ့)

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၇-၁-၂၀၁၄ ရက်(တနင်္လာနေ့)၊ ညနေ ၄နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ဝယ်ယူမည့် ဆေးနှင့်ဆေးပစ္စည်းစာရင်း အသေးစိတ်ကို သိရှိလိုပါက အောက်ဖော်ပြပါလိပ်စာအတိုင်း ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါဖွင့်ဖောက်ရေးကော်မတီ

မြောက်ဥက္ကလာပဆေးရုံကြီး၊ ဖုန်း-၀၁-၉၆၉၉၄၁၀၊ ၀၁-၉၆၉၀၂၉၅

စီးပွားရေးနှင့်လူမှုရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် B.A.B.S ကျောင်းမှ အောက်ပါသင်တန်းအပတ်စဉ်(၂)ကို ဖွင့်လှစ်ပါမည်။
အမှတ်(၁၁)၊ မြေညီ၊ အောင်ဘာလေလမ်း၊ ကျောက်မြောင်း၊ တာမွေ၊ (သီတာမှတ်တိုင်ဆင်း)

၁။	ဆံပင်၊ မိတ်ကပ်ပညာရှင် (၁၀)ရက်		၃၅၀၀၀ ကျပ်
၂။	ပန်းချီပညာရှင်(Fashion/Fine Arts)	၂ လ	၅၀၀၀၀ ကျပ်
၃။	ဓာတ်ပုံပညာရှင်	၂ လ	၁၀၀၀၀၀ ကျပ်

မှတ်ပုံတင်မူရင်း၊ မိတ္တူ ၁၊ သင်တန်းသား သင်တန်းသူကိုယ်တိုင် လာရောက်ပါရန်၊ စတင်ရက်(ဖွင့်ပွဲ) ၂၀-၁-၂၀၁၄ ရက် (တနင်္လာနေ့) မွန်းလွဲ ၂း၀၀နာရီ

ဒေါ်ရွှေဇင်သန်း ဖုန်း-၀၉-၇၃၁၂၉၃၀၁၊ ၀၉-၃၁၀၆၅၅၃၀၊ ၀၉-၇၃၀၆၈၉၉၃

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၆၈၁၆၄ Honda C70 KB M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးမွန် ၉/မရတ(နိုင်)၀၆၅၉၇၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

နယ်သတင်းနှင့်ကြော်ငြာ

လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေးလှုံ့ဆော်မှု ပိုစတာဆိုင်းဘုတ် စိုက်ထူပွဲအခမ်းအနား ပဲခူး၌ကျင်းပ

ပဲခူး ဇန်နဝါရီ ၁၇

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ရုံးကြီးရပ်ကွက်၊ (၁၀)မိနစ်လမ်းဆုံ အနီးတွင် ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ ငါးနှစ်စီမံကိန်း၏ တတိယနှစ်လုပ်ငန်း စီမံချက်အကောင်အထည်ဖော်ဆောင် ရွက်မှုအနေဖြင့် ပဲခူးတိုင်းဒေသကြီး လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး အဖွဲ့မှ လူကုန်ကူးမှု တိုက်ဖျက်ရေး အသိပညာပေးလှုံ့ဆော်မှု ပိုစတာ ဆိုင်းဘုတ်စိုက်ထူပွဲကြိုး ဖြတ်ဖွင့်လှစ် ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၄ ရက် နံနက် ၇ နာရီက ကျင်းပသည်။ **(အောက်ပုံ)** ထိုအခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥက္ကဋ္ဌ၊ ပဲခူး တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်း ရေးမှူး ဦးမောင်မောင်သန်း၊ ပဲခူး တိုင်းဒေသကြီး လူကုန်ကူးမှုတားဆီး ကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မြဝင်းနှင့် ပဲခူးတိုင်းဒေသကြီး အမျိုး သမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မေသူနှင့် ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဘဏ္ဍာ ရေးမှူး ဒေါ်ရင်ရင်မြင့်တို့မှ ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးကြသည်။ ထိုအခမ်း အနားသို့ အထွေထွေအုပ်ချုပ်ရေးအဖွဲ့ ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ အမျိုးသမီး ရေးရာအဖွဲ့၊ မိခင်နှင့်ကလေး၊ ကြက် ခြေနီနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ အင်အား ၂၀၀ ခန့် တက်ရောက်ကြောင်း သိရ သည်။

ကြယ်စင်သိန်း(ပဲခူး)

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့်ကောင်းမွန်မိသားစုမှ မကွေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးထံ မော်တော်ယာဉ်လှူဒါန်း

မကွေး ဇန်နဝါရီ ၁၇

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် ကောင်းမွန်မိသားစုမှ မကွေးတိုင်း ဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးထံ မော်တော်ယာဉ် လှူဒါန်းပွဲအခမ်းအနားကို ဇန်နဝါရီ ၁၄ ရက် နံနက် ၁၀ နာရီက မကွေး မြို့၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်း ကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်း ဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက မော်တော်ယာဉ် ဆိုင်ရာ စာရွက်စာတမ်းများအား မကွေးတိုင်းဒေသကြီး သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းသည်။ ဆက်လက် ၍ မြသလွန်စေတီတော်ဩဝါဒါစရိ ယ ဆရာတော်ကြီးများနှင့် ပင့်သံဃာ ဆရာတော်များအား တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တိုင်း ဒေသကြီးအဆင့်ဌာနဆိုင်ရာများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း ကြသည်။ **(အပေါ်ပုံ)**

ယနေ့ ဆက်ကပ်လှူဒါန်းသည့် မော်တော်ယာဉ် ပြင်ဆင်ထိန်းသိမ်း ရေးစရိတ်အတွက် စေတနာရှင်ငွေ ကျပ်ငါးသိန်းအားလည်း လှူဒါန်း ကြောင်း သိရသည်။

ခင်မာလာ(မကွေး)

ရွှေသန်လျင်နာရေးကူညီမှုအသင်း အရေးပေါ်လူနာတင်ယာဉ် လှူဒါန်းရေစက်ချပွဲနှင့် ဆေးခန်းသစ်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၇

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ ပိုင်းခရိုင်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့ နယ်၊ (၈၈)ရပ်ကွက်၌ ဇန်နဝါရီ ၁၂ ရက် ညနေ ၃ နာရီခွဲက နံ့သာဖြူ လမ်းမနှင့် မဥ္ဇူလမ်းမကြီး ကြားတွင် ရွှေသန်လျင် နာရေးကူညီမှုအသင်းမှ အရေးပေါ်လူနာတင်ယာဉ် လှူဒါန်း ရေစက်သွန်းချပွဲနှင့် ဆေးခန်းသစ် ဖွင့်ပွဲအခမ်းအနားကျင်းပရာရှေးဦးစွာ အဆိုပါ ဆေးခန်းသစ်၌ မြို့နယ်သံဃ နာယကဆရာတော်က အလှူရှင်နှင့် မြို့မိမြို့ဖစည့်ပရိသတ်များကို ရေစက် သွန်းချအမျှပေးဝေပြီးဆေးတက္ကသိုလ်-၂ မှ ပါမောက္ခ ဒေါက်တာဒေါ်မြမြ အေး၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဒေါ်စမ်းစမ်းနွဲ့နှင့်အလှူရှင် ဦးဉာဏ်ဝင်းတို့က ဆေးခန်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။**(အောက်ယာပုံ)** အဆိုပါ ဆေးခန်းသစ်ကို တစ်ဦးတည်း အလှူရှင်ဖြစ်သော (ရွှေသန်လျင်) ဦးဉာဏ်ဝင်း-ဒေါ်တင် တင်ညို၊ သား အောင်ဖြိုးခန့်တို့က စူပါကာစတန်လူနာတင် ယာဉ်သစ် အမျိုးအစားတစ်စီး၊ E.C.G ရောဂါ ရှာဖွေရေးစက်နှင့် ဆေးခန်းဆောက် လုပ်ရန် အကျယ် ပေ၃၀၊ အနံပေ ၂၀၊ အမြင့် ၁၅ပေ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာကို အကုန်အကျခံတစ်ဦး တည်းလှူဒါန်းသည်။ ၎င်းဆေးခန်း ကို နေ့စဉ် ညနေ ၅နာရီမှ ည ၉နာရီ အထိ အထွေထွေရောဂါရှင်လူနာများ ကိုသွေးအခမဲ့၊ အောက်စီဂျင်အခမဲ့၊ ဆေးကုသမှုအခမဲ့ ကုသပေးမည်ဖြစ် ကြောင်း သိရသည်။

(၀၈၁)

မိုးညှင်းဒီဂရီကောလိပ်၌ ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်

မိုးညှင်း ဇန်နဝါရီ ၁၇

၂၀၁၃-၂၀၁၄ ပညာသင်နှစ်၊ မိုးညှင်းဒီဂရီကောလိပ်၏ ကာယ အလှမောင်နှင့်ကာယအလှမယ်ပြိုင်ပွဲ ဆုပေးပွဲကို ဇန်နဝါရီ ၁၀ ရက်က ဒီဂရီကောလိပ်ခန်းမ၌ ကျင်းပရာ မိုးညှင်းမြို့နယ် ပြည်သူ့လွှတ် တော်ကိုယ်စားလှယ် ဦးကျော်စိုးလေး က ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်တစ်သိန်း ရှစ်သောင်း ပေးအပ်လိုက်ပြီး၊ ဆုရရှိ သူများအား မိုးညှင်းခရိုင်အုပ်ချုပ် ရေးမှူး ဦးအောင်စိုးမိုး၊ ဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာအောင် မင်းဝင်းနှင့်တာဝန်ရှိသူများက ဆုများ ပေးအပ်ကြသည်။**ကေဆိုင်းနော်(ဖားကန့်)**

ယာဉ်စည်းကမ်း/လမ်းစည်းကမ်း လိုက်နာရေး ကွင်းဆင်းစစ်ဆေး

မိုးကောင်း ဇန်နဝါရီ ၁၇

ကချင်ပြည်နယ် မိုးညှင်းခရိုင်အတွင်းရှိ မိုးကောင်းမြို့နယ်သည် ၂၀၁၃ခုနှစ်အတွင်း ယာဉ်တိုက်မှုစာရင်းဇယားများအရ ဖြစ်ပွားမှုအများ ဆုံး စိစစ်တွေ့ရှိရပြီး မြို့နယ်ယာဉ်စည်းကမ်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်နှင့်ကော်မတီဝင်များ၊ စည်းကမ်း ထိန်းသိမ်းရေး၊ သတင်းနှင့် ပြန်ကြားရေးကော်မတီများတို့သည် ဇန်နဝါရီ ၁၃ ရက် နံနက် ၈ နာရီက မိုးကောင်းမြို့နယ် ခန်းမရှေ့နှင့် မြို့နယ်အတွင်း အချက်အချာကျသောနေရာများ၌ စည်းကမ်းမဲ့ မောင်းနှင်နေသောယာဉ် များ၊ မော်တော်ဆိုင်ကယ်များနှင့် သုံးဘီးဆိုင်ကယ်များအား ရပ်တန့် စစ်ဆေး၍ လက်ကမ်းစာစောင်များ ဖြန့်ဝေကာ ဇန်နဝါရီ ၁၈ရက်အထိ ပညာပေးကာလအဖြစ် သတ်မှတ်ကွင်းဆင်း ဆောင်ရွက်ပေးကြသည်။

အဆိုပါ ပညာပေးကာလနောက်ပိုင်းတွင် ယာဉ်များကြောင့်ဖြစ်ပွား သော အန္တရာယ်များကင်းဝေးစေရေးအတွက် စည်းကမ်းမဲ့မောင်းနှင်နေ သော ယာဉ်များအား ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ် ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ပျောက်ဆုံးခြင်း

ကျွန်တော်ခွန်ကျော်မျိုး၏ နိုင်ငံကူးလက်မှတ်အမှတ်(၅၇၄၅၇၂) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၈၁-၂၁၂၂၄၃၁

ပျောက်ဆုံးခြင်း

ကျွန်မဒေါ်ဗွာ(ခ)ဒေါ်ဖြူ၏နိုင်ငံကူးလက်မှတ်အမှတ်(၅၇၄၅၅၄)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၈၁-၂၁၂၂၄၃၁

(၃)နှစ်ပြည့် မွေးနေ့မင်္ဂလာဆုမွန်လွှာ

ဖေဖေ မေမေတို့ရဲ့ ချစ်ရတဲ့ တစ်ဦးတည်းသောသားရတနာလေး မောင်ကောင်းစျာန်ဝင်း၏ ၁၈-၁-၂၀၁၄ရက်တွင် ကျရောက်သော (၃)နှစ်ပြည့် မွေးနေ့မင်္ဂလာရက်မြတ်မှသည် နှစ်ပေါင်းများစွာတိုင် ကိုယ်စိတ်နှစ်ဖြာ စိတ်ချမ်းသာပြီး ထူးချွန်ထက်မြက်တဲ့ သားကောင်း ရတနာလေးဖြစ်ပါစေလို့ ဆုမွန်ခြွေလျက်-

ဖေဖေ-Br. အေးမျိုးထွန်း

မေမေ-ဒေါ်အိကေသွယ်ဝင်း

ပုလောမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားလွှာ

ပုလောမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၁၃ခုနှစ် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၁၄ခုနှစ် ဇန်နဝါရီ ၂၅ ရက် (စနေနေ့) နံနက် ၈း၃၀ နာရီတွင် ဗဟန်းမြို့နယ်၊ နတ်မောက်လမ်း၊ ဗိုလ်ချုပ်ကြေးရုပ်အနီး၊ Royal Garden Restaurant တွင်ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။ အသင်းသူ အသင်းသားများ၊ မြို့နယ်သူ မြို့နယ်သားများ ဖိတ်စာ ရသည်ဖြစ်စေ မရသည်ဖြစ်စေ မပျက်မကွက်ကြွရောက်ကြပါရန် လေးစားစွာဖိတ်ကြား အပ်ပါသည်။

အသင်းနှင့်ပတ်သက်သည့် အကြံပေးစာများကို ၂၀-၁-၂၀၁၄ရက် နောက်ဆုံး ထား၍ ပေးပို့နိုင်ပြီး အသင်းဝင်သားသမီးများ ၂၀၁၄ခုနှစ် ပညာသင်နှစ် ပညာ သင်ထောက်ပံ့ကြေး လျှောက်လွှာများကို ၂၈-၂-၂၀၁၄ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။ သက်ကြီးပူဇော်ပွဲအခမ်းအနားကို နံနက် ၈း၃၀ နာရီ စတင်ပါမည်။ နံနက် ၉ နာရီ အကျွေးအမွေးဖြင့်ဧည့်ခံပြီး ကံစမ်းမဲအစီအစဉ်ပါရှိ ပါမည်။

အမှုဆောင်အဖွဲ့

ဌာနဆိုင်ရာ၊ လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
နံရံကပ်စာပေရေချမ်းစင် (Mini Book Corner)အိတ်များ ဝယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်သူများ ဗဟုသုတအသိပညာတိုးပွားစေရေးအတွက် အခမဲ့လေ့လာဖတ်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသော နံရံကပ်စာပေရေချမ်းစင်(Mini Book Corner)နံရံကပ်အိတ်များကို အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

ပစ္စည်းအမျိုးအမည်	အရေအတွက်
နံရံကပ်စာပေရေချမ်းစင် (Mini Book Corner) အလျား ၂ပေ၊ အနံ ၂ပေ၊ ပတ္တူစအပြာရောင် နံရံကပ်အိတ်၊ စာအုပ်/စာစောင်များထည့်ရန်အဆင့်သုံးဆင့်ပါရှိပြီး စုစုပေါင်း ပညာရပ်စာအုပ် (၁၂)မျိုးထည့်ရန် အိတ်ကပ်အငယ်များ (၁၂)အိတ်ပါရမည်။ **(လက်ရှိ-ကားဂိတ်၊ ဘူတာ၊ ဆေးရုံ၊ ဘဏ် စသည်တို့တွင် ထားရှိသောနမူနာအတိုင်း ဖြစ်ပါသည်)**	၅၀၀၀ အိတ်

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၂-၁-၂၀၁၄ ရက်မှ ၂၇-၁-၂၀၁၄ ရက်အထိ နေ့စဉ် ၀၉:၃၀ နာရီမှ ၁၆:၃၀ နာရီ ရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၈-၁-၂၀၁၄ ရက် ၀၉:၃၀နာရီမှ ၁၆:၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၆၅၊ ၀၆၇-၄၁၂၁၆၄ တို့သို့လည်းကောင်း၊ နံရံကပ်စာပေရေချမ်းစင်ပုံစံများကို အသေးစိတ်သိရှိလိုပါက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးစိုက်ရာ တိုင်းဒေသကြီး/ပြည်နယ်နှင့် ခရိုင်ရုံးများသို့ သွားရောက်ကြည့်ရှုမေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ	**တင်ဒါတင်သွင်းရန်လိပ်စာ**
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန	**ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်**
ပြန်ကြားရေးဝန်ကြီးဌာန	**ထုခွဲရောင်းချရေးကော်မတီ**
ရုံးအမှတ်(၇)၊ နေပြည်တော်	**ပြန်ကြားရေးဝန်ကြီးဌာန**
ဖုန်း-၀၆၇-၄၁၂၃၆၉၊ ၀၆၇-၄၁၂၃၆၆	**ရုံးအမှတ်(၇)၊ နေပြည်တော်**
	ဖုန်း-၀၆၇-၄၁၂၃၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
ရုံးအမှတ်(၁)၊ နေပြည်တော်
လျှောက်လွှာခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်းကျပ် ၇၉၀၀၀-၁၀၀၀-၈၄၀၀၀ သတ်မှတ်ထားသည့် အောက်ဖော်ပြပါရာထူးများအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်-

စဉ်	ရာထူး	လစ်လပ်	ပညာအရည်အချင်း
(၁)	ဒုတိယဦးစီးမှူး	၁၂ နေရာ	ဝါဏိဇ္ဇဗေဒမဟာဘွဲ့ စီးပွားရေးစီမံခန့်ခွဲမှုပညာမဟာဘွဲ့ စီးပွားရေးပညာမဟာဘွဲ့(ဘောဂဗေဒ) မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ/အင်္ဂလိပ်ဘာသာ) မဟာဝိဇ္ဇာဘွဲ့(နိုင်ငံတကာဆက်ဆံရေး)
		၆ နေရာ	ဝိဇ္ဇာဘွဲ့(တရုတ်/ဂျပန်/ကိုရီးယား/ထိုင်း/ဂျာမန်/ပြင်သစ်ဘာသာ)တစ်ဦးစီ
(၂)	ကွန်ပျူတာ စီစဉ်ရေးမှူး	၇ နေရာ	ကွန်ပျူတာသိပ္ပံမဟာဘွဲ့ ကွန်ပျူတာနည်းပညာမဟာဘွဲ့
(၃)	စာရင်းကိုင်(၂)	၂ နေရာ	လက်မှတ်ရ ပြည်သူ့စာရင်းကိုင် ဝါဏိဇ္ဇဗေဒဘွဲ့ စာရင်းကိုင်ပညာဘွဲ့

(အဆိုပါဘာသာရပ်များ၏ Bachelor များလည်း လျှောက်ထားနိုင်ပါသည်။ သို့သော် မဟာဘွဲ့ရရှိသူများကို ဦးစားပေးရွေးချယ်မည်ဖြစ်ပါသည်။)

၂။ လျှောက်လွှာကို ဓာတ်ပုံအပိုတစ်ပုံနှင့်အတူ ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁)၊ နေပြည်တော်သို့လည်းကောင်း၊ ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနအကြီးအကဲမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး ဤဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနသို့လည်းကောင်း၊ ၂၈-၁-၂၀၁၄ရက်နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။

၃။ ဖြေဆိုရမည့်ဘာသာရပ်များမှာ အင်္ဂလိပ်စာနှင့် ဘာသာရပ်ဆိုင်ရာ အထွေထွေဗဟုသုတ ဖြစ်ပါသည်။ အဆိုပါဘာသာရပ်များကို ၂-၂-၂၀၁၄ရက်တွင် ရေးဖြေစာမေးပွဲ စစ်ဆေးမည်ဖြစ်ပြီး ဖြေဆိုခွင့်လက်မှတ်များကို ၃၀-၁-၂၀၁၄ရက်မှစ၍ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁)၊ နေပြည်တော်တွင် ထုတ်ပေးပါမည်။

၄။ အချက်အလက်မပြည့်စုံသည့် လျှောက်လွှာများကိုထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ ရေးဖြေစာမေးပွဲ ဖြေဆိုအောင်မြင်သူများကို လူတွေ့စစ်ဆေးမှုပြုလုပ်ပြီး ရွေးချယ်ခန့်ထားမည်ဖြစ်ပါသည်။

၅။ သိရှိလိုသောအချက်အလက်များကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၏ Website ဖြစ်သည့် https://www.mnped.gov.mm/index.php?option=com_content&view=article&id=3463&Itemid=153&Iang=my တွင် ကြည့်ရှုနိုင်ပြီး လျှောက်လွှာပုံစံကိုလည်း အခမဲ့ download ရယူနိုင်ပါသည်။

၆။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ ရုံးအမှတ် ၁၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၄၀၇၁၅၂၊ ၀၆၇-၄၀၇၁၅၃တို့သို့ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၅၇၃၇၇ Jialing M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးကြူ ၁၃/မမတ(နိုင်)၀၃၄၄၈၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ဆေးတက္ကသိုလ်-မကွေး
အဌမအကြိမ် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

ဆေးတက္ကသိုလ်-မကွေး၏ အဌမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ၂၂-၂-၂၀၁၄ရက် (စနေနေ့) နံနက်ပိုင်းတွင်လည်းကောင်း၊ အစမ်းလေ့ကျင့်ခြင်းကို ၂၁-၂-၂၀၁၄ရက် (သောကြာနေ့) နံနက်ပိုင်းတွင်လည်းကောင်း ဆေးတက္ကသိုလ်၊ မကွေး၊ ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ၂၀၁၃ခုနှစ် နိုဝင်ဘာလမှစ၍ ဆေးပညာမဟာသိပ္ပံဘွဲ့ စာမေးပွဲအောင်မြင်ပြီးသူများနှင့် ၂၀၁၂ခုနှစ် ဇွန်လနှင့် ဒီဇင်ဘာလများအတွင်း နောက်ဆုံး အမ်ဘီဘီအက်စ် အပိုင်း(ခ) သင်တန်းစာမေးပွဲ ဖြေဆိုအောင်မြင်ပြီး အလုပ်သင်ဆရာဝန် (၁)နှစ် တာဝန်ထမ်းဆောင်ပြီးသူများသည် ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားကြရမည်။

ထိုကာလမတိုင်မီ အောင်မြင်သူများသည် အဝေးရောက်ဘွဲ့ကိုသာ လျှောက်ထားခွင့်ရှိသည်။

ဘွဲ့နှင်းသဘင်ကြေး - ၁၅၀၀ ကျပ်
အဝေးရောက်ကြေး - ၁၀၀၀ ကျပ်
လျှောက်လွှာပိတ်ရက် - ၇-၂-၂၀၁၄ ရက်

သတ်မှတ်ထားသောလျှောက်လွှာတွင် ပြည့်စုံစွာဖြည့်စွက်လျက် နောက်ဆုံးရိုက်ကူးထားသော (၁½×၂)လက်မ ရောင်စုံဓာတ်ပုံ သုံးပုံနှင့်အတူ လျှောက်ထားကြရမည်။

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဤတက္ကသိုလ်စာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာနစု ဖုန်း-၀၆၃-၂၃၇၀၁/၀၂ လိုင်းခွဲ-၂၀၇ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

နုနုရီ
မော်ကွန်းထိန်း
ဆေးတက္ကသိုလ်-မကွေး

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်
အကြောင်းကြားစာ
(တရားမကျင့်ထုံးကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
မြိတ်မြို့နယ်တရားမရုံးတော်၌
၂၀၀၇ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၂(တနင်္သာရီတိုင်းတရားရုံး)နှင့်ဆက်သွယ်သည့်
၂၀၁၂ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၇

ခရိုင်မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ်၊ မြိတ်မြို့။	**နှင့်**	၁။ ဦးစိုးသူလွင် ၂။ ဒေါ်အေးအေးဝင်း
တရားနိုင်		**တရားရှုံးများ**

ဒေါ်အေးအေးဝင်း၊ ဗန္ဓုလလမ်း၊ ကြံတောရပ်၊ မြိတ်မြို့(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၀၇ခုနှစ် တရားမကြီးမှုအမှတ်-၂၂ (တနင်္သာရီတိုင်းတရားရုံး)တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ခရိုင်မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၃ရက်(၁၃၇၅ခုနှစ် တပို့တွဲလဆန်း ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၄ခုနှစ် ဇန်နဝါရီ ၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းတင့်)
မြို့နယ်တရားသူကြီး၊ မြိတ်မြို့နယ်တရားရုံး၊ မြိတ်မြို့

တစ်ဦးတည်းဖြစ်ကြောင်း

လားရှိုးတက္ကသိုလ် တတိယနှစ် (သချာၤ အထူးပြု)အောင်မြင်ပြီးသူ ဦးအိုက်ပေါင်းရှမ်း၏သမီး မအီလောမ်း ၁၃/လရန(နိုင်) ၁၄၇၃၁၄ နှင့် မအီလောမ်းပေါင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄/၆၆၃၂ Traleog:, F/T ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မြင့် TZI-၀၉၄၄၉၇ မောင်းမဆည်ကျေးရွာ၊ သာစည်က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၃၅၃၊ မြေကွက်တည်နေရာအမှတ် ၃၅၃၊ အောင်ဇေယျလမ်း၊ ၈/၅ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် ဦးရွှေသာ အမည်ပေါက် ဂရန်မြေအား အမည်ပေါက် ဦးရွှေသာ ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်အေး၏ GP ရရှိသူ ဦးမောင်ရည်သွေး ၁၁/ဘသတ(နိုင်)၀၂၁၆၇၅က အမည်ပေါက်သေစာရင်းတို့က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂၊ မြေကွက်အမှတ် ၁၀၆၂၊ မြေကွက်တည်နေရာအမှတ် ၁၀၆၂၊ သခင်အုန်းဖေကြီးလမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ် ၁။ ဦးစိန်ဝင်း DDE-၀၀၂၁၂၀၊ ၂။ဒေါ်ငွေငွေရီ A/RGN-၀၀၆၃၄၉ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးစိန်ဝင်း(ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်ခင်ငွေရီ (ခ)ဒေါ်ငွေငွေဝင်း ၁၂/လမန(နိုင်)၀၃၃၆၃၆က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ် ၇၀၈ ⅔၊ မြေကွက်တည်နေရာအမှတ်(၇၀၈ ⅔)၊ သုနန္ဒာ ၁ လမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဦးအုံးသန်း ISN-၅၄၅၄၅၀ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးအုံးသန်း(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်အုန်းကြည် ၁၂/ဥကမ(နိုင်)၁၁၀၉၄၀၈က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရွှေအုန်းပင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၇၉၊ မြေကွက်အမှတ် ၁၂၉၃၊ မြေအကျယ်ပေ(၄၀×၆၀)ရှိ ပါမစ်မြေအမျိုးအစားမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မူလပါမစ်အမည်ပေါက်ပိုင်ဆိုင်သူ ဦးမောင်လှ CJ-၀၂၇၁၄၇ထံမှ ဝယ်ယူထားသူ ဦးလှခိုင် ၁၂/ခရန(နိုင်)၀၆၃၄၅၃က အဆိုပါအိမ်မြေကို တရားဝင်လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုသဖြင့် ၎င်းထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်ရက်မှ ငါးရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မိပန်းဝါ ၁၀/မလမ(နိုင်)၁၃၅၇၃၄၏
လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်စပါယ် LL.B
တရားလွှတ်တော်ရှေ့နေ
အမှတ် ၁၁၉၊ တတိယထပ်၊ ၁၅၇ လမ်း၊ တာမွေကြီး (က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၂၄၇၆၃၇၃

အမည်ပြောင်း ဘားအံမြို့၊ အထက(၄) နဝမတန်း(A)မှ မောင်ဖိုးပြည့်စုံအား ယနေ့မှစ၍ စောပြည့်သုခဟု ပြောင်းလဲခေါ်ဆိုပါရန်။ **စောပြည့်သုခ**

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
ရန်ကုန်အရှေ့ပိုင်းခရိုင် နယ်တရားမရုံး၌
၂၀၁၃ခုနှစ် တရားမကြီးအမှုအမှတ်-၁၄၆

၁။ ဦးမျိုးညွန့် ၂။ ဒေါ်ဝင်းကြည် ၃။ ဒေါ်တိုးကြွယ်	**နှင့်**	၁။ ဒေါ်မြင့်မြင့်ဇင် ၂။ ဦးအောင်ဝင်း ၃။ ဒေါ်အေးအေးစိုး ၄။ ဒေါ်မြမြအေး
တရားလိုများ		**တရားပြိုင်များ**

အမှတ် ၂၃ ငါးလွှာ၊ ခြောက်လွှာ၊ သီတာလမ်း၊ ကျောက်မြောင်းကြီး၊ တာမွေမြို့နယ်နေ ဒေါ်မြင့်မြင့်ဇင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၁၀ရက် (၁၃၇၅ခုနှစ် တပို့တွဲလဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇန်နဝါရီ ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်စိုးဟန်)
တွဲဖက်ခရိုင်တရားသူကြီး(၁)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

စမ်းချောင်းမြို့နယ်၊ ပန်းခြံလမ်း၊ အမှတ်(၅)ရှိ နှစ်ခန်းတွဲ ခြောက်ထပ်တိုက်အဆောက်အအုံ၏ငါးလွှာ (ခေါင်းရင်းခန်း) ၁၅ပေ×ပေ၅၀ တိုက်ခန်းဝယ်ယူရန်
ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းအား တရားဝင်ပိုင်ဆိုင်သူ ဦးကျော်သိန်း ၁၂/ကတတ(ဧည့်)၀၀၀၀၄၈ နှင့်ဇနီး ဒေါ်ရင်ရင်ထွေး ၁၂/တမန(နိုင်)၀၅၆၉၀၄တို့ထံမှ အပျောက်စနစ်ဖြင့် ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ ယနေ့မှစ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဦးဘုန်းမြင့် (ငါးသိုင်းချောင်း) LL.B
တရားလွှတ်တော်ရှေ့နေ (၃၁၄၈/၈၅)၊ Japan Tokyo 4 years, Legal Consultant
အမှတ်(၂၂)၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်၊
ဖုန်း-၀၉-၄၂၀၇၁၀၈၈၈၊ ၀၉-၄၂၀၇၂၆၉၉၉၊ ၀၉-၄၂၀၇၃၀၃၁၁
Email: hponemyint007@gmail.com

ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ်(၁၂)ရပ်ကွက်၊ ခန်တောရပ်၊ ဓမ္မာရုံလမ်းတွင်နေထိုင်သော ဒေါ်သန်းသန်းငွေ ၈/ပခက(နိုင်)၀၆၆၆၆၇၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

အောက်တွင်ဖော်ပြထားသော ဂျစ်ကားအမှတ်တံဆိပ်ကို ဖိနပ်အမျိုးမျိုးတွင် ကပ်နှိပ်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ရောင်းချနိုင်ရန်အတွက် ဒေါ်သန်းသန်းငွေ၏ မိဘများဖြစ်သော **မောင်ကျော်-မသောင်းရွှေ**အမည်ဖြင့် ပခုက္ကူမြို့နယ်၊ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနတွင် မှတ်ပုံတင်စာချုပ်အမှတ် ၉/၅၃အရ ၆-၅-၁၉၅၃ရက်စွဲဖြင့် တစ်ဦးတည်းမူပိုင်အဖြစ် တရားဝင် မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။ မိဘများ ကွယ်လွန်ပြီးချိန်တွင် သမီးဖြစ်သူ ဒေါ်သန်းသန်းငွေက အဆိုပါ ဂျစ်ကားအမှတ်တံဆိပ်ကို တစ်ဦးတည်းမူပိုင်အဖြစ် ဆက်လက်၍အသုံးပြုကာ ဖိနပ်မျိုးစုံကို ယနေ့တိုင် ထုတ်လုပ်ဖြန့်ချိလျက်ရှိပါသည်။

အဆိုပါကုန်အမှတ်တံဆိပ်နှင့် အမည်အမှတ်အသားမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

သို့ပါ၍ ဒေါ်သန်းသန်းငွေ တစ်ဦးတည်းမူပိုင်ကုန်အမှတ်တံဆိပ်အဖြစ် အသုံးပြုနေသော အထက်ဖော်ပြပါ **ဂျစ်ကား**အမှတ်တံဆိပ်ကို ဖိနပ်များ ထုတ်လုပ်ဖြန့်ချိရောင်းချရာတွင် မည်သူတစ်ဦးတစ်ယောက်ကမျှ ပုံတူကူး၍ဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေရန် အတုအပပြုလုပ်ခြင်း၊ အဆိုပါတံဆိပ်ကိုမှီငြမ်းပြု၍ အတုအပပြုလုပ်သုံးစွဲခြင်းမပြုရန်နှင့် အကယ်၍ ပြုလုပ်သူများကို တွေ့ရှိပါက ဒေါ်သန်းသန်းငွေ၏ လုပ်ငန်းအကျိုးစီးပွားထိခိုက်နစ်နာမှုအတွက် တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်သန်းသန်းငွေ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြင့်ဆွေ B.Sc, R.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၂/၇၉)
ပြည်တော်သာလမ်း၊ အမှတ်(၁၃)ရပ်ကွက်၊ ပခုက္ကူမြို့၊ ဖုန်း-၀၉-၆၈၀၆၂၆၆

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

သာသနာ့ဗိမာန်တော်ကြီးအား အလှူဒါနပါဝင်လှူဒါန်းနိုင်

ရွှေတောင်မြို့နယ်၊ သရက်တောရပ်ကွက်၊ စက်ရုံနယ်မြေ၊ ကန်ဦးပရိယတ္တိစာသင်တိုက်၌ စာချ၊ စာသင်သံဃာတော်အရှင်သူမြတ်များ သီတင်းသုံးရန်အတွက် ကန်ဦးပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက ပဲခူးတိုင်းဒေသကြီး(အနောက်) တိုင်းသံဃာ့ဝန်ဆောင် ဘဒ္ဒန္တကဝိဓဇမှဦးစီး၍ တည်ဆောက်မည်ဖြစ်ပါသည်။

ထိုသို့ သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ခြင်းလုပ်ငန်း၌ ကျွမ်းကျင်အင်ဂျင်နီယာများ၏ ခန့်မှန်း ကုန်ကျငွေ သိန်း ၅၀၀ခန့် ကုန်ကျမည်ဖြစ်ပါသည်။ ထိုသို့သော ဗိမာန်တော်ကြီးတည်ဆောက်နိုင်ရန် လိုအပ်သော ကျပ်သိန်း ၅၀၀ခန့်အား ရပ်ဝေး၊ ရပ်နီး ပါရမီရှင်များအနေဖြင့် ကြံ့ရခဲသော သာသနာ့ဗိမာန်တော်ကြီးတည်ဆောက်ကုသိုလ်ပွဲကြီးတွင် အားခဲလှူဒါန်းကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။ ဆက်သွယ်လှူဒါန်းလိုပါက ကန်ဦးပရိယတ္တိစာသင်တိုက် ဘဒ္ဒန္တကဝိဓဇ ဖုန်း-၀၉-၄၂၃၇၁၇၈၀၈၊ ၀၅၃-၅၅၄၂၂၊ သတင်းထောက် ဦးမြင့်နိုင်(ပြည်) ဖုန်း-၀၉-၅၃၇၀၇၇၉၊ ၀၅၃-၅၅၂၅၉

အထက(၂) ဒဂုံ(မြို့မ) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၂၅)ကြိမ်မြောက် ငွေရတု အာစရိယပူဇော်ပွဲ

နှစ်စဉ်ကျင်းပမြဲဖြစ်သော အထက(၂) ဒဂုံ(မြို့မ)ကျောင်းသား ကျောင်းသူဟောင်းများ၏ (၂၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲအား ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၆ ရက် နံနက် ၉ နာရီမှ ၁၂ နာရီအထိ အထက(၂) ဒဂုံ ဦးဘလွင်ခန်းမတွင်ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်နိုင်ပါရန်နှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ပါရန် အောက်ပါ ကျောင်းသား ကျောင်းသူများထံသို့ ဆက်သွယ်နိုင်ပါသည်။

ဒေါက်တာဆွေလှ	(၁၉၇၉)	ဖုန်း-၀၉-၅၀၀၃၃၀၀
ကိုအောင်မိုးသိန်း	(၁၉၇၉)	ဖုန်း-၀၉-၅၀၇၀၃၄၂
မဆွေမျိုးမြင့်	(၁၉၈၀)	ဖုန်း-၀၁-၅၇၇၄၀၉
ကိုမြင့်ထွေး	(၁၉၈၁)	ဖုန်း-၀၉-၄၃၁၅၀၂၉၆
မစာဆို	(၁၉၈၄)	ဖုန်း-၀၉-၅၀၈၇၀၄၄
မချောစုဝင်း	(၁၉၈၅)	ဖုန်း-၀၉-၇၃၂၁၂၁၄၇
မစပါယ်	(၁၉၈၅)	ဖုန်း-၀၁-၂၂၄၇၄၄
မနေဇာဇော်လွင်	(၁၉၈၅)	ဖုန်း-၀၉-၅၄၀၁၃၄၃
မသန္တာစိုး	(၁၉၈၅)	ဖုန်း-၀၉-၅၁၃၂၂၀၂
ကိုသီဟလွင်	(၁၉၈၅)	ဖုန်း-၀၉-၅၁၅၃၂၈၀
မခင်မိုးလွင်	(၁၉၈၆)	ဖုန်း-၀၉-၅၁၅၈၃၅၂
ကိုဝင်းအောင်	(၁၉၈၇)	ဖုန်း-၀၉-၇၃၀၉၀၁၂၅
မမြမြကြွယ်	(၁၉၈၈)	ဖုန်း-၀၉-၅၁၅၄၈၂၆
ကိုဗညား	(၁၉၉၀)	ဖုန်း-၀၉-၄၃၁၃၀၇၇၈
မစပါယ်ဖြူလွင်	(၁၉၉၁)	ဖုန်း-၀၉-၅၁၉၅၂၂၃
ကိုအောင်လင်းမြင့်	(၁၉၉၃)	ဖုန်း-၀၉-၅၁၈၉၁၃၂
ကိုစိန်မင်း	(၁၉၉၄)	ဖုန်း-၀၉-၇၃၀၇၇၃၀၇
ကိုဝါဆို	(၁၉၉၄)	ဖုန်း-၀၉-၇၃၀၄၀၃၅၄
ကိုစိုင်းနေမျိုးဝမ်း	(၁၉၉၆)	ဖုန်း-၀၉-၈၆၁၃၂၁၇
ကိုကျော်မင်းဟန်	(၁၉၉၉)	ဖုန်း-၀၉-၇၃၁၆၀၉၃၆
ကိုတင်မောင်မောင်ထွန်း	(၂၀၀၀)	ဖုန်း-၀၉-၅၀၅၆၉၉၈
မခင်ဝတ်ရည်ဦး	(၂၀၀၂)	ဖုန်း-၀၉-၇၃၀၀၅၇၃၃
မခင်ဆွေမွန်အောင်	(၂၀၀၄)	ဖုန်း-၀၉-၅၀၄၂၀၉၁
ကိုဝေဖြိုး	(၂၀၀၆)	ဖုန်း-၀၉-၅၁၈၈၇၁၇
မယုမွန်မြင့်	(၂၀၀၇)	ဖုန်း-၀၁-၃၈၃၇၃၇
ကိုနန္ဒာအောင်	(၂၀၀၈)	ဖုန်း-၀၉-၅၀၄၄၀၆၄
မကြည်ဖြူ	(၂၀၀၉)	ဖုန်း-၀၉-၇၃၁၂၂၇၉၄
မထူးသစ်လွင်မော်	(၂၀၁၁)	ဖုန်း-၀၉-၇၃၀၆၉၁၉
ကိုရဲသီဟမင်း	(၂၀၁၂)	ဖုန်း-၀၉-၄၂၀၀၁၂၇၂၈
ကိုဟန်သီဟ	(၂၀၁၃)	ဖုန်း-၀၉-၃၁၁၂၀၁၅၂
ကိုမင်းရန်ပိုင်ဟိန်း	(၂၀၁၃)	ဖုန်း-၄၅၀၀၃၈၃၅၁

လပွတ္တာမြို့နယ်အသင်း (ရန်ကုန်) နှိုးဆော်ချက်

လပွတ္တာမြို့နယ်၊ ကန်ဘဲ့ကျေးရွာ၌ ၃၀-၁၂-၂၀၁၃ ရက် နံနက် ၂း၁၅ နာရီခန့်က မီးလောင်ကျွမ်းခဲ့ရာ အိမ်ခြေ ၂၁၃လုံး မီးလောင်ဆုံးရှုံးပြီး အိမ်ထောင်စု ၂၅၁စု၊ လူဦးရေ ၁၁၈၂ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပါသည်။သို့ပါ၍ စေတနာရှင်၊ အလှူရှင်များအနေဖြင့် စေတနာအရ လှူဒါန်းမှုများကို အဆင်ပြေစွာ စီစဉ်ပေးမည်ဖြစ်ပြီး ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဘုန်းကြီးလမ်း၊ အမှတ် ၆၃/က၊ ပထမထပ်ရှိ လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)တွင် မီးဘေးကယ်ဆယ်ရေးအလှူခံဌာန ဖွင့်လှစ်ထားမည်ဖြစ်ပါ၍ ပစ္စည်းနှင့်ငွေကြေးများလှူဒါန်းနိုင်ရန် ဖုန်း-၀၉-၄၉၂၂၉၃၈၅၊ ၀၉-၅၁၅၅၃၉၉၊ ၀၉-၄၄၈၀၀၉၆၃၃၊ ၀၉-၅၁၂၇၇၃၀ နှင့် ၀၁-၂၂၂၀၈၈၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

အမှုဆောင်အဖွဲ့
လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)



ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၁၉ယ/၆၀၉၆၅၊ MARBO-110,M/C ယာဉ်လက်ဝယ်ရှိသူဦးသောင်းလှ ၉/မရမ (နိုင်) ၀၄၈၇၈၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ယ/၆၅၅၇၅၊ Jialing JL90,M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်မောင်ဝင်း ၅/ရဘန(နိုင်)၀၇၅၀၀၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရွှေဘို)
ရွှေဘိုမြို့

ကျေးဇူးဆပ်ပါမည်

ကျွန်မ မညိုညိုမြင့်၏ မြန်မာနိုင်ငံကူးလက်မှတ်အမှတ် M.938956 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

ဆက်သွယ်ရန်ဖုန်း- ၀၉-၄၃၁၂၅၀၀၃

အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း(မိတ္ထီလာမြို့) (ယခင်တပ်မတော်ကလေးများအထက်တန်းကျောင်း) ကျောင်းသား/ကျောင်းသူဟောင်းများ၏ပထမအကြိမ်မြောက်ဆရာပူဇော်ပွဲ

၁။ မိတ္ထီလာမြို့ အထက(၃) (ယခင်တပ်မတော်ကလေးများ အထက်တန်းကျောင်း)တွင် ပညာသင်ယူခဲ့ကြသော ကျောင်းသား/ကျောင်းသူဟောင်းများအားလုံးမှ ကျေးဇူးရှင်ဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ရန်အတွက် ပထမအကြိမ် အာစရိယပူဇော်ပွဲကို ၃-၅-၂၀၁၄ရက်(စနေနေ့)၌ အမိကျောင်းတော်ကြီးတွင် ကျင်းပမည်ဖြစ်ပါ၍ တာဝန်ထမ်းဆောင်ခဲ့ဖူးသော ဆရာကြီး ဆရာမကြီးများ ကန့်တော့ခံကြွရောက်ကြပါရန်နှင့် ကျောင်းသား/ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ (သီးခြားဖိတ်စာမပို့ပါ)

၂။ အာစရိယပူဇော်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရန် အလှူငွေအား၊ အကြံဉာဏ်အား၊ လုပ်အားများဖြင့် ကျောင်းသား ကျောင်းသူဟောင်းများမှ ပါဝင်ကူညီလှူဒါန်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ ကန်တော့ခံ ဆရာကြီး ဆရာမကြီးများအနေဖြင့် ကန်တော့ခံတက်ရောက်နိုင်မှု အခြေအနေအား ၂၀-၄-၂၀၁၄ရက်ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးနိုင်ကြပါရန် ရိုသေစွာ ပန်ကြားအပ်ပါသည်-

ဦးမြင့်သိန်း (စိန်သော့) ဖုန်း-၀၉-၂၅၆၂၅၂၁၉၀၊ ၀၆၄-၂၄၃၇၇၊ ဒေါ်အမာခင် ဖုန်း-၀၉-၄၀၂၆၈၄၆၄၈၊ ဒေါ်အေးမြစိုး ဖုန်း-၀၉-၄၇၁၁၂၇၄၈၊ ဒေါ်တင်တင်အုန်း ဖုန်း-၀၉-၄၉၂၉၃၀၈၇။ **(ညအိပ်တည်းခိုရေး စီစဉ်ပေးပါမည်။)**

၄။ မြို့အလိုက်အောက်ပါလိပ်စာရှင်များနှင့် ဆက်သွယ်လှူဒါန်းနိုင်ကြပါရန် နှိုးဆော်အပ်ပါသည်။

မိတ္ထီလာမြို့။ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်-၀၉၂၁၂၂၀၀၀၀၉၃၆၊ ဦးဇေယျာမောင် (ဖုန်း-၀၉-၂၂၀၀၂၁၁)၊ ဦးမြင့်သိန်း(စိန်သော့)(ဖုန်း-၀၉-၂၅၆၂၅၂၁၉၀)၊ ဒေါ်စန္ဒာဝင်း(ဖုန်း-၀၉-၄၀၂၆၈၀၄၅၂)၊ ဒေါ်လှလှဝင်း(ဖုန်း-၀၉-၄၀၂၆၈၅၃၉၁)၊ ဒေါ်မြမြဝင်း(ဖုန်း-၀၉-၄၀၂၇၃၉၄၅၁)၊ အထက(၃)ကျောင်း(ဖုန်း-၀၆၄-၂၃၄၂၉)

နေပြည်တော်။ ဦးချမ်းမြေ့အောင် (ဖုန်း-၀၉-၅၅၀၄၄၆၆)၊ ဒေါ်နွဲ့နွဲ့စန်း (အမက-၁၆၃) (ဖုန်း-၀၉-၄၉၂၀၇၄၉၃)။

ရန်ကုန်မြို့။ ဦးအက်ဒမန်(ဖုန်း-၀၉-၈၆၃၄၈၅၂)၊ ဦးမင်းလွင်(ဖုန်း-၀၉-၇၃၂၀၁၇၅၂)၊ ဒေါက်တာမျိုးမြင့်(ဖုန်း-၀၉-၅၀၆၆၁၅၉)၊ ဦးအောင်ခင်စံ(ဖုန်း-၀၉-၅၀၁၂၆၉၃)၊ ဦးသောင်းထိုက်မင်း(ဖုန်း-၀၉-၅၀၆၁၁၈၈)၊ ဦးရဲမင်းသွင်(ဖုန်း-၀၉-၅၀၈၀၈၃၆)၊ ဒေါက်တာဒေါ်မူမူဝင်း(ဖုန်း-၀၉-၅၀၂၁၅၂၈)၊ ဗိုလ်မှူးသန်းဝင်းအောင်(ဖုန်း-၀၉-၄၉၂၂၂၄၁၇)။

မန္တလေးမြို့။ ဦးသက်မြတ်သူ(ဖုန်း-၀၉-၂၂၀၁၉၇၂)၊ ဒေါ်စံပယ်ဦး(ဖုန်း-၀၉-၂၀၀၇၃၃၇)၊ ဦးနိုင်နန္ဒ(ဖုန်း-၀၉-၅၀၆၄၂၂၅)၊ ဒေါ်ငြိမ်းငြိမ်းဖြူ(ဖုန်း-၀၉-၄၄၄၀၂၉၉၀၈)။

ပြင်ဦးလွင်။ ဒေါ်မေဦးကျော်(ဖုန်း-၀၉-၅၁၃၁၁၈၇)။

ရန်ကုန်တိုင်းဒေသကြီးရွှေလုပ်ငန်းရှင်များအသင်း

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း၏ အစည်းအဝေးဆုံးဖြတ်ချက်အရ အသင်းဝင်များအနေဖြင့် ဇန်နဝါရီ ၂၅ ရက် နောက်ဆုံးထား၍ နှစ်စဉ်ကြေးများ ပေးသွင်းရပါမည်။

နှစ်စဉ်ကြေးပေးသွင်းထားပြီး အသင်းဝင်များအား ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် (စနေနေ့) တွင် ငွေကျပ် ၁၈သိန်းတန်ဖိုးရှိ ပစ္စည်းများကို ကံစမ်းမဲ ဖွင့်လှစ်ပေးမည်ဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးရွှေလုပ်ငန်းရှင်များအသင်း

အိမ်နှင့်ခြံ အမြန်ရောင်းမည်

ပေ (၂၀ × ၆၀)
ရေ၊ မီး အစုံ
လှိုင်သာယာ
ဆက်သွယ်ရန်ဖုန်း-၀၉-၂၅၀၀၇၈၆၉၆

တိုက်ခန်းငှားမည်

မုဒိတာတန်ဖိုးနည်းကွန်ဒို
တော်ဝင်အိမ်ရာ
တိုက် C/ ဦးဘဟန်လမ်း
ဖုန်း-၀၉-၂၅၄၂၀၄၇၅၁

KPV Myanmar Company မှ ဝန်ထမ်းများခေါ်ယူခြင်း

- Accountant (LCCI Level III) လုပ်ငန်း အတွေ့အကြုံ (၅)နှစ် အသက်(၃၅)နှစ်အထက် မ (၁)ဦး
- Microsoft, Excel, Power Point ကျွမ်းကျင် အသက်(၂၀)အထက် မ (၁)ဦး
- Concrete Mixer နှင့် Trucker ယာဉ်မောင်း ကျွမ်းကျင်အတွေ့အကြုံရှိသူ ဦးစားပေးမည်။ (၆)ဦး
  လိုင်စင်အနီ၊ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာနှင့်တကွ တင်ပြရန်။
- ကျောက်မိုင်း၊ Benching Plant Operator ကျွမ်းကျင်စက်ကိုင်ဝန်ထမ်း ကျား (၂)ဦး
- Assistant Operator ကျား (၂)ဦး
  အတွေ့အကြုံရှိသူဦးစားပေးမည်။
- BE. Civil ကျား (၂)ဦး
  လုပ်သက်(၁၀)နှစ် အသက်(၃၅)နှစ်အထက် အတွေ့အကြုံရှိသူ ဦးစားပေးမည်။

Address နှ 3/33, Bet 40/41 Street,
Bet 62/63 Street, Mandalay, Myanmar
ဖုန်း-၀၂-၃၂၆၂၄၊ ၀၉-၅၁၀၅၇၉၀

အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဗလ္လိက ၁၃ လမ်း၊ အမှတ် ၂၇၉၊ ပေ(၄၀×၆၀)ရှိ ဦးသန်းအေး CI-၀၄၃၅၁၂နှင့် ဒေါ်လှခင် HLG-၀၃၂၀၀၈ အမည်ပေါက်မြေကွက်၏ တရားဝင်မခွဲမစိတ်ရသေးသည့် ဒေါ်လှခင်ပိုင်ဆိုင်သည့် ခေါင်းရင်းဘက် ၁၃ပေ ၄လက်မ×ပေ၆၀ရှိ မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကို ကျွန်ုပ်တို့၏အမှုသည် ဒေါ်လှခင် HLG-၀၃၂၀၀၈၏ စာဖြင့် တရားဝင်ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်းအပါအဝင် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုလုပ်ပါရန် ကြေညာအပ်ပါသည်။

ဒေါ်လှခင် HLG-၀၃၂၀၀၈၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်မြင့်	**ဦးအောင်မျိုးခိုင်**	**ဦးကိုကြည် B.Sc, Dip.Aq, H.G.P,**
LL.B, D.B.L, D.M.L, D.I.L	**LL.B**	**R.L, D.B.L, D.M.L, D.I.L,**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**	**D.I.R, WIPO(Switzerland)**
ဖုန်း-၀၉-၄၃၀၃၂၁၈၁	**ဖုန်း-၀၉-၇၃၁၀၂၃၆၄**	**တရားလွှတ်တော်ရှေ့နေ**
		ဖုန်း-၀၉-၄၂၁၁၂၄၀၂၂

အမှတ် ၈၈၀၊ ၁၁ လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ကြာဖြူ (၁)လမ်း၊ (၇)ရပ်ကွက်၊ အမှတ် ၁၁၆၊ မြေတိုင်းအမှတ် (၉)ဟုခေါ်တွင် ဧရိယာ ပေ(၄၀×၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်သူ ဦးမြင့်ဝေ GBK -၀၀၃၅၇၂၊ တိုက် ၂၀၃၊ အခန်း (၁၅)၊ (၃)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေသူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးစောစိုးနေဝါး ၁၂/ရပသ(နိုင်)၀၃၅၈၇၀၊ အမှတ် ၁၁၇၊ ကြာပင် (၁)လမ်း၊ (၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်နေသူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစောဂျက်ကော့ထူး
အထက်တန်းရှေ့နေ (စဉ်-၂၆၄၁၄)
အမှတ် ၁၊ ဂျူဗလီလမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊
ဖုန်း-၀၉-၇၃၀၇၆၄၈၀

လူမှုရေးကြော်ငြာ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း

ဒါယကာ ဒုတိယဗိုလ်မှူးကြီးငွေလွင် (၁၇)နှစ်ပြည့်
ဒါယိကာမ ဒေါ်အေးသန်း (၈)နှစ်ပြည့်

နှစ်ပြည့်အလွမ်း

ချစ်သော ဖေဖေနှင့်မေမေ ခွဲခွာသွားသည်မှာ အချိန်ကာလကြာမြင့်ပြီဖြစ်ပါသော်လည်း အချိန်တိုင်း၊ နေရာတိုင်း၊ နေ့တိုင်း သတိရလျက်ပါ။ ကြီးမားလှသော ဖေဖေနှင့်မေမေတို့၏ မေတ္တာကျေးဇူးတရားများကို သိရှိလျက် အလှူဒါနများကို အမြဲမပြတ် ပြုလုပ်ပေးလျက်ရှိပါသည်။ ၁၈-၁-၂၀၁၄ရက်တွင် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးရှိ သံဃာတော်များအား တစ်နေ့တာ ဆွမ်းတစ်နပ်စာ လှူဒါန်းခြင်းနှင့် ဗိုလ်တထောင်ဘုရားကြီး ရွှေသင်္ကန်းတော်ဆက်ကပ် လှူဒါန်းခြင်းကုသိုလ်တို့အား ရေစက်သွန်းချအမျှပေးဝေပါသည်။ အေးချမ်းမြင့်မြတ်သော ဘုံဘဝမှ ဖေဖေနှင့်မေမေ ကြားသိ၍ သာဓုခေါ်ဆိုနိုင်ပါစေ။

ဖေဖေ နှင့် မေမေ အမျှ---အမျှ---အမျှ

ချစ်သော သားသမီး၊ မြေးများ

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်း

အကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၄ခုနှစ် တရားမအထွေထွေမှုအမှတ်-၅
ကွယ်လွန်သူ ဦးမောင်ဝိုင်း၏ ကျန်ရစ်သောပစ္စည်းများအကြောင်း

မောင်ထက်အောင်ဝိုင်း
အမှတ် ၈(ဘီ)၊ အခန်း (၂၄)၊ ငါးလွှာ၊
ဦးလူမောင်လမ်း၊ ကရင်အမျိုးသားရပ်ကွက်၊
ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ **လျှောက်ထားသူ**

အထက်ဖော်ပြပါ နေရပ်လိပ်စာနေ မောင်ထက်အောင်ဝိုင်းက ကွယ်လွန်သူ ဦးမောင်ဝိုင်း၏ တရားဝင်သားဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ကွယ်လွန်သူ ဦးမောင်ဝိုင်းမှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသောကြွေးမြီများကိုကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးမောင်ဝိုင်းမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၆ရက် (၁၃၇၅ခုနှစ် တပို့တွဲလဆန်း ၇ရက်) နံနက် ၁၀ နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူ မောင်ထက်အောင်ဝိုင်း၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ခုနှစ် ဇန်နဝါရီ ၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေး လိုက်သည်။

(ခင်သစ်ဆွေ)
ဒုတိယခရိုင်တရားသူကြီး(၈)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
တာမွေမြို့နယ်တရားရုံး
၂၀၁၃ ခုနှစ် တရားမဇာရီမှုအမှတ်-၂၂

ဒေါ်ခင်ခင်ဝင်း ပါ(၄) **နှင့်** ဧရာမြေအထွေထွေအကျိုးဆောင် ကုမ္ပဏီလီမိတက်

တရားနိုင်များ **တရားရှုံး**

ယခင် ရန်ကုန်တိုင်းတရားရုံး ၂၀၀၄ခုနှစ် တရားမကြီးမှုအမှတ်-၅၄၆တွင် ချမှတ်ခဲ့သော ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၂၅ရက် (၁၃၇၅ခုနှစ် တပို့တွဲလပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင် ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ သဃ်န်းကျွန်းလမ်း၊ မင်းရဲကျော်စွာအိမ်ရာစီမံကိန်း၊ တိုက်အမှတ်(N-3)၊ အခန်းအမှတ်(၀၀၄)၊ အကျယ်အဝန်း ပေ(၁၇×၆၀)၊ ရေ၊ မီး၊ ဖုန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၅၀၀(ကျပ်သိန်းငါးရာတိတိ)။

ရောင်းချရန်စည်းကမ်းချက်များ

(၁) ပစ္စည်းစာရင်းတွင် ဖော်ပြထားသောအချက်များမှာ တရားနိုင်က တရားရုံးတော်သို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
(၂) လေလံရောင်းချမည့်စနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်ပါသည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင် ရောင်းချမည့် ရက်မတိုင်မီရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၄ခုနှစ် ဇန်နဝါရီ ၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်ကိုယ်တိုင် လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

စန်းစန်းငွေ
တွဲဖက်မြို့နယ်တရားသူကြီး(၂)
တာမွေမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ကြီးခရိုင်တရားရုံး
၂၀၁၄ခုနှစ် တရားမကြီးအမှုအမှတ်-၄

ဒေါ်ဇင်ဇင်ဝင်း **နှင့်** ဒေါ်နန်းဆိုင်နန်း

တရားလို **တရားပြိုင်**

တောင်ကြီးမြို့၊ ညောင်ရွှေဟော်ကုန်းရပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မ/၂၁ (ယခုနေရပ် လိပ်စာမသိ)နေ ဒေါ်နန်းဆိုင်နန်းသိစေရမည်။

သင့်အပေါ်၌ တရားလိုက ထည့်ဝင်ခဲ့သည့်စုကြေးငွေ ၆၄၇၀၉၂၀၀ိ/ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့် ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၈ရက် (၁၃၇၅ခုနှစ် ပြာသိုလပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေ ရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက် များ ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်က ထုချေအမှီပြု လိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇန်နဝါရီ ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဟန်သိန်း)
ဒုတိယခရိုင်တရားသူကြီး
တောင်ကြီးခရိုင်တရားရုံး

အထူးဝမ်းနည်းကြေကွဲခြင်း

ချစ်ခင်လေးစားရပါသော ဗိုလ်မှူးကြီးကျော်စိုး (တပ်မှူး၊ ဗဟိုဆေးတပ်)- ပါမောက္ခဒေါက်တာဝါဝင်းထိုက်(ပါမောက္ခ/ဌာနမှူး၊ အဏုဇီဝဗေဒဌာန၊ ဆေးတက္ကသိုလ်-၁)တို့၏ ချစ်လှစွာသောကျေးဇူးရှင်ဖခင်ကြီး ဒေါက်တာဦးသန်းထိုက် (ခရိုင်ဆရာဝန်ကြီး -ငြိမ်း၊သထုံ)အသက်(၈၀)နှစ်သည် ၁၃-၁-၂၀၁၄ ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲ ရပါသည်။

ဒေါက်တာရဲထွန်း-ဒေါက်တာသန်းသန်းစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဒေါ်စီစီ(ခ)ဒေါက်တာဒေါ်အေးကြည်
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ အမှတ် ၆၁၇၊ D(၂)၊ ပြည်လမ်း၊ကမာရွတ်မြို့နယ်နေ ဒေါက်တာဦးသိန်းညွန့် (ပါမောက္ခ/ ဌာနမှူး၊ ငြိမ်း၊ ခွဲစိတ်ကုပညာဌာန၊ ဆေးတက္ကသိုလ်-၁)၏ဇနီး ဒေါက်တာဒေါ်စီစီ(ခ)ဒေါ်အေးကြည်သည် ၁၁-၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။ **Surgical Society, MMA**

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးထွန်းမြင့် (ငြိမ်း)
အသက်(၆၈)နှစ်

ပါမောက္ခဒေါက်တာဒေါ်စန်းစန်းမြင့်၏ခင်ပွန်း ဗိုလ်မှူးကြီးထွန်းမြင့် (ပါမောက္ခ/ဌာနမှူး၊ ဆီးနှင့်ကျောက်ကပ်ခွဲစိတ်ပါရဂူ-ငြိမ်း)သည် ၁၀-၁-၂၀၁၄ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။ **Surgical Society, MMA**

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
တောင်ကြီးခရိုင် တရားရုံးတော်၌
၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၅၅ နှင့် ဆက်သွယ်သည့်
၂၀၁၄ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၆ ။

ဒေါ်ဝမ်ချိုရက်(ခ)ဒေါ်ဝါဝါခိုင် **နှင့်** ဒေါ်ရန်မိန်

တရားနိုင် **တရားရှုံး**

ဒေါ်ရန်မိန်၊ အမှတ်(၃၆၇)၊သီရိမင်္ဂလာလမ်း၊ ရေအေးကွင်းရပ်ကွက်၊ တောင်ကြီးမြို့ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၅၅တွင် ကျရှိသည့် ဒီကရီကိုအတည်ပြု လုပ်ရန် ဤရုံးတော်တွင် ဒေါ်ဝမ်ချိုရက်(ခ)ဒေါ်ဝါဝါခိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် ဇန်နဝါရီ ၂၃ရက် (၁၃၇၅ခုနှစ် ပြာသိုလပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၁နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၄ခုနှစ် ဇန်နဝါရီ ၁၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

(လင်းလင်း)
ခရိုင်တရားသူကြီး
တောင်ကြီးခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ကြီးမြို့နယ်တရားရုံး၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၉၇

ဒေါ်ညိုညိုမြင့်	**နှင့်**	ဒေါ်စဝ်ပြုံးရီ
အမှတ် ၃၇၊ မင်္ဂလာလမ်း၊		အမှတ် ၃၇၊ မင်္ဂလာလမ်း၊
ကံသာရပ်ကွက်၊ တောင်ကြီးမြို့။		ကံသာရပ်ကွက်၊ တောင်ကြီးမြို့။
တရားလို		**တရားပြိုင်**

မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ပြုလုပ်ပေးစေလိုမှု

တောင်ကြီးမြို့၊ ကံသာရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်၃၇တွင်နေထိုင်သူ တရားပြိုင် ဒေါ်စဝ်ပြုံးရီ (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက အရောင်းအဝယ်ပြုလုပ်ထားသည့်အိမ်ခြံမြေအား မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ပြုလုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၇ရက် (၁၃၇၅ခုနှစ် ပြာသိုလပြည့်ကျော် ၁၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့် ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇန်နဝါရီ ၁၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

(စိုးသီရိခိုင်)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
တောင်ကြီးမြို့နယ်တရားရုံး၊ တောင်ကြီးမြို့

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ မြေကွက်အမှတ် ၄၅၀၊ မြေကွက်တည်နေရာ အမှတ် ၄၅၀၊ ၂၂လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်သန်းရင်၊ ဦးအေးသိန်းအမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးအေးသိန်းကွယ်လွန်သဖြင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်သန်းရင် ၁၂/ဥကတ(နိုင်)၁၁၀၁၃၂က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ် ၂၀၂၈၈(၂၂-၁၀-၁၃)ဖြင့် လွှဲအပ်ခံရသူ အထွေထွေကိုယ်စားလှယ် ဒေါ်ကြည်ကြည်မော် ၁/တနန(နိုင်) ၀၁၈၃၅၄က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၃-၂၈၅၉(၁၄-၁၁-၁၃)ကို တင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ရေတွင်း၊ ရေကန်၊
မုခ်ဦး ဒါယကာကြီး ရာသက်ပန်ဥက္ကဋ္ဌကြီး၊ အောင်မင်းခေါင်ကုန်းမြေ
(ကသစ်ဝိုင်ဓမ္မရိပ်သာ)
ဦးသိန်းဟန် (ပဲခူး)
အသက်(၉၁)နှစ်

ဒေါက်တာအေးငြိမ်း(ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ ရခိုင်ပြည်နယ်)-ဒေါ်လီလီသိန်း တို့၏ဖခင် ဦးသိန်းဟန် အသက်(၉၁)နှစ်သည် ၄-၁-၂၀၁၄ရက် (စနေနေ့)မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါ ကြောင်း။

ပြည်နယ်ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းမိသားစု
ရခိုင်ပြည်နယ်၊ စစ်တွေမြို့

အထူးဝမ်းနည်းကြေကွဲခြင်း

ဆရာကြီးဦးသိန်းအောင်(ခ)M.A ရရှိဒ်
ကထိက၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်
အသက်(၈၉)နှစ်

ဆရာကြီးဦးသိန်းအောင်(ခ)M.Aရရှိဒ်သည် ၁၃-၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါ သဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးအေးကျော်(MHR)-ဒေါ်တင်တင်နွယ်
မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဆရာကြီးဦးသိန်းအောင်(ခ)M.A ရရှိဒ်
ကထိက၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်
အသက်(၈၉)နှစ်

ဆရာကြီးဦးသိန်းအောင်(ခ)M.Aရရှိဒ်သည် ၁၃-၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါ သဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ကိုစောသန်းထွဋ်လင်း-မဆွေဇင်အေး(MHR)
မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဆရာကြီးဦးသိန်းအောင်(ခ)M.A ရရှိဒ်
ကထိက၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်
အသက်(၈၉)နှစ်

ဆရာကြီးဦးသိန်းအောင်(ခ)M.Aရရှိဒ်သည် ၁၃-၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါ သဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

(MHR)မှ ဆရာ/ဆရာမများ၊
Course မန်နေဂျာများနှင့်ရုံးအဖွဲ့သားများ

---

(၁၂)နှစ်ပြည့်အလွမ်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်ဒါယိကာမကြီး
ဒေါ်တင်လေး အသက်(၇၅)နှစ်
(လက်ပံတန်း)

အနန္တဂိုဏ်းဝင်ကျေးဇူးရှင်မေမေ ၁၈-၁-၂၀၀၂ရက်တွင် မိသားစုနဲ့ခွဲခွာသွားသော တစ်နေ့မှ မေ့မရခဲ့ပါ။ တုနှိုင်းမရတဲ့ အမေ့ရဲ့မေတ္တာဂုဏ်ကျေးဇူးတို့ကို တမ်းတလျက်ပါ။ အမေ့အတွက် ရည်စူးပြုလုပ်ရသော ကောင်းမှုကုသိုလ်အဖို့ဘာဂကို မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင် ပါစေ။ **မေမေရေ အမျှ…အမျှ…အမျှ**

ခင်ပွန်း - **ဆရာကြီးဦးသောင်းတင်(မိုးကုတ်ယောဂီ)**
သား - **ဦးဝင်းသန်း(ဒု-ညွှန်မှူး) မြင့်တင်/ဦးစီး**
(စီးပွား/ကူးသန်း)နေပြည်တော်
သမီး - **ဒေါ်စန်းစန်းတင့်(မူပြ/ငြိမ်း)**
မြေး - **မသီရိဝင်းသူ (Grade-VI) အထက (၅)နေပြည်တော်**

တစ်လပြည့်အလွမ်း

ဦးခင်မောင်ကြီး(ခ)ဦးကျော်
C/cook Shipping (A.MAS Co.,Ltd.)

- သမီးဘဝထဲကို ဘယ်သောအခါမှ ပြန်မလာတော့မှန်းသိပေမယ့် နေ့စဉ်စောင့်မျှော်လျက်ပါ
- နေ့စဉ်သတိရလျက်ပါ
- နေ့စဉ် လွမ်းနေလျက်ပါ **ဖေ**

နေ့စဉ်ပြုသမျှ ကောင်းမှုအစုစုကို ရောက်ရာဘုံဘဝမှ သာဓုခေါ်ပါ **ဖေ**

ချစ်ဇနီး - **ထိုက်နွယ်ဦး(ခ)ငယ်လေး**
ချစ်သမီးကြီး - **နဒီမြတ်နိုးထိုက်(ခ)ဒီးဒီး**
G.T.C (Civil First year) W.Y.T.U
ချစ်သမီးငယ် - **မြတ်နိုးသီရိမောင်(ခ) R.မီးမီး**
ပဥ္စမတန်း (A) အထက (၂) သဃ်န်းကျွန်း
ချစ်သား - **ဇင်မင်းမောင်(ခ) R သား**
တတိယတန်း (A) အထက (၂)သဃ်န်းကျွန်း

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးအောင်လင်းကြည်(ခ)ဦးအောင်လေးကြည်
(ဘဏ္ဍာရေးမှူး)
တောင်ပေါ်လမ်းလျှောက်အသင်း(မော်လမြိုင်)
စေတနာအခမဲ့နာရေးကူညီမှုအသင်း
အခမဲ့ကုသိုလ်ဖြစ်ဆေးခန်း
အသက် (၅၇)နှစ်

အသင်း၏ အထူးအားထားရသော အသင်းတိုးတက်ရာတိုးတက်ကြောင်း အမြဲ အစဉ်ကြိုးပမ်းနေသော ဘဏ္ဍာရေးမှူး ဦးအောင်လင်းကြည် အသက် (၅၇)နှစ်သည် အချိန်မတိုင်မီ ဘဝတစ်ပါးသို့ ဖိတ်စင်ကြွေလွင့်သွားသည့်အတွက် မိသားစုဝင်များထက် မလျော့သော ဝမ်းနည်းမှုဖြင့် ကြေကွဲရပါကြောင်း။

အမှုဆောင်မိသားစုဝင်များ
တောင်ပေါ်လမ်းလျှောက်အသင်း(မော်လမြိုင်)
စေတနာအခမဲ့နာရေးကူညီမှုအသင်း၊ စေတနာအခမဲ့ကုသိုလ်ဖြစ်ဆေးခန်းနှင့်
အခမဲ့သွားဆေးကုခန်း

ကြော်ငြာ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး ဒါယိကာမကြီး

ဗိုလ်မှူးစဝ်ငွေသောင်း(ငြိမ်း) ကြည်း-၇၃၂၇

ကယားပြည်နယ်ကောင်စီဥက္ကဋ္ဌဟောင်း

လွိုင်ကော်မြို့

အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း(အလယ်)၊ အမှတ် ၂၄၄-၂၄၆ (မြေညီထပ်)နေ ဒေါ်နန်းရွှေကြည်၏ခင်ပွန်း၊ ဦးစဝ်ထွန်းကြည်၊ (ဦးစဝ်ထွန်းလွင်)၊ ဦးစဝ်ကြည်ဝင်း၊ ဦးစဝ်သိန်းကြည်၊ ဦးဘုန်းဦး-ဒေါ်စဝ်ခင်သူဇာ၊ ဦးစဝ်ဟန်ကြည်-ဒေါ်ဝါဝါဆွေတို့၏ဖခင်၊ စဝ်ကောင်းပြည့်စုံ၊ စဝ်ဘုန်းနိုင်ခတို့၏အဘိုးသည် ၁၇-၁-၂၀၁၄ရက်(သောကြာနေ့) နံနက် ၄း၂၅နာရီတွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၁-၁-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၂နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး ဒါယိကာမကြီး

ဗိုလ်မှူးစဝ်ငွေသောင်း(ငြိမ်း) ကြည်း-၇၃၂၇

ကယားပြည်နယ်ကောင်စီဥက္ကဋ္ဌဟောင်း

လွိုင်ကော်မြို့

အသက်(၈၉)နှစ်

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ မင်းစုရပ်နေ (ဦးစဝ်ရွှေဟုန်-ဒေါ်လုမေ)တို့၏သား၊ ရန်ကုန်မြို့၊ ရွှေဘုံသာလမ်း၊ အမှတ် ၂၄၄/၂၄၆နေ ဒေါ်နန်းရွှေကြည်၏ခင်ပွန်း၊ (ဦးစဝ်အုံးညွှာ၊ နိုင်ငံတော်ကောင်စီဝင်ဟောင်း)-ဒေါ်စဝ်လုထီး၊ (ဦးစဝ်သိန်း၊ ကယားပြည်နယ်ပါလီမန်အမတ်ဟောင်း)-ဒေါ်လုစိန်၊ (ဦးစဝ်ညိန်း)-ဒေါ်အုံးကြည်၊(ဦးထွန်းခင်-ဒေါ်စဝ်ချစ်စု)တို့၏ညီ၊(ဦးစဝ်ဖြူ)-ဒေါ်လူမြာ၊ ဦးစဝ်တိုး၊ (ဦးဘိုးလူ)-ဒေါ်စဝ်ချစ်ပုတို့၏အစ်ကိုသည် ၁၇-၁-၂၀၁၄ရက်(သောကြာနေ့) နံနက် ၄း၂၅နာရီတွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးစဝ်ငွေသောင်း(ငြိမ်း) ကြည်း-၇၃၂၇

ကယားပြည်နယ်ကောင်စီဥက္ကဋ္ဌဟောင်း

လွိုင်ကော်မြို့

အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ် ၂၄၄-၂၄၆ (မြေညီထပ်)နေ ဘကြီး ဗိုလ်မှူးစဝ်ငွေသောင်း(ငြိမ်း)သည် ၁၇-၁-၂၀၁၄ရက် (သောကြာနေ့) နံနက် ၄း၂၅နာရီတွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားပါ၍ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

တူ၊ တူမများ

ဦးစိုးနိုင်၊ စဝ်နိုင်နိုင်ဖြူ

ဦးကျော်ထွန်းဦး၊ စဝ်ခိုင်ခိုင်ဖြူ

စဝ်နီနီဖြူ၊ စဝ်ထွေးထွေးဖြူ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်မိုးရီ

အသက်(၈၅)နှစ်

ဗိုလ်ကြီးကျော်ဇေယျ(ငြိမ်း)-ဒေါ်တင်မျိုးမျိုးအေးတို့၏မိခင်သည် ၁၁-၁-၂၀၁၄ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

အရာခံဗိုလ်မင်းဦး မိသားစု (ကကယာ) နေပြည်တော်

တကကနေဝင်း မိသားစု (ကကနက်) နေပြည်တော်

အလက (၄)မင်္ဂလာဒုံ (၁၉၇၆)ကျောင်းသားဟောင်းသူငယ်ချင်း

ဝမ်းနည်းကြေကွဲခြင်း

ဦးဖေဝင်း (ကလော/လွိုင်ကော်)

ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန

အသက်(၇၆)နှစ်

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ မ/၁၅၂၊ ကန္တာရဝတီလမ်းနေ ဒေါ်ယဉ်ယဉ်သန်း(မယ်ချီး)၏ခင်ပွန်း ဦးဖေဝင်းသည် ၁၂-၁-၂၀၁၄ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးဝင်းဖေသန်း-ဒေါ်ခင်မြတ်နွယ် မိသားစု

Max Myanmar ဆောက်လုပ်ရေးကုမ္ပဏီ

ဝမ်းနည်းကြေကွဲခြင်း

လားရှိုးပြည်သူ့ဆေးရုံကြီး၊ ခွဲစိတ်ကုသဆောင်မှ ဒေါက်တာဇော်ဝေစိုး၏မိခင် တောင်တွင်းကြီးမြို့၊ သဲကျွန်းရွာနေ ဒေါ်မြင့်လှ အသက်(၅၃)နှစ်သည် ၁၅-၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဆရာဝန်/ဆရာမများ

(လားရှိုးပြည်သူ့ဆေးရုံကြီး၊ ခွဲစိတ်ကုသဆောင်)

အထူးဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ အမှတ် ၆၂၊ ၁၁လမ်းနေ သူငယ်ချင်း ဒေါ်ခင်စီလွင်၏ခင်ပွန်း၊ သူငယ်ချင်း ဦးမြင့်ချို အသက်(၅၇)နှစ်သည် ၁၃-၁-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ယူကျုံးမရ ဝမ်းနည်းကြေကွဲရပါကြောင်း။

R.A.S.U (၁၉၇၅-၁၉၇၉) ဓာတုဗေဒ/ကုန်ထုတ်ဓာတုဗေဒ

ကျောင်းသား ကျောင်းသူများ

သင့်သွေးဖြင့် အသက်ကယ်ပါ

ဦးရှိန် (ပဲတခွဲရေလယ်ကျွန်း)

အသက်(၉၂)နှစ်

ကျိုင်းတုံမြို့၊ ရပ်ကွက်(၁)၊ ရပ်မြင်သံကြားဝန်ထမ်းအိမ်ရာနေ ဦးညွှန့်လှိုင် (ဗုန်နယ်မှူး)-ဒေါ်ချိုလွင်ထွေး(အီလက်ထရွန်နစ်ကျွမ်းကျင်-၁)၊ ဦးလှသန်း-ဒေါ်ခင်ဝင်း၊ မြန်အောင်မြို့နယ်၊ ပြင်စုရွာနေဦးလှအောင်-ဒေါ်ကြည်ကြည်စန်းတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၁၆-၁-၂၀၁၄ရက် ညနေ ၅း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင် ဟွေဖျန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်မြင့် (ပြည်)

အသက်(၈၈)နှစ်

မြန်မာအရှေ့တိုင်းဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးမြသန်း-ဒေါ်ခင်စမ်းဝေတို့၏အစ်မ ဒေါ်တင်မြင့် အသက်(၈၈)နှစ်သည် ၁၆-၁-၂၀၁၄ရက် နံနက် ၇နာရီတွင် ပြည်မြို့၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒါရိုက်တာအဖွဲ့

မြန်မာအရှေ့တိုင်းဘဏ်လီမိတက်

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်မြင့် (ပြည်)

အသက်(၈၈)နှစ်

မြန်မာအရှေ့တိုင်းဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးမြသန်း-ဒေါ်ခင်စမ်းဝေတို့၏အစ်မ ဒေါ်တင်မြင့် အသက်(၈၈)နှစ်သည် ၁၆-၁-၂၀၁၄ရက် နံနက် ၇နာရီတွင် ပြည်မြို့၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

အရာထမ်း၊ ဝန်ထမ်းမိသားစု

မြန်မာအရှေ့တိုင်းဘဏ်လီမိတက်

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်မြင့် (ပြည်)

အသက်(၈၈)နှစ်

မြန်မာအရှေ့တိုင်းဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးမြသန်း-ဒေါ်ခင်စမ်းဝေတို့၏အစ်မ ဒေါ်တင်မြင့် အသက်(၈၈)နှစ်သည် ၁၆-၁-၂၀၁၄ရက် နံနက် ၇နာရီတွင် ပြည်မြို့၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

အိုရီရင်တယ်လီစင်ကုမ္ပဏီလီမိတက်မိသားစု

ဒေါ်တင်သန်း(ခ)ဒေါ်မုန်း (သထုံ)

(သိန်းသန်း ဇာဘော်လီ)

အသက်(၈၀)

သထုံမြို့နေ ဦးမျိုးမြင့်ဦး-ဒေါ်စန်းစန်းမြင့်၊ ဒေါ်အေးအေးမြင့်၊ ဦးဝင်းသိန်း-ဒေါ်ငွေးငွေးမြင့်၊ ဦးတင်ထွန်း-ဒေါ်သန်းသန်းငွေး၊ ဒေါ်သန်းသန်းထွေး၊ ဦးတင်လှ-ဒေါ်စန်းပွင့်၊ ဦးဇော်ဇော်-ဒေါ်တင်နွဲ့၊ ဦးသိန်းဇော်-ဒေါ်မူမူအောင်၊ ဦးအောင်ကျော်ထူး-ဒေါ်လှလှကြည်၊ ရန်ကုန်မြို့နေ ဆရာဒွေး-ဒေါ်ကြည်ကြည်ဝင်း၊ ဦးစန်းလွင်-ဒေါ်ချိုချိုမြင့်၊ (ဦးအေးကိုကို)-ဒေါ်အေးလှိုင်၊ ဦးတင်ကိုကို- ဒေါ်နီနီအောင်၊ ဦးအုန်းရွှေ-ဒေါ်ဖြူဖြူသိန်း၊ ဦးသက်ထွန်း-ဒေါ်ကေခိုင်ငွေး၊ ဦးတင့်လွင်-ဒေါ်နီနီသိန်း၊ ဦးမင်းမောင်တိုး-ဒေါ်ဝါဝါသိန်းတို့၏ကြီးကြီး၊ မြေး ၂၆ယောက်၊ မြစ်ခြောက်ယောက်တို့၏ဘွားဘွားကြီးသည် ၁၇-၁-၂၀၁၄ရက် နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁-၂၀၁၄ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ဓမ္မစိန္တာလမ်းနေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၃-၁-၂၀၁၄ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ အမှတ် ၄၊ ဓမ္မစိန္တာလမ်း၊ ပထမထပ်၊ ကျောက်မြောင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်သန်းညွှန့်

အသက်(၇၈)နှစ်

ပစ္စည်းဝယ်ယူမှုညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယအထွေထွေမန်နေဂျာ ဦးအောင်မိုး-ဒေါ်နိုင်နိုင်အောင်တို့၏မိခင် ဒေါ်သန်းညွှန့် အသက်(၇၈)နှစ်သည် ၁၅-၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ

ပစ္စည်းဝယ်ယူမှုညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

ဒုအရာခံဗိုလ်မြင့်နိုင် (ကပ-တ/၃၈၆၉၅)

ဆ·လ·အ ခွဲ(၉၅၅) ပုသိမ်

အသက်(၄၉)နှစ်

မိတ္ထီလာမြို့၊ ရတနာမန်အောင်ရပ်ကွက်နေ ဦးစန်းမြင့် (ကျောင်းအုပ်ဆရာကြီး၊ ငြိမ်း)-ဒေါ်အုန်းကြည်(ကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း)တို့၏သား၊ ဒေါ်သီတာလွင်၏ခင်ပွန်းသည် ၁၇-၁-၂၀၁၄ရက် နံနက် ၉း၃၀နာရီတွင် တပ်မတော်ဆေးရုံ(ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင် တပ်မတော်ဆေးရုံ(ခုတင်-၁၀၀၀)မှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒုအရာခံဗိုလ်မြင့်နိုင် (ဆလအ ခွဲ-၉၅၅၊ ပုသိမ်) (တ-၃၈၆၉၅)သည် ၁၇-၁-၂၀၁၄ရက် နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

အမှတ်စဉ်(၁၁၀)

သူငယ်ချင်းများ

အနိစ္စ

ဒေါ်တင်သန်း(ခ)

ဒေါ်မုန်း (သထုံ)

(သိန်းသန်း ဇာဘော်လီ)

အသက်(၈၀)

သထုံမြို့နေ(ဦးမောင်လွန်း-ဒေါ်စောမှုင်)တို့၏သမီး၊ (ဦးသန်း-ဒေါ်ကြည်)၊ ရန်ကုန်မြို့နေ (ဒေါ်ချစ်သိန်း)၊ (ဒေါ်ခင်သိန်း)၊ ဒေါ်ခင်သန်း၊ (ဦးသန်းထွန်း)တို့၏ညီမ၊ (ဦးမြင့်အေး)-ဒေါ်သန်းတင်၊ ဦးသိန်းထွန်း-ဒေါ်စန်းမြင့်၊ ဦးမြင့်သိန်းတို့၏အစ်မကြီးသည် ၁၇-၁-၂၀၁၄ရက် နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁-၂၀၁၄ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (ဓမ္မစိန္တာလမ်း နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူညီအစ်ကိုမောင်နှမတစ်စု

ဦးစိုးကြည် (ဝါးခယ်မမြို့)

ကုန်သွယ်ရေး(ငြိမ်း)

အသက်(၇၂)နှစ်

ဝါးခယ်မမြို့နေ (ဦးတင်မောင်-ဒေါ်သိန်းမြ)တို့၏သား၊ (ဦးမောင်သန်း-ဒေါ်သိန်းတင်)တို့၏သားသမက်၊ (ဦးမြင့်ကြိုင်)-ဒေါ်ရင်မြင့်၊ (ဦးကျော်နိုင်)-ဒေါ်ထားထားကြည်၊ (ဦးငွေ)-ဒေါ်ချစ်၊ ဦးတင်မောင်ဆွေ-ဒေါ်ရီရီခင် (ခေတ္တ-စင်ကာပူ)တို့၏ညီ/အစ်ကို၊ ဒေါ်သူဇာအေး(ခ)ဒေါ်အေးအေး၏ခင်ပွန်း၊ 33-8A သင်္ဂဟလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့နေ (ကိုဝင်းထိန်)-မစန္ဒာစိုး၊ ကိုအောင်တင်-မနွယ်နီစိုး၏တို့၏ဖခင်၊ မမြတ်ပွင့်စု၊ မသက်ထက်စံ၊ မကျော့ရည်မွန်တို့၏အဘိုးသည် ၁၇-၁-၂၀၁၄ရက် (သောကြာနေ့) နံနက် ၀၀း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးစိန်ဝင်း

အသက်(၆၄)နှစ်

အမှတ် ၇၇၁၊ ငမိုးရိပ် ၂လမ်း၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီးနေ (ဦးမောင်မောင်တင်-ဒေါ်ကြင်ကြူ)တို့၏သား၊ ဦးစိုးမြင့်-ဒေါ်နုနုကြည်၊(ဦးတင်မောင်ချစ်-ဒေါ်သန်းသန်းမြင့်)တို့၏မောင်၊ ဒေါ်တင်ကြည်၏ခင်ပွန်း၊ မောင်ရန်အောင်၊ မောင်စိုးလှိုင်-မနှင်းမာလာ၊ မစန္ဒာဝင်း၊ မညိုညိုဝင်း၊ မောင်ရဲခေါင်တို့၏ဦးလေး၊ မောင်အောင်မျိုးသန့်-မတင်မမမိုး၊ မောင်တင်ကိုကိုဝင်း-မခင်ဆွေဝင်း၊ မောင်နန္ဒာဝင်း-မမြမြအေးတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၇-၁-၂၀၁၄ရက် (သောကြာနေ့) နံနက် ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါက်တာမောင်မောင်ဦး

(ညွှန်ကြားရေးမှူး)

ကျန်းမာရေးဦးစီးဌာန

အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၂၄)ရပ်ကွက်၊ ကမာလမ်း၊ တိုက် ၇၄/၂နေ ဦးငြိမ်းဟန်-ဒေါ်ခင်သန်းရီတို့၏သား၊ ဦးရွှေအေး-ဒေါ်အေးဆန်းတို့၏သားသမက်၊ ဒေါက်တာမင်းဦး-ဒေါ်ပပငြိမ်းတို့၏အစ်ကို၊ မောင်ရည်သွေး၊ မယသော်(Grade-XI)တို့၏ဖခင်၊ ဒေါ်ခင်အေးသန့်၏ခင်ပွန်းသည် ၁၇-၁-၂၀၁၄ရက်(သောကြာနေ့) နံနက် ၈း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးစိန်အောင် (မှုထမ်းရေးရာမှူး၊ ငြိမ်း)

စက်မှု/လျှပ်စစ်ချုပ်ရုံး၊ မြန်မာ့မီးရထား

အသက်(၉၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်နေ (ဦးမောင်သာ-ဒေါ်စော)တို့၏သား၊ အင်းစိန်မြို့နယ်၊ ဈေးကုန်းအနောက်ရပ်ကွက်၊ ရတနာပုံလမ်း၊အမှတ် ၆နေ (ဒေါ်ကြီးမြင့်)၏ခင်ပွန်း၊ ဦးသက်နိုင်(စား/ဖျော်၊ ငြိမ်း)-ဒေါ်စန်းမြင့်၊ ဦးစိန်သောင်း၊ ဦးသိန်းထွန်း-ဒေါ်လှလှငွေး(မမ၊ ငြိမ်း)၊ ဒေါ်တင်တင်ငွေး(SHOWA AUTO ENTERPRISE Co.,Ltd.)၊ ဦးမျိုးမြင့်အောင်-ဒေါ်ဝင်းဝင်းငွေး(မြို့နယ်ဦးစီးမှူး၊ စမ်းချောင်း၊ ပြန်/ဆက်)၊ ဒေါ်သွင်သွင်ငွေး(အထက-၄၊ အင်းစိန်)တို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘိုးသည် ၁၇-၁-၂၀၁၄ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃နာရီတွင် နေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ကျောင်းဒါယကာကြီး

ဦးမှိန် (အိမ်မဲ၊ ရွာသစ်)

အသက်(၇၉)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ ရွာသစ်ကျေးရွာနေ (ဦးမောင်ဘ-ဒေါ်သစ်နွယ်)တို့၏သား၊ ဒေါ်မြသွင်၏ခင်ပွန်း၊ရန်ကုန်မြို့၊တာမွေမြို့နယ်၊ တာမွေလမ်းမ၊ အမှတ် ၁၃၀(ငါးလွှာ-ခ)နေ (ကိုအောင်စိုး)-မကြူကြူခိုင်(W.H.O)၊ မမြမြခိုင်၊ ကိုအောင်ဝင်း-မဖြူလေး၊ မောင်မင်းဇော်(J.S.M)၊ မောင်အောင်မင်းထက်(ခေတ္တ-DUBAI)တို့၏ဖခင်၊ မမေပွင့်ဖြူ၊ မောင်ကောင်းထက်စိုး၊ မောင်ကောင်းဆက်စိုးတို့၏ဘိုးဘိုးကြီးသည် ၁၆-၁-၂၀၁၄ရက် (ကြာသပတေးနေ့) ည ၁၁း၅၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁-၂၀၁၄ရက် (စနေနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(တာမွေနေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၂-၁-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးဇော်မြင့်(ခ) Simon ဇော်မြင့်

မြန်မာ့လေကြောင်း၊ အင်ဂျင်နီယာ(ငြိမ်း)

အသက်(၆၉)နှစ်

ရန်ကုန်မြို့နေ (ဦးအုန်းကြိုင်-ဒေါ်သိန်းမြင့်)တို့၏သား၊ ဦးဇော်ဖေ-(ဒေါ်ခင်ခင်အုံး)၊ (ဒေါ်ညွှန့်မြင့်)၊ (ဒေါ်ရီရီမြင့်)၊ (ဒေါ်ကြူကြူမြင့်)တို့၏ညီ/မောင်၊ ဦးဇော်ထွဋ်၏အစ်ကို၊ (ဒေါ်နီနီ)၏ခင်ပွန်း၊ မထက်ထက်နိုင်(ခ)ခိုင်မွန်မွန်-မောင်မျိုးချစ်ကို၊ မောင်ရဲဟိန်းဇော်တို့၏ဖခင်သည် ၁၇-၁-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ သိမ်၊ ကျောင်း၊ ရေတွင်း ဒါယကာကြီး

ဦးသာစိန်မောင် (စစ်တွေ)

အသက်(၅၆)နှစ်

စစ်တွေမြို့နေ (ဦးမောင်ဘစိန်-ဒေါ်မေလှချေ)တို့၏သားငယ်၊ စစ်တွေမြို့၊ မောလိပ်ရပ်ကွက်၊ ရေတွင်းလမ်း၊ အမှတ် ၃၅၀နေ ဒေါ်မဦးခင်၏ခင်ပွန်း၊ သီတာခိုင်လင်း-မောင်နေလင်းထွန်း(LEO Shipping)၊ မြတ်ကေခိုင်လင်းထွေး(နောက်ဆုံးနှစ်၊အပိုင်း-ခ၊ ဆေးတက္ကသိုလ်၊ မကွေး)တို့၏ဖခင်၊ မောင်ကောင်းဆက်ဟိန်းတို့၏အဘိုးရှင်သည် ၁၇-၁-၂၀၁၄ရက် ညနေ ၃း၅၅နာရီတွင် ရန်ကုန်မြို့ ဝိတိုရိယအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ဦးလှမောင် လကမ္ဘာဆေးဆိုင်၊ ၁/B 84၊ ကျန်စစ်သားလမ်း၊ (၆)ရပ်ကွက်၊ လှိုင်သာယာမြို့နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

ဦးမြင့်ဇော်(ခ)ဦးမောင်မောင် (မော်လမြိုင်မြို့)

အသက်(၅၂)နှစ်

မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်း၊ အနောက်ရှမ်းကုန်းရပ်၊ အမှတ် ၁၂နေ [ဦးစိုးသိန်း(ခ)စောဟုတ်ဟိုက်-ဒေါ်ခင်လှိုင်]တို့၏သား၊ (ဦးသောင်းညွှန့်)-ဒေါ်သန်းသန်းတို့၏သားသမက်၊ ဦးမြင့်ငွေး-ဒေါ်မူမူစိုးတို့၏မောင်၊ ဦးထွန်းသန်း-ဒေါ်မိုးမိုးအေး၊ ဦးကျော်စိုးဝင်း-ဒေါ်ညိုညိုစိုး၊ ဦးစိုးနိုင်-ဒေါ်ကေသီထွေးတို့၏အစ်ကို၊ ဒေါ်သန္တာညွှန့်၏ခင်ပွန်း၊ မစိမ့်ရည်မွန် (MCC)၊ မစုမြတ်နိုး (Grade-11, A၊ စမ်းချောင်း-၂)တို့၏ဖခင်သည် ၁၅-၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၁-၂၀၁၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် မုယောင်းတရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၁၉-၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက်တွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးကျေးဇူးတင်ရှိခြင်း

၁၅-၁-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၄နာရီတွင် ကွယ်လွန်ခဲ့သော ဦးမြင့်ဇော်(ခ)ဦးမောင်မောင် အသက်(၅၂)နှစ်၏နာရေးကိစ္စများအား လိုလေသေးမရှိ ကူညီဆောင်ရွက်ပေးသော မူဆယ်အခြေစိုက် ကရုဏာ နာရေးကူညီမှုအသင်းနှင့် မန္တလေးမြို့ အခြေစိုက် ချမ်းမြသုခပရဟိတ လူမှုကူညီရေးအသင်း၊ ရွှေလီနှင့် မူဆယ်မြို့မှ စိတ်ရောကိုယ်ပါ ပါဝင်ကူညီခဲ့ကြသော မိတ်ဆွေအပေါင်းအသင်းများ၊ လုပ်ဖော်ကိုင်ဖက်များအားလုံးနှင့် ကိုယ်တိုင်လာရောက် နှစ်သိမ့်အားပေးသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလုံးအား အထူးကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R /488

mmalin.npt @ gmail.com, နှင့်

www. facebook.com/MYANMAALINNNEWS

ဒုတိယသမ္မတ ဦးညွန့်ထွန်း အမျိုးသားတစ်ဦးချင်း Class(7) ပြိုင်ပွဲ ဆုရအားကစားသမားများအား အားပေး

နေပြည်တော် ဇန်နဝါရီ ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညွန့်ထွန်းသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်၌ ကျင်းပလျက်ရှိသည့် (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲများကို ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဦးတင့်ဆန်း၊ မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်နေလင်း၊ တာဝန်ရှိသူများနှင့်အတူ လိုက်လံကြည့်ရှုအားပေးသည်။

ရှေးဦးစွာ အမျိုးသားမီတာ ၂၀၀ T 52 နှင့် အမျိုးသားမီတာ ၂၀၀ T 37 ပြိုင်ပွဲများ၏ လူရွေးပွဲစဉ်များ၊ အာဆီယံမသန်စွမ်း ဘိုစီယာအားကစားပြိုင်ပွဲ၏ တစ်ဦးချင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များ၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများနှင့် စားပွဲတင်တင်းနစ်ပြိုင်ပွဲများကို ကြည့်ရှုအားပေးသည်။

ထို့နောက် အမျိုးသားတစ်ဦးချင်း Class(7) ပြိုင်ပွဲမှ ပထမနှင့်ဒုတိယရရှိကြသည့် အင်ဒိုနီးရှားမှ ခြေနှစ်ဖက်အင်္ဂါစွန့်လွှတ် အားကစားသမားနှင့် ထိုင်းနိုင်ငံမှ ခြေတစ်ဖက်နှင့် လက်တစ်ဖက်အင်္ဂါစွန့်လွှတ်အားကစားသမားတို့၏ သရုပ်ပြယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကာ ပြိုင်ပွဲအပြီး ၎င်းအားကစားသမားနှစ်ဦးအား ဒုတိယသမ္မတ ဦးညွန့်ထွန်းက အထူးဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ခဲ့ကြောင်းသတင်းရရှိသည်။ **(ဝဲပုံ) (သတင်းစဉ်)**

မြန်မာ့လေကြောင်း ခရီးစဉ် တိုးချဲ့ပျံသန်းမည်

နေပြည်တော် ဇန်နဝါရီ ၁၇

မြန်မာ့လေကြောင်းမှ ခရီးသည် ၁၁ ယောက်စီး Grand Caravan Cessna 208 B လေယာဉ်ဖြင့် မန္တလေး ချမ်းမြသာစည်လေဆိပ်တွင် အခြေပြု၍ ညောင်ဦး၊ ဟဲဟိုး၊ ကလေး၊ လွိုင်ကော်၊ ဗန်းမော် ခရီးစဉ်များ ပျံသန်းလျက်ရှိရာ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ရန်ကုန်-သံတွဲခရီးစဉ်ကိုပါ တိုးချဲ့ပျံသန်းမည်ဖြစ်ကြောင်းနှင့် ပုံမှန်ခရီးစဉ်များအပြင် ပျံသန်းချိန် ၁ နာရီလျှင် ငွေကျပ် ၆၅၀၀၀၀ သို့မဟုတ် USD-650 နှုန်းဖြင့် စင်းလုံးငှားနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အချုပ်ပိုများပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲ အထူးကဏ္ဍ နှစ်မျက်နှာနှင့် ဥပဒေကြမ်း နှစ်မျက်နှာတို့အပြင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် လူဦးရေ ၁၂ သိန်း ၈ သောင်း ၆ ထောင်ကျော်ကို အလုပ်အကိုင်ရရှိရေးဖန်တီးပေးနိုင်ခဲ့

**တွေ့ဆုံမေးမြန်း
ထွန်းဝင်းနိုင်(သတင်းစဉ်)**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသူ နိုင်ငံသားများအား ပြည်တွင်း၊ ပြည်ပ၌ အလုပ်အကိုင်များတိုးတက်ရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ပေးမှုများနှင့်ပတ်သက်၍ ပြည်သူလူထုအား အသိပေးနိုင်ရန်အတွက် သတင်းအဖွဲ့က ယနေ့တွင် အလုပ်သမားဝန်ကြီးဌာနသို့ သွားရောက်၍ တာဝန်ရှိသူများအားတွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်တင်ပြလိုက်ရပါသည်-

**ဦးမျိုးအောင်
(အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်)**

မေး ။ ။ အရင်နဲ့ ယခုကာလမှာ နိုင်ငံသားတွေကို ပြည်တွင်း၊ ပြည်ပအလုပ်အကိုင် အခွင့်အလမ်းတွေ ဖန်တီးပေးနေမှုနဲ့ပတ်သက်ပြီး ဆရာတို့ ဆောင်ရွက်နေတာလေးတွေကို သိလိုပါတယ်ခင်ဗျာ။

ဖြေ ။ ။ အလုပ်အကိုင် အခွင့်အလမ်းတွေ ရရှိဖို့အတွက် စဉ်းစားတဲ့အခါ အဓိကအချက်နှစ်ချက်ကို စဉ်းစားပါတယ်။ ပထမအချက်က အလုပ်အကိုင်အခွင့်အလမ်းတွေကို အလုပ်သမားဈေးကွက် ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဘယ်လိုရှာဖွေမလဲဆိုတဲ့အချက် ဖြစ်ပါတယ်။

ဒုတိယအချက်ကတော့ ဒီအလုပ်အကိုင်အခွင့်အလမ်းတွေနဲ့ ဆက်စပ်မိဖို့အတွက် အလုပ်သမားတွေရဲ့ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးကို ဘယ်လို ဆောင်ရွက်မလဲဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။ အလုပ်သမားဈေးကွက်တွေ ဖွံ့ဖြိုးတိုးတက်ဖို့၊ အလုပ်အကိုင်အခွင့်အလမ်းတွေ ဆောင်ရွက်ရရှိဖို့ဆိုတဲ့ *စာမျက်နှာ ၉ ကော်လံ ၂* ▲

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုရရှိမှုဇယား

အဆင့်	နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
၁	အင်ဒိုနီးရှား	၆၃	၄၄	၃၅	၁၄၂
၂	ထိုင်း	၅၆	၅၆	၄၄	၁၅၆
၃	ဗီယက်နမ်	၃၃	၄၇	၄၈	၁၂၈
၄	မလေးရှား	၃၂	၂၃	၁၉	၇၄
၅	မြန်မာ	၂၂	၂၀	၂၄	၆၆
၆	ဖိလစ်ပိုင်	၁၀	၁၃	၁၅	၃၈
၇	စင်ကာပူ	၆	၅	၃	၁၄
၈	ဘရူနိုင်း	၂	၃	၄	၉
၉	ကမ္ဘောဒီးယား	၂	၁	၁	၄
၁၀	လာအို	၀	၁	၃	၄

ရန်ကုန်မဟာကုန်စည်ပြပွဲ (၂၀၁၄) ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၇

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ-မင်းထက်**

တိုးတက်ပြောင်းလဲလာသော ခေတ်နှင့်အညီ ဆန်းသစ်သောနည်းပညာနှင့် ကုန်ပစ္စည်းများကို ပြည်သူများအတွက် တစ်နေရာတည်း ဝန်ဆောင်မှုပေးမည့် ဒုတိယအကြိမ် ရန်ကုန်မဟာကုန်စည်ပြပွဲ (၂၀၁၄) ဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါ ကုန်စည်ပြပွဲကြီးတွင် ပြည်တွင်း၊ ပြည်ပမှ ကုမ္ပဏီ ၅၅ ခုက ပြခန်းပေါင်း ၈၀ ဖြင့် ဇန်နဝါရီ ၁၇ ရက်မှ ၂၀ ရက်အထိ လေးရက်တိုင်တိုင် ပြသမည်ဖြစ်ရာ ပြည်တွင်းပြည်ပမှ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ အီလက်ထရွန်နစ်နှင့် လျှပ်စစ်ပစ္စည်းများ၊ အိမ်ရာအဆောက်အအုံအရောင်းပြခန်းနှင့် အိမ်တွင်းအလှဆင်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ အလှကုန်နှင့်လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်နှင့် ဖက်ရှင်အသုံးအဆောင်ပစ္စည်းများ၊ *စာမျက်နှာ ၁၃ ကော်လံ ၅* ●

ဒုတိယအကြိမ်မြောက် ဖွင့်လှစ်လိုက်သည့် ရန်ကုန်မဟာကုန်စည်ပြပွဲကြီး။

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

Toyota Wish(2003)2.0
(၉င/ငါးထောင်ကျော်) Z-Grade
ကြော်ငြာပွဲစားမလို။
ဖုန်း-၀၉-၅၀၈၁၉၉၆

Full Auto

PH 09 731 99 410

09420035682, 73199257

ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှင့် ဆုမွန်ကောင်းတောင်းခြင်း

CK CONCRETE KING Concrete Manufacturing Co.,Ltd သည်

အင်္ဂလန်နိုင်ငံ (United Kingdom Accreditation Service/UKAS) အသိအမှတ်ပြု

ISO 9001:2008 (Quality Management System) QMS အရည်အသွေးမြင့် စီမံခန့်ခွဲမှုစနစ်အား၊

(The Manufacturing and Provision of Ready Mixed Concrete) Scope,

ISO Certificate Number TH13/7294 ဖြင့် ISO Certificate ကို

ဆိုက်ဆိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့သည့်အတွက်

ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်ပေါင်းများစွာတိုင် ရေရှည်တိုးတက်အောင်မြင်ပါစေကြောင်း

ဆုမွန်ကောင်းတောင်းအပ်ပါသည်။

- SHWE KHIT AUNG Construction Co., Ltd
- Cargo Link Co., Ltd
- Integrated Communication Co., Ltd
- SUNDAY SUN Co., Ltd
- New Wave Wood Base Factory
- ASIA SUN GROUP Co., Ltd
- Zin Htet Trading Co., Ltd
- PEMCO COMPANY LIMITED
- PACIFIC ASIA HI-TECH CONSTRUCTION
- Mother Construction Co., Ltd
- Real Home Construction Co., Ltd
- Nippo Cooperative Society Ltd
- KMA Group of Companies
- Myanmar Elephant Steel Industrial Co., Ltd
- GOLDEN GATE Engineering & Construction Co., Ltd

CK Contact Us : 01-618830, 01-618831, 01-618832, 01-618833

ပန်း ထိုး ဝက်

ဖုန်း: 563033, 0973191322

တိုက်ခန်းအမြန်ငှားရန်ရှိသည်

အဲကွန်းသုံးလုံး၊ Master Bed Room တစ်ခန်း၊ အပိုအိပ်ခန်းနှစ်ခန်း၊ HK နှစ်လွှာ၊ ပါကေးခင်း၊ ယောမင်းကြီးလမ်း(ဒဂုံမြို့နယ်)

ဖုန်း-၀၉-၅၁၅၇၃၃၄

ဆရာ ဦးဝင်းဆိုင် ဆရာ ဦးခင်မောင်အေး

C5

(၅) တန်း မှ (၁၀) တန်း အထိ

ပညာဗိုလ် ၏ ပန်းပျိုးလက်

(BIO / ECO)

FAME Uritec®

For urinary tract infection

ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME Nature C®

Natural vitamin C supplement

ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

Myanmar Environment Institute (MEI)

မြန်မာ့ပတ်ဝန်းကျင်သိပ္ပံ

Certificate of Environmental Studies (9th Batch)

- Ecosystems; Terrestrial and Aquatic Ecosystems
- Biodiversity and its Conservation
- Introduction to Environmental Geology
- Pollution and Urban Environment
- Social Issues and Environment
- Environmental Management, Planning and Law Enforcement
- Introduction to Environmental Management System (EMS)
- Field Work

Myanmar Environment Institute (MEI)

တိုက်(C), အခန်း(005), Delta Plaza

ဖုန်း - 09-420109463, 09-73013448

KhaingKhaing SangDa Motorcar

Khaing Khaing SangDa Motorcar ... Brand New , MPV နှင့် Light Truck ... Model ...

KHAING KHAING SANG DA MOTORCAR FACTORY

YANGON SHOWROOM

MANDALAY SHOWROOM

7960000 5990000 6660000 15900000 7990000 15900000 12500000 6990000

ကာရုဏာစင်တာ ပညာ၊ ကျန်းမာ၊ ဆောက်ပုံစောင့်ရှောက်မှုနှင့် ကာရုဏာ ကုသိုလ်ဖြစ်ဆေးခန်းတည်ဆောက်ခြင်း ပါဝင်လှူဒါန်းနိုင်

Account No. 007 301 00702491201

Dictionary for All

သာကျွန်

အင်္ဂလိပ်-မြန်မာ

အဘိဓာန်

မိန်းကလေး

ချားရည်ဆမ်း

ဆရာဝန်များ ဦးစီးသည်

စံပြဘော်ဒါ

Air-Con

ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ဘိုကလေးမြို့နယ်တရားမရုံး၌

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၂၂၀

ဦးကျော်မြင့် **နှင့်** ဦးထွန်းညို

တရားလို **တရားပြိုင်**

ဖျာပုံမြို့နယ်၊ အမာမြို့နယ်ခွဲ၊ တယ်ပင်ဆိပ်ကျေးရွာအုပ်စု၊ နောက်ပြန်တိုးကျေးရွာနေ ဦးထွန်းညို (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကျွဲဖိုးငွေနှင့် ခွာနင်းခအတွက် ငွေစုစုပေါင်း-၁၈၅၀၀၀ိ/- ရလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇန်နဝါရီ ၂၃ရက် (၁၃၇၅ခုနှစ် ပြာသိုလပြည့်ကျော် ၈ ရက်) မွန်းမတည့်မီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငွေချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သဇင်စိုး)

မြို့နယ်တရားသူကြီး

ဘိုကလေးမြို့နယ်တရားရုံး

တစ်ဦးတည်းဖြစ်ပါကြောင်း

လားရှိုးတက္ကသိုလ်မှ တတိယနှစ် (သချာၤအထူးပြု) အောင်မြင်ပြီးသူ မနန်းခမ်းယုံ ၁၃/ဟပတ(နိုင်)၀၁၉၇၂၅၏ ဖခင် ဦးဆိုင်ငို့နှင့် ဦးအိုက်ငို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ပြင်ဆင်ဖတ်ရှုပါရန်

၉-၁၁-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၂၂တွင် ပါရှိသော ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် ဒေါ်ခင်ရီ ၁၂/မရက(နိုင်)၀၅၃၈၄၁အစား ဒေါ်ခင်ရီ ၁၂/မရက(နိုင်)၀၅၃၄၈၁ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက် အုန်းပင်လမ်း၊ အမှတ်(၅၅)၊ လေးလွှာ၊ ပေ(၂၅×၅၀)ရှိ တိုက်ခန်းနှင့် ပတ်သက်၍ အများသိစေရန် သတိပေးကြေညာချက်

ရောင်းသူ ဒေါ်ခင်စောဝင်း ၁၂/အလန(နိုင်)၀၃၄၆၄၄က ၎င်းသည် အထက်ဖော်ပြပါ တိုက်ခန်းကို မြေရှင်ဦးကြိုင်၏သမီး ဒေါ်သင်းသင်းကြိုင်ထံမှ ၁၀-၈-၂၀၁၂ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်စာချုပ်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့ကြောင်း ဝန်ခံလျက် ကျွန်ုပ်မိတ်ဆွေ ဒေါ်ခိုင်ဇင်သက်ထားအားရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကမ်းလှမ်းသော တန်ဖိုးဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်သဘောတူသဖြင့် တိုက်ခန်းအရောင်းအဝယ် စရန်ပေးကတိစာချုပ်ချုပ်ဆိုပြီး ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ် စရန်ပေးကတိစာချုပ် အတည်ဖြစ်နေစဉ် သူတစ်ပါးနှင့် နောက်ထပ်ပြုလုပ်သော အရောင်းအဝယ် သဘောတူကတိစာချုပ်များသည် ဥပဒေအရ ပျက်ပြယ်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ရောင်းမှားဝယ်မှားမဖြစ်စေရန်အတွက် အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်မောင်သန်း

တရားလွှတ်တော်ရှေ့နေ (စဉ်-၂၈၆၅)၊

တိုက်(၂၇၄)၊ အခန်း(၁၅)၊ အရှေ့ရန်ကင်း၊ (၂)ရပ်ကွက်၊

ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၈၇၀၃၃

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၄၊ မြေကွက်အမှတ် ၁၇၂၁/ခ၊ မြေကွက်တည်နေရာ အမှတ်-၁၇၂၁/ခ၊ ရွှေလင်းယုန်လမ်း၊ ၁၀၄ ရပ်ကွက်၊ ဒဂုံတောင်မြို့နယ် ဦးအောင်ကျော်ဦး အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးအောင်ကျော်ဦးထံမှ အရပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဦးဝင်းမောင် ၁၂/မရက(နိုင်)၀၇၈၉၁၇က ပါမစ်ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်ထောက်ခံချက်များနှင့် ကျမ်းကျိန်လွှာတင်ပြ၍ နှစ်၆၀ မြေငှားစာချုပ် ဂရန်သစ်လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေး

ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၊ မြေကွက်အမှတ် ၂၉၄/ခ၊ မြေကွက်တည်နေရာအမှတ်-၂၉၄/ခ၊ ဗြဟ္မာစိုရ်လမ်း၊ ၆ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးချစ်ထွန်း အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးချစ်ထွန်းနှင့် ဇနီး ဒေါ်ထွေးကြည် ကွယ်လွန်သဖြင့် ဒေါ်ခင်မာကြည် ၁၂/ဥကတ(နိုင်)၀၅၀၀၀၆၊ ဦးအောင်ဆန်း ၁၂/ဥကတ(နိုင်)၀၅၀၃၂၂၊ ဒေါ်သန်းသန်းနု ၁၂/ဥကတ(နိုင်)၀၅၀၃၂၅၊ဒေါ်သန်းသန်းဌေး ၁၂/ဥကတ(နိုင်)၀၅၀၀၁၃တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေး

ကော်မတီ

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ။

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)

မန္တလေးခရိုင်တရားရုံးတော်၌

၂၀၁၄ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၂

ကွယ်လွန်သူ ဦးကျော်အောင် ၉/မရမ(နိုင်)၀၆၀၆၂၅ ၏ ကျန်ရှိရစ်သော ပစ္စည်းအကြောင်း။

ဒေါ်တင်တင်ဦး **လျှောက်သူ**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်နေ ဒေါ်တင်တင်ဦး ၉/မရမ(နိုင်)၀၆၀၆၂၇က ကွယ်လွန်သူ ဦးကျော်အောင်၏ တရားဝင်ဇနီးဖြစ်သည်ဟူ၍ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်နေ ၎င်းကွယ်လွန်သူ ဦးကျော်အောင်မှာ ကျန်ရှိရစ်သောပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံးတော်၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးကျော်အောင်မှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးတော်သို့ ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၇ ရက် (၁၃၇၅ခုနှစ် တပို့တွဲလဆန်း ၈ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်တင်တင်ဦး၏ လျှောက်ချက်ကိုနားကြား၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ခုနှစ် ဇန်နဝါရီ ၁၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စုစုဝင်း)

တွဲဖက်ခရိုင်တရားသူကြီး(၂)

မန္တလေးခရိုင်တရားရုံး

KBZ Bank Account No.030 12 100 73 733



TOP အမှတ်တံဆိပ် မွေးမြူရေးသုံး ကြက်အစာခွက်၊ ကြက်အစာဗန်း၊ ကြက်သောက်ရေခွက် (၁ဂါလံ/၂ဂါလံ)၊ ကြက်ဥတင် (အကြီး/အသေး) တို့ကို ဈေးနှုန်းချိုသာစွာဖြင့် လက်လီ/လက်ကား ရောင်းချပေးနေပါသည်။

KK မွေးမြူရေးဆေးဝါးနှင့်ကိရိယာဆိုင်

01-642028, 642065, 248036
01-386755, 09-73151866

ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ ပဥ္စမအကြိမ် ဓမ္မမိသားစု ဆုံစည်းပွဲ ဖိတ်ကြားလွှာ

ပဏ္ဍိတာရာမ ဆရာတော်ကြီး၏ ဩဝါဒတော်ကို ခံယူလိုက်နာ၍ ရိပ်သာများ၏ လုပ်ငန်းတာဝန်များ တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်နှင့် သာသနာရေးလုပ်ငန်းများ ရေရှည်လည်ပတ်နိုင်ရေး ဆွေးနွေးညှိနှိုင်းတိုင်ပင်ကြရန် ဓမ္မမိသားစု ဆုံစည်းပွဲ ကျင်းပလာခဲ့သည်မှာ ငါးကြိမ်တိုင်ခဲ့ပါပြီ။

ပြည်တွင်းပြည်ပရှိ ပဏ္ဍိတာရာမဆိုင်ရာ ရိပ်သာများနှင့် တပည့်အပေါင်းသည် ဆရာတော်ကြီး၏ အေးမြသော မေတ္တာရိပ်တွင် ခိုနားရင်း နွေးထွေးလှသည့် ပဏ္ဍိတာရာမ ဓမ္မမိသားစု ဆုံစည်းပွဲသို့ ဗုဒ္ဓမြတ်စွာသာသနာတော် တိုးတက်စည်ကားပြန့်ပွားရေးကို ရှေးရှုလျက် ပဏ္ဍိတာရာမ ဓမ္မသွေးရင်းနှင့် သွေးမကင်းသူအားလုံး ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၊ ၂၊ ၃ ရက်
၂၀၁၄ ခုနှစ် ဇန်နဝါရီ ၃၁၊ ဖေဖော်ဝါရီ ၁၊ ၂ ရက်

နေရာ - ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ
အမှတ် ၈၀(က)၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၃၅၄၄၈၊ ၇၀၅၅၂၅

ဆည်းဆာဓမ္မသဘင်အတွက် စုရပ်အလိုက် ကားကြိုပို့ စီစဉ်ထားပါသည်။ ရုံးခန်းတွင် စုံစမ်းနိုင်ပါသည်။

ထေရဝါဒ ဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့
ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာ

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

Dyna,XZU 346 ခေါင်းကျဉ်း၊
၁၄ ပေ၊ 4900cc, ရှေ့ရှော့ဘား၊
နောက်လေး၊ 2004 ၊
price ကျပ်သိန်း ၁၄၀၊
ဖုန်း-၀၉-၅၁၀၅၃၆၈

ဝိပဿနာပညာမိတ်ဆက်သင်တန်း

အထက(၂) ရန်ကင်း (ကျောက်ကုန်း/စိန်မိုက်ကယ်)

အကြိမ်(၂၀)မြောက် အာစရိယပူဇော်ကန်တော့ပွဲ

၁၉၅၉-၆၀ မှ ၂၀၁၃ခုနှစ်အထိ ကျောင်းသား ကျောင်းသူဟောင်းများ

၁၉၅၉-၆၀ခုနှစ်မှ ၂၀၁၃ခုနှစ်အထိ ကျောင်းသား ကျောင်းသူများ၏အကြိမ်(၂၀)မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲကို ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၉ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီမှ စတင်၍ အထက(၂)ရန်ကင်း ကျောင်းခန်းမဆောင်တွင် ကျင်းပမည်ဖြစ်ပါသောကြောင့် ကျောင်းသား ကျောင်းသူများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေများအား အောက်ပါသူငယ်ချင်းများထံတွင် ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဆက်သွယ်ရန်-

အထက(၂)ရန်ကင်း	ဖုန်း-၀၁-၅၆၂၉၆၇
ဦးကြည်ဝင်း	ဖုန်း-၀၉-၅၁၁၉၇၁၀
ဦးစိန်ထွန်း	ဖုန်း-၀၉-၅၁၅၅၆၅၁
ဒေါ်ခင်မမစိုးကြည်	ဖုန်း-၀၉-၇၃၁၃၉၆၀၂
ဦးမြတ်ခိုင်(လျှပ်တစ်ပြက်)	ဖုန်း-၀၉-၉၉၂၇၀၉၈
ကိုဝင်းသော်	ဖုန်း-၀၉-၅၄၅၄၁၁၁
ဒေါက်တာဆုမွန်သော်	ဖုန်း-၀၉-၅၀၁၈၅၁၀၊ ၀၉-၇၃၁၅၄၈၀၀
ကိုဟိန်းသူပိုင်	ဖုန်း-၀၉-၅၄၀၅၅၉၆

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

Townace, MT, ပုဇဉ်းခေါင်း၊
1 ton, ဓာတ်ဆီ၊ စတီ၊ 2005၊
price ကျပ်သိန်း ၁၃၀၊
ဖုန်း-၀၉-၅၁၂၄၇၆၅

တစ်ဦးတည်းဖြစ်ပါကြောင်း

'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့၊ မန်ကောင်းရပ်ကွက်နေ(အဖ) ဦးဆမ်နေ၊ (အမိ) ဒေါ်ခမ်းလူတို့၏သမီး မယေ့ဆာနှင့် ဒေါ်အေးစံ ၁၃/ဟပတ(နိုင်) ၀၀၃၁၅၆သည် တစ်ဦးတည်းဖြစ်ပါသည်။

မယေ့ဆာ(ခ)ဒေါ်အေးစံ
၁၃/ဟပတ(နိုင်)၀၀၃၁၅၆

ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ၂၀ ရပ်ကွက်၊ ငွေလမင်းလမ်း၊ အမှတ် ၃၅၃/ခ၊ မြေတိုင်းရပ်ကွက် သကမ-၁၇၊ မြေကွက်အမှတ် ၃၅၃/ခ၊ မြေအကျယ် ပေ ၂၀× ပေ ၆၀၊ စတုရန်းပေ ၁၂၀၀ ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို မြေချပါမစ်အမည်ပေါက် ဦးရဲဝင်း ၁၂/ကမရ(နိုင်)၀၁၆၉၇၂ ထံမှ ဒေါ်ဝင်းဝင်းမြင့် ၁၂/တမန(နိုင်)၀၈၄၈၂၈ က အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိဖြစ်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် ရောင်းချခဲ့ရာ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့် ပတ်သက်၍ တစ်စုံတစ်ရာ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ မူရင်းစာရွက်စာတမ်း အထောက်အထားအပြည့်အစုံဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်မြင့်	**ဦးအောင်မျိုးခိုင်**	**ဦးကိုကြည်**
LL.B,D.B.L,D.M.L,D.I.L	**LL.B**	**B.Sc,Dip.Aq,H.G.P, R.L,D.B.L,D.M.L, D.I.L,DIR,WIPO (Switzerland)**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**	**တရားလွှတ်တော်ရှေ့နေ**
ဖုန်း-၀၉-၄၃၀၃၂၁၈၁	**ဖုန်း-၀၉-၇၃၁၀၂၃၆၄**	**ဖုန်း-၀၉-၄၂၁၁၂၄၀၂၂**

အမှတ် (၈၈၀)၊ ၁၁ လမ်း၊ ၁၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၆၃ ရပ်ကွက်၊ ရွှေလီလမ်း၊ မြေကွက်အမှတ် ၂၈၁၀ နှင့် ၄င်းမြေကွက်ပေါ်ရှိ အဆောက်အအုံနှင့် ပတ်သက်၍ အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြန်မာ့ဂုဏ်ရောင်အိမ်ရာ၊ ပုလဲဂေဟာ၊ အမှတ် ၆၃ နေ ဦးဇော်ဝင်း (TME-033691) နှင့် ဒေါ်သန်းသန်းဦး ၁၂/ဒဂတ(နိုင်)၀၃၆၅၄၅ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

တောင်ဒဂုံမြို့နယ်၊ တောင်ဒဂုံစက်မှုဇုန်(၂)၊ ၆၃ ရပ်ကွက်၊ ရွှေလီလမ်း၊ အမှတ် ၂၈၁၀၊ ဧရိယာပေ (၄၀×၆၀)မြေနှင့် မြေကွက်ပေါ်ရှိ ဂိုဒေါင်အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်များအား ဂရန်အမည်ပေါက် ပိုင်ဆိုင်သော ဦးထွန်းခင်ထံမှ ဦးဇော်ဝင်းက မြေဂရန်မူရင်းနှင့်တကွ လက်ရောက်လွှဲပြောင်းဝယ်ယူ၍ လက်ရှိပိုင်ဆိုင်လျက်ရှိပါသည်။

အဆိုပါ မြေနှင့် အဆောက်အအုံတို့အား ကျူးကျော်ခြင်း၊ ဖျက်ဆီးခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ဂရန်မိတ္တူလျှောက်ထားခြင်းများ မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက ကျွန်ုပ်မိတ်ဆွေမှ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြင့်မြတ်ဉာဏ်(ဥပဒေတွဲ)	**ဦးကျော်ကျော်မိုး (ဥပဒေတွဲ)**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**

(ရုံး)၊ ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။
ဖုန်း-၀၉-၄၂၅၂၉၀၃၄၄

MBA/DMA ဝင်ခွင့်
GMAT, Reasoning & English
ORION Business School 09-73154401
09-5115997

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ၈၄ ရပ်ကွက်၊ ကျန်စစ်သားလမ်းမ၊ မြေတိုင်း ရပ်ကွက်အမှတ် ၈၄၊ မြေကွက်အမှတ် ၆၊ မြေအကျယ် ပေ (၄၀×၆၀) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ မြို့မြေစာရင်းတွင် ဦးသိန်းတင် CF ၀၈၃၆၀၇ အမည်ပေါက် မြေချပါမစ်အမျိုးအစားဖြစ်ပြီး မူလအမည် ပေါက်ပိုင်ရှင်ထံမှ နှစ်ဦးသဘောတူ ဆက်စပ်အရောင်းအဝယ် ကတိစာချုပ်များဖြင့် လက်ရှိပိုင်ဆိုင်ထားပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဦးဆွေချမ်း ၇/တငန(နိုင်)၁၂၇၄၅၁ က ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသို့ ရောင်းချရန် ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်သည်။ ကန့်ကွက်လိုပါက ကျွန်ုပ်ထံ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ဖြိုးလတ် LL.B	**ဦးအောင်စိုး**	**ဒေါ်သီသီဟန် LL.B**
အထက်တန်းရှေ့နေ	**(တရားလွှတ်တော်ရှေ့နေ)(စဉ်-၂၁၈၂)**	**အထက်တန်းရှေ့နေ**
(စဉ်-၃၃၀၆၃)	**B.A,R.L,D.B.L,D.M.L,D.I.L**	**(စဉ်-၃၉၂၃၃)**

Aung Soe & Ace Top Intellectual Property Service
အမှတ် ၁၅၃၊ ဒုတိယထပ်၊ လမ်း ၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၇၃၂၂၄၁၄၃၊ e-mail:aung-soe.u@gmail.com

ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၈)ရပ်ကွက်၊ ဆရာစံလမ်း၊ အမှတ် (၄၁၁/က)၊ မြေကွက်အမှတ်(၄၁၁/က)၊ မြေအကျယ်ပေ(၂၀×၆၀)၊ စတုရန်းပေ ၁၂၀၀ ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြေချပါမစ်အမည်ပေါက် ဒေါ်ခင်ရွှေ (LPN-၀၃၅၃၉၁) ထံမှ ဒေါ်နီနီဝင်းက အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရှိဖြစ်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် ရောင်းချခဲ့ရာ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ တစ်စုံတစ်ရာ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ မူရင်းစာရွက်စာတမ်း အထောက်အထားအပြည့်အစုံဖြင့် လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်မြင့်	**ဦးအောင်မျိုးခိုင်**	**ဦးကိုကြည်**
LL.B,D.B.L,D.M.L,D.I.L	**LL.B**	**B.Sc,Dip.Aq,H.G.P,R.L,D.B.L, D.M.L,D.I.L,DIR,WIPO (Switzerland)**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**	**တရားလွှတ်တော်ရှေ့နေ**
ဖုန်း-၀၉-၄၃၀၃၂၁၈၁	**ဖုန်း-၀၉-၇၃၁၀၂၃၆၄**	**ဖုန်း-၀၉-၄၂၁၁၂၄၀၂၂**

အမှတ်(၈၈၀)၊ (၁၁)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်

စာအုပ်စာပေ လှူမိတ်ဆွေ

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကျန်းမာရေးဦးစီးဌာန(ရုံးချုပ်)နှင့် ဆေးရုံကြီးများတွင် အသုံးပြုရန် အောက်ဖော်ပြပါ မော်တော်ယာဉ်များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(က) Hilux Double Cab	၁၅ စီး
(ခ) Toyota Hiace (7 Seaters)	၅ စီး
(ဂ) Townace(1.5 Ton)	၃ စီး

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၆-၁-၂၀၁၄ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၁၄-၂-၂၀၁၄ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - မွန်းတည့် ၁၂ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာ၌ လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ ကျန်းမာရေးဦးစီးဌာန
ရုံးအမှတ်(၄)၊ နေပြည်တော်၊ ဖုန်း-၄၁၁၁၆၁၊ ဖက်စ်-၄၁၁၄၇၈

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ရွှေဘိုမြို့၊ ဈေးကြီးတောင်ဘက်ထိပ်နေ ဒေါ်နွဲ့နွဲ့ (ရွှေဘို-ရွှေနဂါး)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတရုံး အမိန့်ကြော်ငြာစာ (၁/၂၀၁၄) ဖြင့် ချီးမြှင့်အပ်နှင်းသော သုဓမ္မသီဂီဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခံရသည့်အတွက် မိသားစုနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

ဆရာမကြီး ဒေါ်ခင်ပို(ဝေစည်-ရွှေဘို)
ရွှေပြည်တန် ကိုယ်ပိုင်အထက်တန်းကျောင်း၊ ရွှေဘိုမြို့

အမည်ပြောင်း

ဦးငွေအောင်၏သမီး နေပြည်တော်၊ ပျဉ်းမနား၊ အထက(၂)တက္ကသိုလ်ဝင်တန်း (H) မှ မပိုပိုချစ်အား ယနေ့မှစ၍ မမို့မို့ငွေအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မမို့မို့ငွေအောင်

တစ်ဦးတည်းဖြစ်ပါကြောင်း

မြိတ်တက္ကသိုလ်၊ ရူပဗေဒအဓိက၊ ခုံအမှတ် ၃ ရပ-၃၂ ဖြင့် အောင်မြင်ခဲ့သော မသင်းသင်းမြတ်၏ဖခင် ဦးဝင်းပိန် ၆/မမန(နိုင်)၁၃၈၂၆၉ နှင့် ဦးရန်ဝင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးဝင်းပိန်(ခ)ဦးရန်ဝင်း

ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်-၃၇F၊ မြေကွက်အမှတ် ၆၇၊ ဧရိယာ ၀ဒသမ၇၈၁ဧကနှင့်မြေတိုင်းရပ်ကွက်အမှတ်-၈၂၊ မြေကွက်အမှတ်-၂၄ဂျီ၊ ဧရိယာ ၀ဒသမ၀၇၉ဧက၊ မြေကွက်တည်နေရာ-၄၇၆၊ ၄၆၉၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ မြေအမျိုးအစား၊ မြေပိုင်မြေ အမည်ပေါက် မညီရှင်(ခ)မစ္စ(စ်)သာထွန်း မြေအား ရန်ကုန်တိုင်းဒေသကြီး တရားရုံး၊ တရားမကြီးမှုအမှတ်-၃၂၁/၂၀၀၁၊ ၆-၁၁-၂၀၀၆ စီရင်ချက်နှင့် ဒီကရီအရ တရားလိုဒေါ်ခင်သန်းသန်းပါ (၁၃)ဦးနှင့် တရားပြိုင် ဒေါ်အေးအေးမြင့်ပါ(၃)ဦးတို့အပေါ် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အမိန့်ရရှိခဲ့ပြီးရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး တရားမဇာရီမှုအမှတ်-၂၃၇/၂၀၁၁အရတရားရုံးများကိုယ်စား ဘီလစ် ဒေါ်စောယုမွန် ၁၂/သကတ(နိုင်)၀၄၅၃၁၇က အရောင်းအဝယ်စာချုပ်ရန်အတွက် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဆကာကြီးမြို့၊ စေတနာရှင်-အလှူရှင်များ ဖိတ်ခေါ်ခြင်း

ဆကာကြီးမြို့၊ ကျက်သရေဆောင်ပြည်လုံးချမ်းသာဘုရားကြီး၏ အထက်အလယ်ပစ္စယာဘုံဆောင်များကို ရွှေရောင်စတီးပန်းဒေါင်အသစ်များဖြင့် ပြန်လည်တပ်ဆင်မွမ်းမံမည်ဖြစ်ပါ၍ လှူဒါန်းလိုသောစေတနာရှင်အလှူရှင်များမှ တစ်ပေပတ်လည်လျှင် ၄၀၀၀ိ/-နှုန်းဖြင့် အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဆက်သွယ်ရန်- ဦးကြည် (မင်္ဂလာဒုံ) ဖုန်း-၀၁-၆၃၆၃၂၅၊ ဦးတင်အောင် ဖုန်း-၀၉-၄၉၇၁၈၃၃၇၊ ဦးလှကြည် ဖုန်း-၀၉-၄၉၇၁၈၃၃၈၊ ဦးတိုက်စိုး ဖုန်း-၀၉-၈၅၈၁၇၃၈၊ ဦးဝင်းမြင့် ဖုန်း-၀၉-၈၅၈၁၆၇၆၊ ဦးပြုံးချို ဖုန်း-၀၉-၈၅၈၁၇၃၆၊ ဦးစံဝင်း(စမ်းချောင်း) ဖုန်း-၀၁-၅၁၀၅၈၆၊ ကိုဟန်ထွန်း(တ/ဥ) ဖုန်း-၀၁-၅၇၉၆၄၁ ထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ပေ(၂၅×၈၀) (အဆင့်မြင့်ပြင်ဆင်ပြီး ကွန်ဒို)
မင်္ဂလာဈေး၊ ယုဇနပလာဇာအနီး
7 FLOOR (LIF) ပါ။
ဖုန်း-၀၉-၂၅၄၀၁၀၃၅၆၊ ၀၉-၄၂၀၀၂၂၂၆၈၊
၀၉-၃၁၀၄၀၇၉၅

MBE မှ ဖေ့ညီတောင်တားဆေး BCB Centre တွင်
Ready to Work (Office Management)
Organization Behavior
Essential Skills
Office Management
Business English
Module (၄)
01 538531, 01 505972, E-mail:

MBE မှ တည်ထောင်ထားသော BCB Centre တွင်
Doing Business in line with The Law of Myanmar
01 538531, 01 505972, E-mail:

ခြံရောင်းမည်

စိတ်ငြိမ်ရပ်ကွက်သန့် ဘိုးဘွားပိုင်မြေ (အမည်ပေါက်) လေဆိပ်ရိပ်သာလမ်း၊ ၁၀ မိုင်၊ အကျယ်အဝန်း၊ စတုရန်းပေ ၃၀၀၀။

ဆက်သွယ်ရန်-
ဖုန်း-၀၉-၂၅၄၁၈၈၀၀၉၊
၀၉-၅၀၄၅၁၆၃

ကြည်စိုး
I.C
CERTIFICATE

ဖခင်အမည်မှန်

'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့၊ မန်ကောင်းရပ်ကွက်နေ မယေ့ဆာ(ခ)ဒေါ်အေးစံ ၁၃/ဟပတ(နိုင်)၀၀၃၁၅၆၏ ဖခင်အမည်မှန်မှာ ဦးဆမ်နေ ၁၃/ဟပတ(နိုင်)၀၀၂၀၅၃ ဖြစ်ပါသည်။

ဦးဆမ်နေ

သင်ကြားပေးသည်

ဆေးတက္ကသိုလ် ဒုတိယနှစ်မှ နောက်ဆုံးနှစ် အပိုင်း(ခ)အထိ
ဆက်သွယ်ရန်-
ဖုန်း-၀၉-၄၄၈၀၄၂၅၅၉၊
၀၉-၅၁၆၄၃၅၇

ရောင်းမည်

ရန်ကုန်မြို့၊ ပုလဲမြို့သစ်၊ ညာဏရပ်ကွက်၊ ဂန္ဓမာလမ်း၊ ရယကရုံးအနီး၊ စတုရန်းပေ၃၀၀၀၀ကျော်
(၀ဒသမ ၇၇ဧက)
ဖုန်း-၀၉-၄၃၁၉၇၈၄၈

ပျောက်ဆုံး

ကျွန်တော်များ ပင်လယ်ပြာရောင်းဝယ်ရေးကုမ္ပဏီမှ ကညနတွင်လုပ်ငန်းများဆောင်ရွက်နေစဉ်အတွင်း ကားနှင့်ပတ်သက်သည့် Custom Statement မူရင်း (ID အမှတ်-၁၇၀၇၃၇)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၃၁၈၃၆၈၂

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-လေးထောင့်ကန်၊ မြေကွက်အမှတ် ၂၃၉၊ မြေကွက်တည်နေရာအမှတ်-၄၉၊ ကန်တော်လမ်း၊ လေးထောင့်ကန် ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် ဦးငွေကိုင် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးငွေကိုင်ထံမှ အရပ်ကတိအရောင်း အဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဦးငွေစိုး ၁၂/သဃက (နိုင်)၀၉၅၁၅၃က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ကတိဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဂရန်သစ် လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မော်တော်ယာဉ်တစ်စီးအား အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချရန်ကြော်ငြာခြင်း

မွန်ပြည်နယ်၊ သမဝါယမအသင်းစုချုပ်ပိုင် မော်တော်ယာဉ်တစ်စီးအား မျက်မြင် အခြေအနေအတိုင်း အောက်ဖော်ပြပါနေ့ရက်တွင် အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

၁။ **ရောင်းချမည့်မော်တော်ယာဉ်** - ယာဉ်အမှတ် ၅က/၁၅၅၈
၂။ **ယာဉ်အမျိုးအစား** - တိုယိုတာ လိုက်အေ့(စ်)၊ ကေ/အမ်-၅၀
၃။ **ရောင်းချမည့်ရက်** - ၂၈-၁-၂၀၁၄ ရက်
၄။ **ရောင်းချမည့်အချိန်** - နံနက် ၁၁ နာရီ
၅။ **ရောင်းချမည့်နေရာ** - မွန်ပြည်နယ် သမဝါယမအသင်းစုချုပ်(ရုံးခန်း)၊ အခန်းဘီ (၁၁)၊ ရွှေသဇင်အိမ်ရာ၊ ဈေးကြိုယာဉ်နားစခန်း၊ မော်လမြိုင်မြို့

အသေးစိတ်အချက်အလက်များ သိရှိလိုပါက မွန်ပြည်နယ်အသင်းစုချုပ်ရုံးသို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
မွန်ပြည်နယ်သမဝါယမအသင်းစုချုပ်
ဖုန်း-၀၅၇-၂၁၆၂၁၊ ၀၅၇-၂၂၁၅၈

ရောင်းမည်

မြဝတီမြို့၊ မြန်မာ့နန်းရပ်ကွက်၊ မြစန္ဒီ ဂေါက်ကွင်းအနီး၊ အာရှလမ်းမကြီးဘက်လှည့်၊ ဒုတိယလမ်း၊ ပေ (၆၀×၈၀) မြေကွက်ရောင်းရန်။

ကျပ် ၁၉၅ သိန်း (ညှိနှိုင်း)

ဆက်သွယ်ရန် ဖုန်း-၀၉-၄၉၃၃၃၅၃၂၊ ၀၉-၄၂၅၀၂၄၉၀၄

မြေကွက်များဝယ်လိုသည်

ဒဂုံတောင်၊ ဒဂုံဆိပ်ကမ်း၊ ဒဂုံအရှေ့။
ဖုန်း-၀၉-၇၃၀၈၉၇၃၇၊
၀၉-၄၂၅၂၈၉၀၀၃
၀၉-၄၂၅၂၈၉၀၀၄၊ ၀၉-၄၉၃၃၉၃၅၄

လူပျောက်ကြော်ငြာ

အထက်ပါဓာတ်ပုံရှင် မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ဇင်းကျိုက်ကျေးရွာ၊ တိုးချဲ့ (၂၁)ရပ်ကွက်၊ အမှတ်(၁၃၄)နေ ဦးစိုးဝင်း၏ ဇနီး ဒေါ်အေးဝင်း(ခ)မလီးကားသည် ၂၁-၉-၂၀၁၃ရက်တွင် ပျောက်ဆုံးသွားပါသည်။ ၎င်းသည် စိတ်ကျန်းမာရေးချို့တဲ့သူတစ်ဦးဖြစ်ပါသည်။ လက်ခံထားသူ ပြန်လည်အပ်ပေးလျှင် အထူးကျေးဇူးဆပ်ပါမည်။ အားပေးအားယူ လက်ခံသွေးဆောင်ဖြားယောင်းထားသူများ တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **ဦးစိုးဝင်း ၁၀/ပမန(နိုင်)၀၀၄၅၀၂**

ဖုန်း-၀၉-၄၂၅၃၀၉၈၀၅

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂/မြောက်၊ မြေကွက်အမှတ် ၄၈၆၊ မြေကွက်တည်နေရာ အမှတ် ၄၈၆၊ ထူပါရုံ (၂၃)လမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်သန်းမြင့် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်သန်းမြင့် (မိခင်)နှင့် ဦးဘိုနီ(ဖခင်)တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁)ဦးကြည်ဦးဆွေ ၁၂/သကတ(နိုင်)၁၀၇၃၂၉ (၂)ဦးဇော်ဝင်းမော် ၉/မထလ(နိုင်)၀၄၁၅၅၄၊ (၃)ဒေါ်အန္တွဲ ၁၂/သကတ(နိုင်)၀၃၆၅၀၅၊ (၄)ဒေါ်ချိုချိုဝင်း ၁၂/သကတ(နိုင်)၁၀၀၄၀၇၊ (၅) ဒေါ်ခင်သစ်လွင် ၁၂/သကတ(နိုင်)၀၀၄၃၉၄၊ (၆)ဒေါ်နီနီသင်း၁၂/သကတ(နိုင်)၀၀၄၃၉၅၊(၇) ဒေါ်ရီရီသိန်း၁၂/သကတ(နိုင်)၀၀၄၃၉၃၊(၈) ဒေါ်သန္တာအေး ၁၂/သကတ(နိုင်)၁၄၅၆၉၈ တို့က သေစာရင်းကျမ်းကျိန်လွှာတင်ပြပြီး ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း ကြေငြာခြင်း

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/စီမံကိန်း-၂၊ မြေကွက် အမှတ် ၂၁၊ မြေကွက်တည်နေရာ အမှတ် ၂၁၊ သံသုမာလမ်းသွယ်၊ ၁၄/စီမံကိန်း တောင်ဥက္ကလာပ ဦးသာဝင်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးသာဝင်း ကွယ်လွန်သဖြင့် ဒေါ်မြမြယဉ် ၆/ထဝန(နိုင်)၀၀၄၄၈၈ က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ် ၂၀၀၄၈ (၁၈-၁၀-၁၃)ဖြင့် လွှဲအပ်ခံရသူ အထွေထွေ ကိုယ်စားလှယ် ဒေါ်အိစန္ဒာဝင်း ၆/ထဝန(နိုင်)၀၀၄၄၉၁၊ ဦးလူမော်ဝင်း ၆/ထဝန(နိုင်)၀၀၄၄၉၀ တို့က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၃-၃၄၁(၁၈-၁၀-၁၃)ကိုတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

Email : Soezin1129 @ gmail.com
B.Sc., H.GP, D.B.L., D.I.L.
Post Graduate Diploma in Law

ပါရာဂိမ်းမှာ ဆုရမြန်မာတို့ရဲ့ရွှေစကားငွေစကား

နေပြည်တော် ဇန်နဝါရီ ၁၇

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် အားကစားရုံများတွင် ဇန်နဝါရီ ၁၇ ရက်က ဆက်လက်ကျင်းပလျက်ရှိရာ ရွှေ၊ ငွေ၊ ကြေးတံဆိပ်ဆုရရှိသူ အားကစားသမားမောင်မယ်များ၏ ရွှေစကား ငွေစကားများကို မေးမြန်းစုစည်းဖော်ပြလိုက်ပါသည်။

အမျိုးသားသံပြားဝိုင်းပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ မျိုးဆွေ။ ဓာတ်ပုံ - တင်စိုး

အမျိုးသမီးတစ်ဦးချင်း စစ်တုရင်ပုံမှန်ရွှေ့ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ မနော်ဟဲဖောထူးထွေး၏ ပီတိအပြုံး။ ဓာတ်ပုံ - တင်စိုး

နော်ဟဲဖောထူးထွေး
(ရွှေတံဆိပ်၊ အမျိုးသမီးတစ်ဦးချင်း စစ်တုရင်)

"ဒီပြိုင်ပွဲက သမီးအတွက် ပထမဆုံး နိုင်ငံတကာပြိုင်ပွဲမှာ ဝင်ရောက်ဆင်နွှဲခြင်းဖြစ်ပါတယ်။ လေ့ကျင့်ခဲ့တာကတော့ အချိန်နှစ်နှစ်ခန့် ရှိပါပြီ။ ရန်ကုန်မြို့ ခဝဲခြံ မျက်မမြင်ကျောင်းမှာ နဝမတန်းတက်နေတာဖြစ်ပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင် အချိန်ယူလေ့ကျင့်ခဲ့လို့ အခုလို အောင်မြင်မှုရရှိခဲ့တာပါ။နည်းပြဆရာတွေကိုလည်း ကျေးဇူးအထူးတင်ပါတယ်။ နောက်လာမယ့် နိုင်ငံတကာ ပြိုင်ပွဲတွေမှာ ဆက်လက်ယှဉ်ပြိုင်သွားမှာဖြစ်ပြီး ရွှေတံဆိပ်တွေ ရယူနိုင်အောင် ကြိုးစားသွားမှာပါ"

မျိုးဆွေ (ရွှေတံဆိပ်နှစ်ဆု
အမျိုးသား သံပြားဝိုင်းပစ်နှင့် သံလုံးပစ်)

"အခုလို ရွှေတံဆိပ်ဆုတွေရလို့ ဝမ်းသာပါတယ်။ ဒီလိုရွှေတံဆိပ်ဆုရရှိအောင် လေ့ကျင့်ပေးခဲ့တဲ့နည်းပြတွေရော ဒီပြိုင်ပွဲကို လက်ခံကျင်းပပေးတဲ့ နိုင်ငံတော်ကိုလည်းကျေးဇူးတင်ပါတယ်။နောက်ထပ်နိုင်ငံတကာပြိုင်ပွဲတွေမှာလည်းယှဉ်ပြိုင်ခွင့်ရပြီး နိုင်ငံတော်အတွက် ဆုတံဆိပ်တွေရယူပေးချင်ပါတယ်။ နိုင်ငံတကာပြိုင်ပွဲတွေ ဆက်တိုက်ဝင်ပြိုင်သွားမှာပါ"။

ထူးထူးအောင်(ရွှေတံဆိပ်၊ အမျိုးသားလှံတံပစ်)

"ဒီပြိုင်ပွဲမှာ အကောင်းဆုံးယှဉ်ပြိုင်ခဲ့တာမို့ စံချိန်လည်းကောင်းခဲ့တယ်လို့ ဆိုရမှာပါ။ အချိန်ယူပြီး လေ့ကျင့်ခဲ့ရလို့ အခုလိုရွှေတံဆိပ်ရရှိတယ်လို့ ဆိုရမှာဖြစ်ပါတယ်။ နိုင်ငံအတွက် ရွှေတံဆိပ်ရယူပေးနိုင်ခဲ့လို့လည်း ဂုဏ်ယူပီတိဖြစ်ရပြီး ဆက်လက်ကြိုးစားသွားမှာပါ"

အောင်ထူး(ငွေတံဆိပ်၊ အမျိုးသားအလျားခုန်)

"မျှော်မှန်းခဲ့တာတော့ရွှေတံဆိပ်ပါ။ ဒါပေမယ့် ထိုင်းနိုင်ငံက ပြိုင်ဘက်က ပိုပြီးစွမ်းဆောင်နိုင်တာမို့ ငွေတံဆိပ်နဲ့ပဲကျေနပ်ခဲ့ရတာဖြစ်ပါတယ်။ နောက်ပွဲတွေမှာအကောင်းဆုံးယှဉ်ပြိုင်ပြီး ရွှေတံဆိပ်ရယူနိုင်အောင် ကြိုးစားသွားမှာပါ။ ဒီပြိုင်ပွဲမှာ ကျွန်တော့်ရဲ့ အလျားခုန်အကွာအဝေးက ၃ ဒသမ ၈၄ မီတာဖြစ်ပါတယ်"။ **(မြန်မာ့အလင်း)**

သတင်း - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ အမျိုးသမီးထိုင်လျက်ဘော်လီဘောပြိုင်ပွဲတွင် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်စဉ်။ ဓာတ်ပုံ - စိုးညွန့်

မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်သို့ စေတနာရှင်များ အလှူငွေများ လှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၁၇

(၇) ကြိမ်မြောက် အရှေ့တောင်အာရှ မသန်စွမ်းအားကစားပြိုင်ပွဲ ကျင်းပလျက်ရှိသော နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)ရှိ ဘတ်စကက်ဘော အားကစားရုံတွင် ဇန်နဝါရီ ၁၇ ရက် ညနေ ၃ နာရီက မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်သို့ သီရိသုဓမ္မသီဂီ-အဂ္ဂမဟာသီရိသုဓမ္မဆရာမကြီး ဒေါ်အေးအေးခန့်၊ သား ကိုအောင်နိုင်ဦး၊ ကိုမင်းမင်းနှင့် သမီးမအေးမြတ်ခိုင်တို့ကလှူဒါန်းရာ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်နေလင်းနှင့် မြန်မာနိုင်ငံအိုလံပစ်ကော်မတီအတွင်းရေးမှူး ၊ အားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူး ဦးမျိုးလှိုင်တို့က လက်ခံရရှိကြောင်း သိရသည်။

ဆက်လက်ပြီး သီရိသုဓမ္မသီဂီ-အဂ္ဂမဟာသီရိသုဓမ္မဆရာမကြီး ဒေါ်အေးအေးခန့် မိသားစုက ဘီးတပ်ဘတ်စကက်ဘော အားကစားသမားများကို တစ်ဦးလျှင် ငွေကျပ် ငါးသောင်းစီဖြင့် စုစုပေါင်းငွေကျပ် ခြောက်သိန်းကို ထပ်မံချီးမြှင့်သွားကြောင်း သိရသည်။ **ဇင်ဦး**

မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်သို့ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်နာယကများနှင့် သီရိသုဓမ္မသီဂီ-အဂ္ဂမဟာသီရိသုဓမ္မဆရာမကြီး ဒေါ်အေးအေးခန့် မိသားစုက ဘီးတပ်ဘတ်စကက်ဘော အားကစားသမားများကို အလှူငွေများ လှူဒါန်းစဉ်။

ဓာတ်ပုံ - ဇူလိုင်မိုး

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ အမျိုးသားတစ်ဦးချင်းမြားပစ်ပြိုင်ပွဲတွင် မင်းထွန်းအောင် ဝင်ရောက်ယှဉ်ပြိုင်စဉ်။

ဓာတ်ပုံ - တင်စိုး

အမျိုးသားတစ်ဦးချင်းမြားပစ်ပြိုင်ပွဲ မင်းထွန်းအောင် ငွေတံဆိပ်ရယူ

နေပြည်တော် ဇန်နဝါရီ ၁၇

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို နေပြည်တော်၌ ဇန်နဝါရီ ၁၇ ရက်က ဆက်လက်ကျင်းပလျက်ရှိရာ ဝဏ္ဏသိဒ္ဓိမြားပစ်အားကစားကွင်း၌ ကျင်းပသည့် အမျိုးသားတစ်ဦးချင်းမြားပစ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မသန်စွမ်းကစားသမား မင်းထွန်းအောင်က ငွေတံဆိပ်ဆုဆွတ်ခူးရရှိခဲ့သည်။

ယင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မင်းထွန်းအောင်က စုစုပေါင်း ၁၁၇ မှတ်ဖြင့် ငွေတံဆိပ်ရရှိခဲ့ခြင်းဖြစ်ပြီး မလေးရှားမှ မသန်စွမ်းကစားသမား Mr. Mohd Zafi Raman Mar Saueh က ၁၃၃ မှတ်ဖြင့် ပထမရွှေတံဆိပ် ဆွတ်ခူးရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲ၌ မလေးရှားနိုင်ငံမှပင် Mr. Yuhaizam Yahaya က ကြေးတံဆိပ်ဆုရရှိသွားခဲ့သည်။ အမျိုးသားတစ်ဦးချင်းမြားပစ်ပြိုင်ပွဲတွင် အကြိုဗိုလ်လုပွဲ၌ မြန်မာမှ မင်းထွန်းအောင်က ၁၃၂ မှတ်ဖြင့် နောက်ဆုံး ဗိုလ်လုပွဲသို့ တက်ရောက်လာခဲ့ပြီး မလေးရှားမှ Mr. Mohd Zafi Raman Mar Saueh က ၁၃၇ မှတ်ဖြင့်ဗိုလ်လုပွဲတက်လာခြင်းဖြစ်သည်။

နောက်ဆုံးဗိုလ်လုပွဲ၌ မလေးရှားမှ Mar Saueh က စုစုပေါင်း ၁၃၃ မှတ်ဖြင့် ဗိုလ်စွဲကာ ရွှေတံဆိပ်ရရှိခဲ့ခြင်းဖြစ်သည်။ နောက်ဆုံးဗိုလ်လုပွဲ၌ မင်းထွန်းအောင်သည် စုစုပေါင်း ၁၁၇ မှတ်ဖြင့် ငွေတံဆိပ်ရရှိခဲ့ပြီး မြန်မာနိုင်ငံအတွက် ငွေတံဆိပ်တစ်ခု ရယူပေးနိုင်ခဲ့သည်။

ယခု အမျိုးသားတစ်ဦးချင်း မြားပစ်ပြိုင်ပွဲ Compound Men ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ချစ်အောင်၊ ကျော်သူ၊ မင်းထွန်းအောင်နှင့် ရန်ငြိမ်းအောင်တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ၎င်းတို့သည် နိုင်ငံတကာပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ပါဝင်ဆင်နွှဲခဲ့ကြခြင်းဖြစ်သည်။ ယခုပြိုင်ပွဲတွင် မြန်မာ၊ မလေးရှား၊ ထိုင်း၊ အင်ဒိုနီးရှားနိုင်ငံတို့မှ မြားပစ်အားကစားသမားများ ပါဝင်ဆင်နွှဲခဲ့ကြသည်။

နေပြည်တော် ဝဏ္ဏသိဒ္ဓိမြားပစ်ကွင်း၌ ဇန်နဝါရီ ၁၈ ရက် နံနက်တွင် မြားပစ်ပြိုင်ပွဲများကို ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

သတင်း- အာကာဟိန်း

(၇)ကြိမ်မြောက်အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲတွင် စစ်တုရင် အမြန်ရွှေ့ အားကစားပြိုင်ပွဲကျင်းပစဉ်။

ဓာတ်ပုံ - တင်စိုး

(၇) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် အာဆီယံစံချိန်ချိုးကာ ရွှေတံဆိပ်ဆု ဆွတ်ခူးရရှိသွားသည့် မြန်မာရေကူးအဖွဲ့အား တွေ့ရစဉ်။

ဓာတ်ပုံ - ဇူလိုင်မိုး

၂၀၁၄ -၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း

(ယမန်နေ့မှအဆက်)

အခန်း (၃)

အထွေထွေ

၅။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် ပူးတွဲ(၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆) နှင့်(၇) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်းအကောင်အထည်ဖော်ကြရန်ဖြစ်သည်။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအလိုက်၊ ဒေသအလိုက်လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့်ညွှန်ကြားချက်များကို အသေးစိတ်ရေးဆွဲ ဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့်နိုင်ငံသားများ အကျိုးစီးပွားအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ရမည်။ သို့ရာတွင် အကျိုးစီးပွားဖြစ်ထွန်းမှုမရှိသော စီမံကိန်းများအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် စီးပွားရေးစီမံကိန်းများကို ဆောင်ရွက်ရာတွင် လက်ငင်း၊ ရေတိုအတွက် အကျိုးဖြစ်ထွန်းစေသော စီမံကိန်းများကို ဦးစားပေးရမည်။ ထို့ပြင် ရေရှည်အကျိုးရှိသော စီမံကိန်းများကိုလည်း မျှတစွာထည့်သွင်း စီမံဆောင်ရွက်ရမည်။

၈။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့်နိုင်ငံသားများ၏ လက်ငင်း၊ ရေတိုနှင့်ရေရှည်အကျိုးဖြစ်ထွန်းစေသော နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ထာဝရရှင်သန်စေမည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်သော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထားဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ တင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များ ပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၁၀။ အမျိုးသားစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သော စီမံကိန်းများနှင့် တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုသော စီမံကိန်းများ ပါဝင်ရမည်။

၁၁။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် အမျိုးသားစီမံကိန်းတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနက် ပုဂ္ဂလိကလုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးသင့်သော စီးပွားရေးလုပ်ငန်းများကို နှစ်အလိုက်လွှဲပြောင်းပေးမည့် စီမံကိန်းများအဖြစ် ထည့်သွင်းရေးဆွဲရမည်။

၁၂။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်းရှိ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှုရှိ မရှိ၊ ပြည်သူများအတွက် အကျိုးရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြု မပြု၊ ပတ်ဝန်းကျင်ကိုထိခိုက်မှုရှိ မရှိစသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ရရှိထားပြီးသော လုပ်ငန်းစီမံကိန်းများဖြစ်ရမည်။

၁၃။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် ဤဥပဒေအရထုတ်ပြန်သည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင်ပါရှိသည့် နိုင်ငံပိုင်အခန်းဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင်ပါရှိသော ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ရမည်။

ပြည်သူအများလေ့လာသိရှိအကြံပြုနိုင်ရန်အတွက် ဖော်ပြခြင်းဖြစ်ပါသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအရ

ကဏ္ဍကြီးများအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်

(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

အမှတ်စဉ်		ကဏ္ဍကြီး	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း)			၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း)		
			တန်ဖိုး	ပါဝင်မှုအချိုး (ရာခိုင်နှုန်း)	တိုးတက်မှုနှုန်း (ရာခိုင်နှုန်း)	တန်ဖိုး	ပါဝင်မှုအချိုး (ရာခိုင်နှုန်း)	တိုးတက်မှုနှုန်း (ရာခိုင်နှုန်း)
၁		၂	၃	၄	၅	၆	၇	၈
၁		**လယ်ယာကဏ္ဍကြီး**	**၁၅၈၆၅၂၉၆.၇**	**၃၁.၈**	**၃.၃**	**၁၆၄၈၉၃၀၈.၂**	**၃၀.၃**	**၃.၉**
	၁	လယ်ယာ	၁၁၆၃၃၁၂၈.၃	၂၃.၃	၂.၃	၁၁၉၄၄၀၈၇.၈	၂၁.၉	၂.၇
	၂	သားငါး	၄၀၈၂၈၄၄.၆	၈.၂	၆.၇	၄၄၃၉၈၀၉.၉	၈.၂	၈.၇
	၃	သစ်တော	၁၄၉၃၂၃.၈	၀.၃	-၆.၁	၁၀၅၄၁၀.၅	၀.၂	-၂၉.၄
၂		**စက်မှုကဏ္ဍကြီး**	**၁၄၃၃၈၅၇၃.၉**	**၂၈.၈**	**၁၃.၃**	**၁၅၈၂၇၆၁၂.၇**	**၂၉.၁**	**၁၀.၄**
	၁	စွမ်းအင်	၇၀၉၉၈.၉	၀.၂	၅.၅	၈၀၅၂၄.၁	၀.၂	၁၃.၄
	၂	သတ္တုနှင့်တွင်းထွက်ပစ္စည်း	၄၁၅၁၂၆.၈	၀.၈	၂၄.၆	၄၅၁၆၇၈.၆	၀.၈	၈.၈
	၃	စက်မှုလက်မှု	၁၀၇၇၈၇၃၆.၅	၂၁.၆	၁၀.၉	၁၁၈၀၂၃၈၄.၁	၂၁.၇	၉.၅
	၄	လျှပ်စစ်ဓာတ်အား	၅၇၃၈၀၄.၄	၁.၂	၁၃.၈	၆၄၀၂၀၆.၈	၁.၂	၁၁.၆
	၅	ဆောက်လုပ်မှု	၂၄၉၉၉၀၇.၃	၅.၀	၂၂.၇	၂၈၅၂၈၁၉.၁	၅.၂	၁၄.၁
၃		**ဝန်ဆောင်မှုကဏ္ဍကြီး**	**၁၉၆၆၄၉၄၂.၇**	**၃၉.၄**	**၁၀.၇**	**၂၂၁၁၃၄၂.၄**	**၄၀.၆**	**၁၂.၄**
	၁	ပို့ဆောင်ရေး	၆၂၀၅၈၅၄.၁	၁၂.၄	၅.၁	၆၆၇၅၂၉၃.၇	၁၂.၃	၇.၆
	၂	ဆက်သွယ်ရေး	၁၅၄၇၇၂၅.၁	၃.၁	၅၇.၂	၂၆၁၄၁၇၉.၅	၄.၈	၆၈.၉
	၃	ငွေရေးကြေးရေး	၁၀၃၀၇၁.၄	၀.၂	၉၂.၇	၁၂၇၆၆၀.၄	၀.၂	၂၃.၉
	၄	လူမှုရေးနှင့်စီမံခန့်ခွဲရေး	၁၁၄၄၂၉၆.၀	၂.၃	၂၇.၈	၁၃၈၆၉၃၉.၇	၂.၆	၂၁.၂
	၅	ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု	၁၁၁၉၆၇၃.၆	၂.၃	၁၅.၇	၁၂၅၁၁၃၁.၄	၂.၃	၁၁.၇
	၆	ကုန်သွယ်မှု	၉၅၄၄၃၂၂.၅	၁၉.၁	၆.၆	၁၀၀၅၆၁၃၇.၇	၁၈.၄	၅.၄
၄		**အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)**	**၄၉၈၆၈၈၁၃.၃**	**၁၀၀.၀**	**၈.၉**	**၅၄၄၂၈၂၆၃.၃**	**၁၀၀.၀**	**၉.၁**

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအရ

ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်

(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

အမှတ်စဉ်		ကဏ္ဍ	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း)			၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း)		
			တန်ဖိုး	ပါဝင်မှုအချိုး (ရာခိုင်နှုန်း)	တိုးတက်မှုနှုန်း (ရာခိုင်နှုန်း)	တန်ဖိုး	ပါဝင်မှုအချိုး (ရာခိုင်နှုန်း)	တိုးတက်မှုနှုန်း (ရာခိုင်နှုန်း)
၁		၂	၃	၄	၅	၆	၇	၈
၁		**ထုတ်လုပ်မှုတန်ဖိုး**	**၃၀၂၀၃၈၇၀.၆**	**၆၀.၆**	**၇.၈**	**၃၂၃၁၆၉၂၀.၉**	**၅၉.၄**	**၇.၀**
	၁	လယ်ယာ	၁၁၆၃၃၁၂၈.၃	၂၃.၃	၂.၃	၁၁၉၄၄၀၈၇.၈	၂၁.၉	၂.၇
	၂	သားငါး	၄၀၈၂၈၄၄.၆	၈.၂	၆.၇	၄၄၃၉၈၀၉.၉	၈.၂	၈.၇
	၃	သစ်တော	၁၄၉၃၂၃.၈	၀.၃	-၆.၁	၁၀၅၄၁၀.၅	၀.၂	-၂၉.၄
	၄	စွမ်းအင်	၇၀၉၉၈.၉	၀.၂	၅.၅	၈၀၅၂၄.၁	၀.၂	၁၃.၄
	၅	သတ္တုနှင့်တွင်းထွက်ပစ္စည်း	၄၁၅၁၂၆.၈	၀.၈	၂၄.၆	၄၅၁၆၇၈.၆	၀.၈	၈.၈
	၆	စက်မှုလက်မှု	၁၀၇၇၈၇၃၆.၅	၂၁.၆	၁၀.၉	၁၁၈၀၂၃၈၄.၁	၂၁.၇	၉.၅
	၇	လျှပ်စစ်ဓာတ်အား	၅၇၃၈၀၄.၄	၁.၂	၁၃.၈	၆၄၀၂၀၆.၈	၁.၂	၁၁.၆
	၈	ဆောက်လုပ်မှု	၂၄၉၉၉၀၇.၃	၅.၀	၂၂.၇	၂၈၅၂၈၁၉.၁	၅.၂	၁၄.၁
၂		**ဝန်ဆောင်မှုတန်ဖိုး**	**၁၀၁၂၀၆၂၀.၂**	**၂၀.၃**	**၁၅.၀**	**၁၂၀၅၅၂၀၄.၇**	**၂၂.၂**	**၁၉.၁**
	၁	ပို့ဆောင်ရေး	၆၂၀၅၈၅၄.၁	၁၂.၄	၅.၁	၆၆၇၅၂၉၃.၇	၁၂.၃	၇.၆
	၂	ဆက်သွယ်ရေး	၁၅၄၇၇၂၅.၁	၃.၁	၅၇.၂	၂၆၁၄၁၇၉.၅	၄.၈	၆၈.၉
	၃	ငွေရေးကြေးရေး	၁၀၃၀၇၁.၄	၀.၂	၉၂.၇	၁၂၇၆၆၀.၄	၀.၂	၂၃.၉
	၄	လူမှုရေးနှင့်စီမံခန့်ခွဲရေး	၁၁၄၄၂၉၆.၀	၂.၃	၂၇.၈	၁၃၈၆၉၃၉.၇	၂.၆	၂၁.၂
	၅	ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု	၁၁၁၉၆၇၃.၆	၂.၃	၁၅.၇	၁၂၅၁၁၃၁.၄	၂.၃	၁၁.၇
၃		**ကုန်သွယ်မှုတန်ဖိုး**	**၉၅၄၄၃၂၂.၅**	**၁၉.၁**	**၆.၆**	**၁၀၀၅၆၁၃၇.၇**	**၁၈.၄**	**၅.၄**
၄		**အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)**	**၄၉၈၆၈၈၁၃.၃**	**၁၀၀.၀**	**၈.၉**	**၅၄၄၂၈၂၆၃.၃**	**၁၀၀.၀**	**၉.၁**

တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်စီမံကိန်းအရ

အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်

(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

အမှတ်စဉ်	တိုင်းဒေသကြီး/ပြည်နယ်	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း)			၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း)		
		တန်ဖိုး	ပါဝင်မှုအချိုး (ရာခိုင်နှုန်း)	တိုးတက်မှုနှုန်း (ရာခိုင်နှုန်း)	တန်ဖိုး	ပါဝင်မှုအချိုး (ရာခိုင်နှုန်း)	တိုးတက်မှုနှုန်း (ရာခိုင်နှုန်း)
၁	၂	၃	၄	၅	၆	၇	၈
၁	ကချင်ပြည်နယ်	၁၂၃၇၂၂၁.၇	၂.၅	၈.၄	၁၂၆၁၇၅၅.၆	၂.၃	၂.၀
၂	ကယားပြည်နယ်	၁၇၈၂၄၈.၀	၀.၄	၈.၀	၁၉၆၃၂၀.၅	၀.၄	၁၀.၁
၃	ကရင်ပြည်နယ်	၈၆၉၂၀၃.၈	၁.၇	၈.၆	၁၀၀၂၇၄၈.၉	၁.၉	၁၅.၄
၄	ချင်းပြည်နယ်	၁၇၄၄၉၇.၆	၀.၄	၈.၈	၂၂၀၆၀၂.၄	၀.၄	၂၆.၄
၅	စစ်ကိုင်းတိုင်းဒေသကြီး	၅၇၇၅၀၈၂.၈	၁၁.၆	၉.၅	၆၃၂၉၀၁၅.၉	၁၁.၆	၉.၆
၆	တနင်္သာရီတိုင်းဒေသကြီး	၁၇၀၃၀၄၆.၃	၃.၄	၇.၄	၁၈၆၃၁၀၁.၃	၃.၄	၉.၄
၇	ပဲခူးတိုင်းဒေသကြီး	၄၂၉၈၅၇၂.၃	၈.၆	၈.၇	၄၆၇၂၇၄၅.၃	၈.၆	၈.၇
၈	မကွေးတိုင်းဒေသကြီး	၄၇၈၀၆၅၁.၆	၉.၆	၈.၀	၅၁၇၀၃၁၉.၀	၉.၅	၈.၂
၉	မန္တလေးတိုင်းဒေသကြီး	၅၅၂၉၀၀၄.၅	၁၁.၁	၇.၀	၆၂၁၃၉၇၆.၇	၁၁.၄	၁၂.၄
၁၀	မွန်ပြည်နယ်	၂၁၃၃၈၄၆.၃	၄.၃	၉.၁	၂၃၅၅၇၉၀.၀	၄.၃	၁၀.၄
၁၁	ရခိုင်ပြည်နယ်	၁၉၁၄၃၁၈.၈	၃.၈	၆.၂	၂၀၂၂၈၉၅.၀	၃.၇	၅.၇
၁၂	ရန်ကုန်တိုင်းဒေသကြီး	၁၁၀၇၉၄၅၀.၁	၂၂.၂	၈.၀	၁၂၁၁၂၈၀၆.၈	၂၂.၃	၉.၃
၁၃	ရှမ်းပြည်နယ်	၃၅၂၃၄၀၄.၄	၇.၁	၆.၁	၃၆၉၉၇၉၉.၁	၆.၈	၅.၀
၁၄	ဧရာဝတီတိုင်းဒေသကြီး	၅၆၅၉၆၃၃.၉	၁၁.၃	၅.၆	၆၀၀၇၈၅၄.၆	၁၁.၀	၆.၂
၁၅	နေပြည်တော်ကောင်စီနယ်မြေ	၁၀၁၂၆၃၁.၁	၂.၀	၇၆.၇	၁၂၉၈၅၃၂.၂	၂.၄	၂၈.၂

ဥပဒေကြမ်း

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအရ
ကဏ္ဍကြီးများအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

အမှတ်စဉ်		ကဏ္ဍကြီး	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) တန်ဖိုး	ပါဝင်မှုအချိုး (ရာခိုင်နှုန်း)	၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) တန်ဖိုး	ပါဝင်မှုအချိုး (ရာခိုင်နှုန်း)	ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း)
၁		၂	၃	၄	၅	၆	၇
၁		**လယ်ယာကဏ္ဍကြီး**	**၁၇၇၂၉၃၁၈.၃**	**၂၉.၉**	**၁၈၉၁၄၄၂၁.၇**	**၂၈.၆**	**၆.၇**
	၁	လယ်ယာ	၁၃၀၅၈၆၄၀.၄	၂၂.၀	၁၃၇၅၉၀၂၉.၉	၂၀.၈	၅.၄
	၂	သားငါး	၄၅၀၉၅၁၆.၈	၇.၆	၅၀၄၄၄၁၅.၂	၇.၆	၁၁.၉
	၃	သစ်တော	၁၆၁၁၆၁.၁	၀.၃	၁၁၀၉၇၆.၆	၀.၂	-၃၁.၁
၂		**စက်မှုကဏ္ဍကြီး**	**၁၉၉၉၉၆၈၄.၆**	**၃၃.၈**	**၂၃၂၂၉၁၀၇.၉**	**၃၅.၀**	**၁၆.၁**
	၁	စွမ်းအင်	၃၇၆၇၀၉၆.၂	၆.၄	၄၄၇၅၇၂၂.၈	၆.၈	၁၈.၈
	၂	သတ္တုနှင့်တွင်းထွက်ပစ္စည်း	၇၀၈၅၁၇.၀	၁.၂	၇၁၀၃၄၄.၁	၁.၁	၀.၃
	၃	စက်မှုလက်မှု	၁၂၀၉၉၅၀၉.၄	၂၀.၄	၁၃၅၄၂၅၂၈.၉	၂၀.၄	၁၁.၉
	၄	လျှပ်စစ်ဓာတ်အား	၇၂၈၅၂၄.၇	၁.၂	၁၀၁၉၈၉၄.၁	၁.၅	၄၀.၀
	၅	ဆောက်လုပ်မှု	၂၆၉၆၀၃၇.၃	၄.၆	၃၄၈၀၆၁၈.၀	၅.၂	၂၉.၁
၃		**ဝန်ဆောင်မှုကဏ္ဍကြီး**	**၂၁၅၁၉၉၅၀.၁**	**၃၆.၃**	**၂၄၀၉၂၁၇၇.၀**	**၃၆.၄**	**၁၂.၀**
	၁	ပို့ဆောင်ရေး	၆၉၅၅၅၀၄.၁	၁၁.၇	၇၅၄၀၉၇၀.၄	၁၁.၄	၈.၄
	၂	ဆက်သွယ်ရေး	၅၆၀၇၂၆.၂	၁.၀	၅၈၈၅၃၄.၈	၀.၉	၅.၀
	၃	ငွေရေးကြေးရေး	၇၉၈၆၈.၂	၀.၁	၉၈၉၂၄.၀	၀.၁	၂၃.၉
	၄	လူမှုရေးနှင့်စီမံခန့်ခွဲရေး	၁၃၅၅၆၁၀.၁	၂.၃	၁၈၈၆၂၂၂.၁	၂.၈	၃၉.၁
	၅	ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု	၁၂၂၈၆၂၈.၄	၂.၁	၁၄၉၈၁၇၀.၃	၂.၃	၂၁.၉
	၆	ကုန်သွယ်မှု	၁၁၃၃၉၆၁၃.၁	၁၉.၁	၁၂၄၇၉၃၅၅.၄	၁၈.၉	၁၀.၁
၄		**အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)**	**၅၉၂၄၈၉၅၃.၀**	**၁၀၀.၀**	**၆၆၂၃၅၇၀၆.၆**	**၁၀၀.၀**	**၁၁.၈**

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအရ
ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

အမှတ်စဉ်		ကဏ္ဍ	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) တန်ဖိုး	ပါဝင်မှုအချိုး (ရာခိုင်နှုန်း)	၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) တန်ဖိုး	ပါဝင်မှုအချိုး (ရာခိုင်နှုန်း)	ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း)
၁		၂	၃	၄	၅	၆	၇
၁		**ထုတ်လုပ်မှုတန်ဖိုး**	**၃၇၇၂၉၀၀၂.၉**	**၆၃.၇**	**၄၂၁၄၃၅၂၉.၆**	**၆၃.၆**	**၁၁.၇**
	၁	လယ်ယာ	၁၃၀၅၈၆၄၀.၄	၂၂.၀	၁၃၇၅၉၀၂၉.၉	၂၀.၈	၅.၄
	၂	သားငါး	၄၅၀၉၅၁၆.၈	၇.၆	၅၀၄၄၄၁၅.၂	၇.၆	၁၁.၉
	၃	သစ်တော	၁၆၁၁၆၁.၁	၀.၃	၁၁၀၉၇၆.၆	၀.၂	-၃၁.၁
	၄	စွမ်းအင်	၃၇၆၇၀၉၆.၂	၆.၄	၄၄၇၅၇၂၂.၈	၆.၈	၁၈.၈
	၅	သတ္တုနှင့်တွင်းထွက်ပစ္စည်း	၇၀၈၅၁၇.၀	၁.၂	၇၁၀၃၄၄.၁	၁.၁	၀.၃
	၆	စက်မှုလက်မှု	၁၂၀၉၉၅၀၉.၄	၂၀.၄	၁၃၅၄၂၅၂၈.၉	၂၀.၄	၁၁.၉
	၇	လျှပ်စစ်ဓာတ်အား	၇၂၈၅၂၄.၇	၁.၂	၁၀၁၉၈၉၄.၁	၁.၅	၄၀.၀
	၈	ဆောက်လုပ်မှု	၂၆၉၆၀၃၇.၃	၄.၆	၃၄၈၀၆၁၈.၀	၅.၂	၂၉.၁
၂		**ဝန်ဆောင်မှုတန်ဖိုး**	**၁၀၁၈၀၃၃၇.၀**	**၁၇.၂**	**၁၁၆၁၂၈၂၁.၆**	**၁၇.၅**	**၁၄.၁**
	၁	ပို့ဆောင်ရေး	၆၉၅၅၅၀၄.၁	၁၁.၇	၇၅၄၀၉၇၀.၄	၁၁.၄	၈.၄
	၂	ဆက်သွယ်ရေး	၅၆၀၇၂၆.၂	၁.၀	၅၈၈၅၃၄.၈	၀.၉	၅.၀
	၃	ငွေရေးကြေးရေး	၇၉၈၆၈.၂	၀.၁	၉၈၉၂၄.၀	၀.၁	၂၃.၉
	၄	လူမှုရေးနှင့်စီမံခန့်ခွဲရေး	၁၃၅၅၆၁၀.၁	၂.၃	၁၈၈၆၂၂၂.၁	၂.၈	၃၉.၁
	၅	ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု	၁၂၂၈၆၂၈.၄	၂.၁	၁၄၉၈၁၇၀.၃	၂.၃	၂၁.၉
၃		**ကုန်သွယ်မှုတန်ဖိုး**	**၁၁၃၃၉၆၁၃.၁**	**၁၉.၁**	**၁၂၄၇၉၃၅၅.၄**	**၁၈.၉**	**၁၀.၁**
၄		**အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)**	**၅၉၂၄၈၉၅၃.၀**	**၁၀၀.၀**	**၆၆၂၃၅၇၀၆.၆**	**၁၀၀.၀**	**၁၁.၈**

တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏
၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စီမံကိန်းအရ
အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
(နှစ်အလိုက်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

အမှတ်စဉ်	တိုင်းဒေသကြီး/ပြည်နယ်	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) တန်ဖိုး	ပါဝင်မှုအချိုး (ရာခိုင်နှုန်း)	၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) တန်ဖိုး	ပါဝင်မှုအချိုး (ရာခိုင်နှုန်း)	ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း)
၁	၂	၃	၄	၅	၆	၇
၁	ကချင်ပြည်နယ်	၁၅၅၀၃၆၀.၃	၂.၆	၁၅၅၁၂၉၀.၅	၂.၃	၀.၁
၂	ကယားပြည်နယ်	၁၉၆၅၂၃.၅	၀.၃	၂၂၇၈၇၆.၇	၀.၃	၁၆.၀
၃	ကရင်ပြည်နယ်	၉၅၇၁၄၇.၄	၁.၆	၁၁၃၃၀၈၅.၄	၁.၇	၁၈.၄
၄	ချင်းပြည်နယ်	၁၉၂၂၉၆.၄	၀.၃	၂၄၂၄၇၀.၄	၀.၄	၂၆.၁
၅	စစ်ကိုင်းတိုင်းဒေသကြီး	၆၄၇၀၅၀၂.၀	၁၀.၉	၇၂၃၂၂၅၅.၇	၁၀.၉	၁၁.၈
၆	တနင်္သာရီတိုင်းဒေသကြီး	၃၂၅၄၈၈၆.၉	၅.၅	၃၅၃၆၁၆၆.၂	၅.၃	၈.၆
၇	ပဲခူးတိုင်းဒေသကြီး	၄၇၁၃၆၉၇.၈	၈.၀	၅၁၈၈၆၇၄.၁	၇.၈	၁၀.၁
၈	မကွေးတိုင်းဒေသကြီး	၅၄၈၅၃၂၇.၆	၉.၃	၆၁၃၉၁၃၂.၃	၉.၃	၁၁.၉
၉	မန္တလေးတိုင်းဒေသကြီး	၆၁၀၉၉၅၀.၅	၁၀.၃	၆၇၈၆၀၈၅.၆	၁၀.၃	၁၁.၁
၁၀	မွန်ပြည်နယ်	၂၃၄၈၃၁၆.၅	၄.၀	၂၆၅၈၇၁၉.၆	၄.၀	၁၃.၂
၁၁	ရခိုင်ပြည်နယ်	၂၇၉၇၈၈၈.၁	၄.၇	၂၉၅၆၄၀၆.၄	၄.၅	၅.၇
၁၂	ရန်ကုန်တိုင်းဒေသကြီး	၁၂၄၀၇၁၃၄.၁	၂၁.၀	၁၃၉၉၀၉၈၆.၅	၂၁.၁	၁၂.၈
၁၃	ရှမ်းပြည်နယ်	၃၉၀၁၆၄၉.၆	၆.၆	၄၁၇၃၄၄၆.၁	၆.၃	၇.၀
၁၄	ဧရာဝတီတိုင်းဒေသကြီး	၇၇၇၇၉၆၂.၅	၁၃.၁	၈၉၇၄၇၉၈.၂	၁၃.၆	၁၅.၄
၁၅	နေပြည်တော်ကောင်စီနယ်မြေ	၁၀၈၅၃၀၉.၈	၁.၈	၁၄၄၄၃၁၂.၉	၂.၂	၃၃.၁

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအရ ပိုင်ဆိုင်မှုအခန်းအလိုက်ရင်းနှီးမြှုပ်နှံမှုလျာထားချက်

အမှတ်စဉ်	အကြောင်းအရာ	၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) တန်ဖိုး (ကျပ်သန်း)	ပါဝင်မှု (ရာခိုင်နှုန်း)	၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) တန်ဖိုး (ကျပ်သန်း)	ပါဝင်မှု (ရာခိုင်နှုန်း)
၁	၂	၃	၄	၅	၆
၁	နိုင်ငံပိုင်	၄၉၂၈၈၂၄.၀*	၂၅.၅	၆၈၅၅၇၀၁.၈*	၂၉.၄
၂	သမဝါယမပိုင်	၁၆၇၃.၇	၀.၀၁	၂၀၅၇.၇	၀.၀၁
၃	ပုဂ္ဂလိကပိုင်	၁၄၄၁၂၁၆၇.၇	၇၄.၅	၁၆၄၃၇၁၁၃.၀	၇၀.၆
	စုစုပေါင်း	**၁၉၃၄၂၆၆၅.၄**	**၁၀၀.၀**	**၂၃၂၉၄၈၇၂.၅**	**၁၀၀.၀**

* နိုင်ငံခြားချေးငွေနှင့်အထောက်အပံ့အပါအဝင်ဖြစ်ပါသည်။